www.burmeseclassic.com

လွန်းထားထား
ဆေးတက္ကသိုလ်

# ၁၀၁ ပွင့်နှင်းဆီ



BURMESE CLASSIC .com

Art work of ... Group

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၁ ပွင့် . . . နှင်းဆီ

စာမူခွင့်ပြုချက်အမှတ် - ၁၀၃၉/၂၀၀၁ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၈၇/၂၀၀၁ (၈)

၂၀၀၁ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ထုတ်ဝေသူ. . . ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ အမှတ် ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ. . . ဦးကျော်လှိုင် (စေတနာ-OFFEST) ၅၅၇၃ အမှတ် (၅၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။



အပိုင်း(၁)


၁၀၁ ပွင့်နှင်းဆီ = ထာဝစဉ်၊ ထာဝရ ...



www.burmeseclassic.com

www.burmeseclassic.com







ထွင့်ညီက ကန်ရေပြင်ထဲသို့ ခဲလုံးတစ်လုံးကို အားကုန်လွှဲ၍ ပစ်ထည့်လိုက်လျှင် ငြိမ်သက်ကြည်လင်နေသော ကန်ရေပြင်သည် ဝဲဂယက်တစ်ခု ဖြစ်ထွန်းသွားကာ လှုပ်ရှားသွားလေသည်။ သူ့မျက်နှာကို ချစ်သူသက်တမ်း သုံးနှစ်ကျော်၊ လေးနှစ်နီးပါး ကာလအတွင်း အမြဲအလွတ်ရ ကျေညက်ခဲ့သော စာမရှိသည့် သူ တစ်ခုခု ဖြစ်နေပြီဆိုတာကို ချက်ချင်းပင် ရိပ်မိ နားလည် မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ ထွင့် ..."

ဟု စာမရီက မေးလျှင် ... သူက မျက်ခုံးများ
ႆ ထားသောမျက်နှာဖြင့် သူမကို ပြန်ကြည့်ကာ ...

ႏ၊ ဖြစ်နေတာတော့ သေချာတယ်၊ ငါ နင့်ဆီမှာ
ႏ ့စရာတစ်ခုရှိတယ် စာမရီ၊ ဒါပေမယ့် အပေးအယူ
ဘ့ လုပ်ရမယ်၊ ငါ ရိုးသားစွာ ဝန်ခံတာကို နင်
နားလည်မှုရှိပေးရမယ်၊ ငူးငူးဝါးဝါး ထ,မလုပ်ရဘူး ...
ပေါင်ဖွာပေါင်ဖွာ ထမလုပ်ရဘူး ... ဝုန်းဒိုင်းကြဲ
မပေါက်ကွဲရဘူး ... အဲ့ဒီကတိပေးရင် ငါ ပြောမယ်..."

ဟု ဆိုလေသည်။

"နင် ဘာတွေလျှောက်ပြဿနာလုပ်လာပြန်ပြီလဲ ထွင့်၊
အဲ့ဒါတွေကြောင့် နင်နဲ့ငါ မတည့်နိုင်တာ၊ အမြဲ
ပြဿနာနဲ့ ပူးတွဲနေတာပဲ ... ပြီးတော့ ငါ့ကိုကျတော့
ပြဿနာမလုပ်ရဘူးတဲ့ လာသေးတယ်၊ နင့်ပြဿနာကို
ငါ့ကိုပြောပြ၊ အဲ့ဒီပြဿနာကို သိပြီးတော့မှ ငါ ဆုံးဖြတ်
မှာပေါ့"





စာမရီကလည်း သူပြောသမျှ အမြဲခေါင်းငုံ့
ငြိမ်ခံခဲ့သူ မဟုတ်ခဲ့။ ထို့ကြောင့် သူတို့နှစ်ယောက်သည်
ဘုရားစူးချစ်သူတွေဟု ပြောရမလောက်ပင် မသင့်မြတ်ဘဲ
ချစ်နိုင်ကြသူတွေ ဖြစ်ခဲ့ပါသည်။

သူများတကာ ချစ်သူစုံတွဲတွေလို တစ်ယောက်ကို
တစ်ယောက် ယုယုယယ ကြင်ကြင်နာနာ ချစ်မြတ်နိုးကြဖို့
ထက် တွေ့လိုက်လျှင် တစ်ယောက်ကိုတစ်ယောက် ကြည့်မရ
တာ၊ ပြဿနာရှာကာ ... ရန်လိုကာ တကျက်ကျက် ရန်ဖြစ်
နေကြတာနှင့်ပင် ချစ်သက်တမ်း ရှည်ကြာခဲ့သည်မှာ ဆန်းတော့
ဆန်းကြယ်လှလေသည်။ တစ်ယောက်ကိုတစ်ယောက် ခွဲနိုင်
ခွာနိုင်သလား ဆိုတော့လည်း တစ်ရက်မတွေ့ရရင်ပင် မနေ
နိုင်သူတွေ ဖြစ်လေသည်။

"နင်က ဘယ်လို ဆုံးဖြတ်မှာတုန်း၊ ငါတောင် ငါ့ဘာသာ
ဘယ်လိုဆုံးဖြတ်ရမယ် မသိဘဲ မွှေ့ကိုက်နေတာ ...
ကဲမါ၊ ငါ ပြောမှာပါ၊ နင့်ကိုဝန်မခံရရင် ငါသစ္စာ
မရှိသလိုဖြစ်မယ်၊ ငါ့စိတ်ငါလည်း လုံမှာမဟုတ်ဘူး...



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ရဲ့ အကျင့်စရိုက်တချို့ကို နည်းနည်းပြန် ရှုတ်ပြစမ်းပါ ...”

“လာပြန်ပြီ၊ နင်လား ... နင့်စရိုက်တွေကျတော့ ငါ မကြိုက်နိုင်တာချည်းပဲဟာ၊ စိတ်ဆတ်လွန်းတယ် ... အရွဲ့တိုက်လွန်းတယ် ... စာဖွတ်ထိုး လုပ်တတ်တယ် ... မခံချင်စိတ် ကြီးမားတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတယ်၊ ကြွပ်ဆတ်တယ်၊ တဇောက်ကန်း ...”

“ဟော့ ... တော်လောက်ပြီ၊ တော်တော့ ... နင်လဲ ဘယ်ဘဝက အငြိုးတွေနဲ့ ငါ့ကို ဝေဖန်ကဲ့ရဲ့ချင်နေတယ် မသိဘူး၊ အသက်တောင်မရှူစတမ်းပဲ ...

ငါက နင့်ချစ်သူနော် ဟော့ကောင်၊ ကောင်းကွက် ကလေး ဘာလေး ရှာပါဦး ...”

“မတွေ့၊ မတွေ့ ...”

စာမရီက လက်ဝါးကလေးခါကာ နှုတ်ခမ်းက လေးကိုမဲ့၍ ပြောလေသည်။





“နင်ကရော ဘယ်လောက်ကောင်းလို့လဲ ... ငါ မပြော ချင်လို့”

“မပြောချင်ရင် မပြောနဲ့၊ နင်ပြောလို့ ငါ ဂရုစိုက်မယ် မဟုတ်။ ကဲပါ ... ပြောစမ်းပါ၊ ထွန်းညီရဲ့ ဖွင့်ဟဝန်ခံ ချက်၊ အဲ့ဒါတွေ မဟုတ်တာရတာ လုပ်ခဲ့ပြီ မသိဘူး”

သူသည် ခုမှုစပ်တွင် တကူးတက ဝန်ခံရလောက်အောင် ဘယ်လောက်ကြီးကျယ်သော အပြစ်မျိုး ကျူးလွန်ခဲ့မှန်း သူမ စိတ်ထဲက ခန့်မှန်းကြည့်သည်။

“တကယ်တော့ ငါ့ စရိုက်ဆိုးကြောင့်ပဲ၊ နင် ပြောခဲ့သမျှထဲက မခံချင်စိတ်၊ အရွဲ့တိုက်ချင်စိတ်နဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတဲ့စိတ်နဲ့ အဲ့ဒီအမှားကို ငါ ကျူးလွန်မိခဲ့တာပဲ ...”

“ဘာအမှားလဲ၊ တော်တော်ဆိုးသလားဟင် ...”

“ဆိုးတယ်၊ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်တယ် ...”

စာမရီ့ ရင်ထဲ ထိတ်ခနဲ လှုပ်ခါသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ မိန်းမဟာ ငါ လား"

မျက်လုံးများဝိုင်းလျက် မျက်တောင်မခတ်ဘဲ သူမ မေးသည်ကို သူက ခေါင်းခါကာ ...

"ဟော့အေး ... တခြားမိန်းမတစ်ယောက်ပါ"

ဟု ခပ်ဆဆ အသံဖြင့် အဖြေပေးလေသည်။ သူမ ရင်ထဲ မျက်ခနဲ အက်သွားသည်။

"ဘာ ..."

"အေး ... အဲ့ဒီ မိန်းမတစ်ယောက်က ဒီနေ့ပဲ ငါ့ကို ချစ်တယ်လို့ အဖြေပေးလိုက်တယ်၊ ငါ ဘာဆက်လုပ်ရမှန်း ..."

"နင်က မတောင်းဘဲနဲ့ ဟိုက ချစ်တယ်လို့ အဖြေပေးတာလား ..."

စာမရီ့ နှုတ်ခမ်းသည် ခြောက်သွေ့စ, ပြုလာသည်။ သူ့ မျက်နှာပေါ်တွင် ဖြေရခက်သော အရိပ်တစ်မျိုး လှစ်ခနဲ ပေါ်လာပြီး ဖျတ်ခနဲ ပြန်လည်ကွယ်ပျောက်သွားခဲ့ကာ ...



BURMESE CLASSIC .com



"နေဦး၊ နင့်ကို ငါ အစအဆုံး ရှင်းပြမှ နင် သဘောပေါက်မှာ စာမရီ ..."

ဟု ကမျာကယာ ပြောလေသည်။ သူမ ရင်ထဲတွင် ခပ်တင်းတင်း ခံစားချက်တစ်မျိုး ဝင်ရောက်လာသည်။

"ကောင်းပြီ၊ ငါ နားထောင်ပေးမယ်၊ ပြီးမှ ငါ ဘာလုပ်သင့်သလဲဆိုတာ ငါ့ဘာသာ ဆုံးဖြတ်မယ် ..."

စာမရီသည် ဆိုးရွားသော ကံကြမ္မာ၏ အနံ့အသက်တချို့ကို စတင်ရရှိသလို ခံစားရသည်။ တိုးတိတ်သော အသံတိုးတိုးကလေးသည် အာရုံထဲမှာ မြည်ဟည်းလာသည်။ ဖြစ်ခဲ့သမျှ ပြဿနာများစွာတွင် ဒီပြဿနာသည် အဆိုးဆုံး ဖြစ်လိမ့်မည်ဟု သူမက ခန့်မှန်းတွက်ဆထားပြီး ဖြစ်လေသည်။

"အဲ့ဒီမိန်းမက မာန သိပ်ကြီးတယ်ကွာ၊ ဘယ်လောက်ထိ မာနကြီးသလဲဆိုရင် ငါတို့ သူငယ်ချင်း လေးယောက်ထဲက သုံးယောက်စလုံးကို ပယ်ပယ်နှယ်နှယ် ရှင်းရက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက် ချိုးနှိမ်ပြီး ငြင်းဆန်ပစ်တဲ့အထိ မာနကြီးတယ် ...

ငါ့ရဲ့ မခံချင်စိတ်၊ အရွဲ့တိုက်ချင်စိတ်၊ ယောကျ်ားတစ်ယောက်ရဲ့ မာနကို နှိုးဆွရိုက်ပုတ်လောက်အောင်ထိ မာနကြီးတယ် ...”

“သူ့ဘာသာ မာနကြီးတာ နှစ်နဲ့ ဘာဆိုင်သလဲ ထွေ့ညီ၊ အလကားသက်သက် နှင့် သွားရှုပ်တာ ...”

“ကျွတ် ... ငါ ပြောတာ သေချာနားထောင်စမ်းပါဦး၊ ဖြတ်ဖြတ်မပြောနဲ့ ... သူက ငါ့ သူငယ်ချင်းတွေကို ဘယ်လိုငြင်းခဲ့တယ် ဆိုတာရော နှင် သိလို့လား...

တော်ရုံဆို ငါ မပြောပါဘူး၊ ငါနဲ့ အနေသာကြီးပါ ... ဒါပေမယ့် သုံးယောက်စလုံးကို သူငြင်းခဲ့တဲ့ပုံစံက ယောကျ်ားမာနတွေကို ကြွပ်ကြွပ်ကျိုးအောင် ချိုးခဲ့တာချည်းပဲကွ၊ နှင် နားထောင် ... ငါ ပြောပြမယ်”





“စဝ်နန္ဒီ” ရယ်လို့ သူမ နာမည်ထင်ရှားရခြင်း အကြောင်းမှာ ... အစွမ်းထက်မြက်လှသော သို့အားကြောင့်ချည်းသက်သက်မဟုတ်။ စီးပွားရေးလောကတွင်ပါ အောင်မြင်ကျော်ကြားလွန်းသောကြောင့် ဖြစ်လေသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သူမက Super market တစ်ခု ... အနောက်တိုင်း Cafe ဆိုင်တစ်ခု ... Beauty Saloon တစ်ခု ... Club တစ်ခုကို ဦးစီးဦးဆောင် ဖွင့်လှစ်ပိုင်ဆိုင်ထားခဲ့ပြီမို့ ... သူမသတင်းက မွှေးပျံ့စူးရှလှသည်။ အသက်အားဖြင့် အလွန်ဆုံးရှိလှ နှစ်ဆယ့်ခုနစ်၊ နှစ်ဆယ့်ရှစ်ပေါ့။ ထိုအသက်အရွယ်မှာပင် သူမက စီးပွားရေးနယ်ပယ်မှာ လျှမ်းလျှမ်းတောက်လူသိများနေပြီ။ သူမကို ပိုးပန်းလိုချင်သူတွေကလည်း မနည်းမနောပင်။ မြန်မာပြည်မှာမက၊ နိုင်ငံရပ်ခြားမှ ယောကျ်ားတွေကပင် သူမကို လိုချင်မက်မောကြလေသည်။

www.burmeseclassic.com



တော်ရုံလူလည်း မချဉ်းကပ်ရဲ။ အဲဒီအထဲမှာ ပထမဆုံးရောဂါပိုးကို စတင်သယ်ဆောင်သူက နေဒွန်း ဖြစ်လေသည်။ သူမ ရှိတတ်မည့် နေရာတွေသို့ တကောက်ကောက် လိုက်ကာ ... ရောဂါသည်းထန်ခဲ့လေသည်။ သူမကို လိုက်နေမှန်းလည်း စဝ်နန္ဒီက အလွယ်တကူပင် နားလည်သဘော ပေါက်ပါသည်။

တစ်နေ့တော့ ... နေဒွန်းက ...

"မစဝ်နန္ဒီ ... ကျွန်တော် နေဒွန်းပါ ... မနန္ဒီရဲ့ဆိုင် တွေမှန်သမျှရဲ့ Customer တစ်ယောက်ပါ ..."

ဟု စတင်မိတ်ဆက်ခြင်းဖြင့် ချဉ်းကပ်ခဲ့သည်။ သူမ စီးသောကားမှာ LANDCURISER CYGNUS အမျိုးအစား ဖြစ်သည်။

"ဟုတ်ကဲ့ ... ကျွန်မ ဘာများဆောင်ရွက်ပေးရမလဲ ရှင်"

သူမ မျက်နှာပေါ်တွင် အပြုံးရိပ်တစ်စက်မျှ မရှိ။ မာနကြောင့် ခက်ထန်သည့်ဘက်သို့ပင် ကူးချင်ချင်။





"ကျွန်တော် မနန္ဒီနဲ့ စကားနည်းနည်း ပြောချင်လို့ပါ၊ ဖြစ်နိုင်မယ်ဆိုရင် ဆိုင်တစ်ခုခုမှာ ..."

"ကျွန်မအတွက် စက္ကန့်တိုင်းဟာ ရွှေထက်တောင် တန်ဖိုးကြီးပါတယ် ... ကို ဘယ်သူ ..."

"နေဒွန်းပါ ..."

"ဆောရီးပဲ၊ ကျွန်မ ရှင်နဲ့ စကားပြောဖို့ အချိန်မပြောနဲ့ ... ခုတစ်ကြိမ် ရှင့်မျက်နှာကို တွေ့ရခြင်းဟာ နောက်ဆုံးဖြစ်စေချင်တယ် ...

ရှင် လူမှုရေးတော့ နားလည်ပါတယ်နော် ... ရှင်လို လူတစ်ယောက်အတွက် အချိန်ပေးရလောက်အောင် ကျွန်မ မမိုက်မဲဘူး ... ရှင် ဘာပြောချင်တယ်ဆိုတာ ကျွန်မ မသိဘူး မထင်နဲ့ ... တန်ရာတန်ရာ ဆိုတဲ့စကားလုံး အဓိပ္ပာယ်ကို ရှင်နားလည်ရင် နောက် ကျွန်မနောက်ကို ဘယ်တော့မှ မလိုက်နဲ့၊ ရှင့်လိုလူမျိုး ကျွန်မခြေမှာ ခြေစောင့်တောင် မခန့်ဘူး၊ ရှင်းရဲ့နော်"

ဟု သူမက ပြောချင်ရာပြောပြီး ... သူမ ကား



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြဲကြွက်ကာ ... ခပ်ကြမ်းကြမ်း မောင်းထွက်သွားခဲ့သည်။

ထိုစကားတွေကို နေဒွန်းက တစ်ခွန်းမကျန် ပြန်ပြောပြတော့ သူတို့အားလုံး အတော်အခဲမကျေနိုင် ဖြစ်ရလေသည်။

"ဟာ၊ တော်တော် လူပါးဝတဲ့ မိန်းမကွာ၊ အဲဒီလောက်တောင် ရင့်ရင့်သီးသီး ချိုးနှိမ်ပြောဖို့ မကောင်းပါဘူး၊ သူကာ မိန်းမပဲကွ၊ ဘယ်လောက်ပဲ ချော်တော်တော် ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ... တစ်နေ့တော့ ယောက်ျား ယူရမှာပဲကွ၊ နေဒွန်းကလည်း ကာလေ့ကာချေ အခြေအမြစ်မရှိတဲ့လူမှ မဟုတ်တာ ခြံစောင့်ကောင် မခန့်ဘူးတဲ့ ... ပြောရရာလား ကွာ ... ရိုင်းတဲ့မိန်းမကွာ"

နေဒွန်းက အဲဒီ့အချိုး ခံလိုက်ရသဖြင့် ပွဲဦးထွက်မှာတင် ဦးကျိုးအညွှန့်ကျိုးကာ ... သူမကို ထပ်၍ပင် မတွေ့ရဲ၊ မလိုက်ရဲ ဖြစ်သွားကာ စောစောစီးစီး လက်မြှောက်အရှုံးပေးလိုက်လေသည်။





ဒုတိယ ရောဂါကူးစက်ခံသူက ဝဏ္ဏ ဖြစ်လေသည်။

"ဒီလောက်တောင် မောက်မာတာကွာ၊ သူက ဘာမို့လို့လဲ၊ ငါ ရအောင်လိုက်ပြမယ် ... မင်းတို့စောင့်ကြည့်"

ဟု ဝဏ္ဏက ကြွေးကြော်သွားခဲ့သည်။

စဝ်နန္ဒီရဲ့ ထူးခြားချက် တစ်မျိုးမှာ သူမနှင့်ပတ်သက်မိသူတိုင်း သူမ၏ ညို့စက်ကွင်းအောက်တွင် ရုန်းထွက်မရအောင် စွဲကပ်ငြိတွယ် သွားခဲ့ခြင်းပင်ဖြစ်သည်။ ဝဏ္ဏသည် ပထမတော့ စဝ်နန္ဒီကို မုန်း၍ပင်နေသော်လည်း စဝ်နန္ဒီနှင့် ရင်းနှီးနီးစပ်ခွင့်ရအောင် ကြိုးစားရင်း ... သူမကို အရူးအမူး စွဲလမ်းလာခဲ့သည်ဟု ဆိုသည်။

ဝဏ္ဏ ချဉ်းကပ်ပုံကျတော့ တစ်မျိုးဖြစ်သည်။ သူက သူမရဲ့ကုမ္ပဏီမှာ ရှယ်ယာဝင်ခွင့်ရအောင် ကြိုးစားခဲ့ပြီးမှ ... သူမထံ ချဉ်းကပ်ခဲ့တာဖြစ်သည်။

တစ်ရက်တော့ သူမနှင့် ဝဏ္ဏ မျက်နှာချင်းဆိုင်မိကာ ... ဝဏ္ဏက ...



www.burmeseclassic.com

www.burmeseclassic.com



"မနန္ဒီ၊ ကျွန်တော် မနန္ဒီရဲ့ ရှယ်ယာဝင်တစ်ယောက်ပါ ... ဒီအချိန်က ထမင်းစားချိန်ဆိုတော့ မနန္ဒီကို ထမင်းလိုက်ကျွေးချင်ပါတယ် ... ခွင့်ပြုနိုင်မလား မသိဘူး ..."

ဟု ဖိတ်ခေါ်ကမ်းလှမ်းသည်ကို သူမက စူးရှစိမ်းနက်သော အကြည့်တစ်မျိုးဖြင့် တုံ့ပြန်ရင်း ...

"ကျွန်မက ထမင်းစားဖိတ်တိုင်း လိုက်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ ရှင် မသိဘူးထင်တယ်၊ အထူးသဖြင့် ရှင့်လို မျက်လုံးထဲမှာ အလိုရမ္မက်တွေ တောက်လောင်နေတဲ့ ယောကျ်ားမျိုးနဲ့ ကျွန်မ ဘယ်တော့မှ ထမင်းမစားဘူးမှတ် ...

ရှင့်မျက်နှာကို သေချာကြည့်မှပဲ ရှင် ဘာအကြံနဲ့ ကျွန်မကုမ္ပဏီမှာ ရှယ်ယာလာဝင်မှန်း ကျွန်မ သိခွင့်ရလိုက်တယ်၊ ရှင့်ရှယ်ယာလေး နှစ်ပြားတစ်ပဲ မြှုပ်နှံပြီး ကျွန်မကို ချဉ်းကပ်ချင်တာ မဟုတ်လား ... ဆောရီးပဲ ...





သုတကတော့ နည်းလမ်းတစ်မျိုးကို ပြောင်းလဲသုံးစွဲခဲ့သည်။ သူမ ဆဲလ်ဖုန်းကို မကြာခဏဆက်သည်။ သူမနှင့် စကားပြောခွင့်ရဖို့ ကြိုးစားသည်။ အကြိမ်များစွာပင် သူ ရှုံးနိမ့်ခဲ့ပါသည်။

နောက်ဆုံးတော့ သုတက သူမရဲ့ကားနောက်မှ တကောက်ကောက်လိုက်သောနည်းကို ပြောင်းသုံးခဲ့သည်။ ဒါကို သူမ သိမြင်သွားတော့ တုံ့ပြန်ခဲ့ပုံမှာ ရက်စက်ပြင်းထန်လှသည်။ သူမနောက်မှ လိုက်လာသော သုတကားကို ကျော်တက်ဖို့ အချက်ပေးသဖြင့် သုတက ဝမ်းသာအားရ ကျော်တက်မိစဉ် တစ်ဖက်မျက်နှာချင်းဆိုင်မှ ကားတစ်စင်း ဝင်လာသည်ကို နောက်ကျမှပင် သိခွင့်ရလိုက်သည်။

သုတ ကားခေါင်းပိုင်း တစ်ခြမ်းလုံး ပျက်စီးသွားခဲ့ကာ ... လူကတော့ စတီယာရင်နှင့် ရင်ဘတ်ဆောင့်မိကာ ရင်ဘတ်အောင့်သော ဒဏ်ရာသာ ရခဲ့သည်။

"တော်တော်ရက်စက်ပြီး ... အကျင့်ယုတ်တဲ့ မိန်းမကွာ၊ ငါ့ကို တမင် ဒုက္ခရောက်အောင် ပညာပေးလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ရှားကာ သူမကို ကားပေါ်သို့ မရောက်ရောက်အောင် ဆွဲခေါ်တွန်းပို့ပြီး ကားတံခါးကို ပိတ်ပစ်လိုက်သည်။

စာမရီသည် ကားပြတင်းမှနေ၍ သူ့မျက်နှာကို အငမ်းမရ လိုက်ကြည့်မိသည်။ သူ တကယ်ပြောနေတာလား၊ မာယာသုံးပြီး ပြောခဲ့တာလားဆိုတာကို ခုအချိန်မှာ သူမ မခွဲခြားတတ်တော့ပေ။

အရာရာ ယုံကြည်စိတ်ချခဲ့ရသော ချစ်သူသည် အချိန်မရွေး အနိုင်ပိုင်းနိုင်သည့် ပြိုင်ဘက်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်မှာ မယုံကြည်နိုင်စရာပင်။

"စာမရီ ... သွေးဆူချိန်မှာ ဘာကိုမှ မယုံလိုက်ပါနဲ့ကွာ၊ ကိုယ် စာမရီ့ကို သတိပေးနေတာပါ ...

ဒီကောင် ကိုယ်တို့ မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်မယ်လို့ ကြွေးကြော်ထားပြီးသား၊ အဲ့ဒါကို မင်း မမေ့လိုက်ပါနဲ့ ...

ခုအချိန်မှာ သူက မင်းရဲ့ချစ်သူ မဟုတ်တော့ဘူး၊ မင်းရဲ့ဘဝကို ပြောင်းလဲပစ်ဖို့ ကြိုးစားနေတဲ့လူပဲ ...





သုတကတော့ နည်းလမ်းတစ်မျိုးကို ပြောင်းလဲသုံးစွဲခဲ့သည်။ သူမ ဆဲလ်ဖုန်းကို မကြာခဏဆက်သည်။ သူမနှင့် စကားပြောခွင့်ရဖို့ ကြိုးစားသည်။ အကြိမ်များစွာပင် သူ ရှုံးနိမ့်ခဲ့ပါသည်။

နောက်ဆုံးတော့ သုတက သူမရဲ့ကားနောက်မှ တကောက်ကောက်လိုက်သောနည်းကို ပြောင်းသုံးခဲ့သည်။ ဒါကို သူမ သိမြင်သွားတော့ တုံ့ပြန်ခဲ့ပုံမှာ ရက်စက်ပြင်းထန်လှသည်။ သူမနောက်မှ လိုက်လာသော သုတကားကို ကျော်တက်ဖို့ အချက်ပေးသဖြင့် သုတက ဝမ်းသာအားရ ကျော်တက်မိစဉ် တစ်ဖက်မျက်နှာချင်းဆိုင်မှ ကားတစ်စင်း ဝင်လာသည်ကို နောက်ကျမှပင် သိခွင့်ရလိုက်သည်။

သုတ ကားခေါင်းပိုင်း တစ်ခြမ်းလုံး ပျက်စီးသွားခဲ့ကာ ... လူကတော့ စတီယာရင်နှင့် ရင်ဘတ်ဆောင့်မိကာ ရင်ဘတ်အောင့်သော ဒဏ်ရာသာ ရခဲ့သည်။

"တော်တော်ရက်စက်ပြီး ... အကျင့်ယုတ်တဲ့ မိန်းမကွာ၊ ငါ့ကို တမင် ဒုက္ခရောက်အောင် ပညာပေးလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီကွာ ... ဒီလောက်မာကျောတဲ့ မိန်းမကိုလည်း ဆက်မလိုက်ရဲတော့ပါဘူး ... ငါတို့ သုံးယောက်စလုံး အထိနာခဲ့ပြီးပြီ ... ဒီမိန်းမက ဒီတစ်သက် သူနဲ့တူတဲ့ တန်တဲ့ ယောကျ်ားလည်း ရှာတွေ့မယ့်မိန်းမ မဟုတ်ဘူး ...”

ဟု ညည်းတွားကာ သုတက တတိယမြောက် အရှုံးပေး နောက်ဆုတ်ခဲ့လေသည်။

အဲ့ဒီအချိန်မှာ သူ့ရဲ့ မခံချင်စိတ်နဲ့ မာနက ရုတ်တရက် နိုးကြွလာခဲ့တာ ဖြစ်သည်။ မိန်းမတစ်ယောက်နှင့် ယောကျ်ားသုံးယောက်မှာ ... ယောကျ်ားတွေချည်း ရှုံးနိမ့်စော်ကားခံရသမျှသည် တရားမျှတမှု မရှိသည့်ပြင်၊ အခံရခက်ဖွယ်လည်း ကောင်းလေသည်။

“ဒီလောက် မာနကြီးပြီး၊ ဘဝင်မြင့်နေတဲ့ မိန်းမ ငါနဲ့တွေ့မယ် ... ငါ သူ့ကို မရရအောင် လိုက်ပြမယ်၊ မင်းတို့စောင့်ကြည့် ... သူလိုမိန်းမမျိုးက ငါလိုယောကျ်ားမျိုးနဲ့ မတွေ့သေးလို့ ဒီလောက် မာကျောနိုင်တာ ...





ယောကျ်ားဆိုတာ အဆိပ်ရှိတဲ့သတ္တဝါဆိုတာ သူ မသိသေးဘူး၊ သူ သိအောင်တော့ ငါ လုပ်ရမယ် ...”

သူက မခံချင်စိတ်၊ ဒေါသစိတ်၊ အရွဲ့တိုက်ပြလိုစိတ်တို့ဖြင့် ပြောခဲ့သည်။

“ဟော့ကောင်၊ ဖြစ်ပါ့မလား ... မင်းက စိတ် အင်မတန်ဆတ်တဲ့ကောင်နော်၊ ပြီးတော့ မင်းမှာ စာမရီ ရှိနေပြီးသား၊ ပြဿနာတွေ ရှုပ်ယှက်ခတ်ကုန်မယ် ...”

“မရှုပ်ပါဘူး၊ မင်းတို့အတွက် မခံချင်လို့ ငါ အဲဒီမိန်းမကို ပညာပြန်ပေးမှာ၊ စာမရီက ငါရှင်းပြလိုက်ရင် ရတယ်၊ ဘာပြဿနာမှ တက်စရာမရှိဘူး ...

ငါကတော့ အဲ့ဒီမိန်းမကို မရရအောင် လိုက်မှာပဲ ... ဘယ်လောက် မာနကြီးတဲ့မိန်းမလဲ ... ယောကျ်ားတစ်ယောက်ကိုတော့ သူ့မာနတွေ အောက်ကျပြီး ချစ်တတ်ရဦးမှာပဲ ...”

“ထွင့်ညီ၊ မင်းနဲ့ မလွယ်ဘူးနော် ... စဝ်နန္ဒီ အကြောင်း ငါတို့က နပူးတွေ့၊ ဒူးတွေ့ ကြုံပြီးသား၊ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



မာကျောတဲ့ မိန်းမနော်”

“အောင်မာ ... မင်းတို့က ငါ့ကို လျှော့တွက်တယ်ပေါ့လေ၊ စဝ်နန္ဒီက သံမဏိပဲထားပါ ... ငါက အဲ့ဒီ သံမဏိကို အရည်ကျိုပစ်လိုက်မယ် ... အိုကေ ...”





သူ့ရဲ့ နည်းဗျူဟာများမှာ ... စဝ်နန္ဒီ ထင်မှတ်မထားသော ထောင့်များမှ ဖြစ်ရမည်။ ပထမဆုံးတော့ သူမ သွားလေ့ရှိသော နေရာများကို သူမ မသိအောင် နောက်မှ တိတ်တဆိတ်လိုက်၍ မှတ်ထားခဲ့သည်။

သူ့အတွက် ကံကောင်းသည်မှာ စဝ်နန္ဒီသည် အချိန်ဇယားနှင့် စနစ်တကျ လှုပ်ရှားသွားလာတတ်သော အလေ့အကျင့်ရှိသူ ဖြစ်နေခြင်းကပင် သူ့အတွက် အခွင့်အရေး ဖြစ်သည်။

သူ့ကို သူမက မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး နေလျက် ... သူမကိုတော့ သူက ဟင်းလင်းထင်ရှားစွာ တွေ့မြင်နေရခြင်းသည် တရားတော့ မတရားပေမယ့် ... အရသာတော့ရှိလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သူ စတင်လှုပ်ရှားခဲ့သည်မှာ ... သူမ အလစ်တွင် အငိုက်မိစေသော နည်းတစ်ခုကို သုံးခဲ့ခြင်းဖြစ်သည်။

သူမ၏ အချိန်ဇယားများကို အလွတ်ရသွားပြီးနောက် ... သူမ အိမ်မှထွက်ချိန်တွင် သူက သူမအိမ်သို့ဝင်ရောက်ဖို့ ကြံစည်ခဲ့သည်။ အဲ(ရ်)ကွဲန်း(န်) ပြင်သော အလုပ်သမားတစ်ယောက် ဟန်ဆောင်၍ ... သူမ အခန်းဆီသို့ ဝင်ခွင့်ရဖို့ ကြိုးစားခဲ့သည်။

"ကျွန်တော့်ကို ကုမ္ပဏီက လွှတ်လိုက်တာပါ ... အဲ(ရ်)ကွန်း(န်)တွေ ဆဲဗစ်ဆဲန် လုပ်ပေးဖို့ပါ"

"အိမ်မှာ လူကြီးတွေ မရှိပါဘူးရှင်၊ ဖေဖေကြီးနဲ့ မေမေကြီးက စင်ကာပူ သွားနေကြပါတယ်၊ မမက လည်း ခုလေးတင် အပြင်ထွက်သွားပါတယ် ..."

ဟု အိမ်ဖော်ကောင်မလေးနှင့် အဒေါ်ကြီးက တံခါးဖွင့်ပေးဖို့ အင်တင်တင် လုပ်နေသေးသည်။ အိမ်တွင် ဘယ်သူမှလည်း ရှိဟန်မတူချေ။





"ကျွန်တော် သိပ်မကြာပါဘူး ... ခဏလေးပါ ... အဲရ်ကွန်း(န်) ဆေးကြောသန့်စင်တာလေး ပြီးရင် ပြီးပါပြီ ... ဒေါ်စဝ်နန္ဒီကလည်း ဖုန်းဆက်ထားလို့ပါ"

"ဩော် ... မမလေး ဖုန်းဆက်ထားတယ်ဆိုရင်တော့ ဝင်ပါရှင် ... ဝင်ပါ"

ကောင်မလေးက ပျာပျာသလဲပင် ဖွင့်ပေးလေသည်။ သူက ဣန္ဒြေရရပင် ဝင်လာခဲ့ကာ ...

"အဲရ်ကွန်း(န်)ရှိတဲ့အခန်းတွေ ကျွန်တော့်ကို လိုက်ပြပေးပါ ..."

"မမလေး အခန်းရယ်၊ ဖေဖေကြီးနဲ့ မေမေကြီး အခန်းရယ် ... ဧည့်ခန်းရယ် ... အပေါ်ကို တက်ပါရှင့်၊ မမလေးအခန်းက အပေါ်ထပ်မှာပါ"

သူ အပေါ်သို့ တက်လာခဲ့သည်။ စဝ်နန္ဒီရဲ့အခန်းထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်လာခဲ့၏။ အဲရ်ကွန်း(န်) ဆောက်(စ်)အဖုံးကိုဖွင့်ကာ ... ဖယ်လ်တာကို ဆေးကြောသန့်စင်



www.burmeseclassic.com

www.burmeseclassic.com



တာလောက်တော့ သူလုပ်နေကျမို့ ခပ်တည်တည်ဝင် လုပ်ပေးလိုက်လေသည်။

"ကျွန်တော့်ကို ရေလေးတစ်ခွက်လောက် ပေးပါ"

အနားကနေ တကောက်ကောက် ကပ်နေသောကောင်မလေးကို ပ,ထုတ်ချင်သောကြောင့် သူခိုင်းလိုက်သည်။ စပ်နန္ဒီ့ အခန်းက ဘာ့(သ်)ရွမ်း(မ်)အတက်(ချ်)မို့ ကောင်မလေးက ရေချိုးခန်းထဲ ဝင်သွားဆဲ ... သူက စပ်နန္ဒီရဲ့ မွေ့ရာခင်းအောက် ... ခေါင်းအုံးအောက် ... ခြုံစောင်အောက်တွင် အိတ်ထဲမှာ အသင့်ယူလာခဲ့သော အပွင့်ခြွေထားသည့် နှင်းဆီပွင့်များ ဖြန့်ကြဲထားလိုက်ကာ အိပ်ရာဖုံးနှင့် ပြန်၍ဖုံးအုပ်ထားခဲ့သည် ...။ ပြီးတော့ သူ့အသံသွင်းထားသည့် ကက်ဆက်တိပ်(ပ်)ကလေးကို အခန်းတွင်းမှာ အလှစိုက်ထားသော သစ်ပင်ကလေးရဲ့ အကိုင်းအခက်တွင် ဖဲကြိုးကလေးဖြင့် ချိတ်ဆွဲထားခဲ့သည်။

ထို့နောက် သူမ အိပ်ရာတစ်ခုလုံးတွင် Opium ရေမွှေးရနံ့တွေ သင်းမွှေးပျံ့လှိုင်နေအောင် ဆွတ်ဖျန်းပစ်ခဲ့သည်။





"ဟင် ... မွှေးလိုက်တာ၊ တစ်ခန်းလုံး မွှေးကြိုင်နေတာပဲ ... ဘာတွေ လုပ်ထားတာလဲဟင်"

ဟု ကောင်မလေးက တအံ့တသြ မေးလေသည်။

"အခန်းသန့်ဆေး ခဏဖျန်းထားတာပါ ... ပိုးမွှားတွေလည်းသေအောင် ... ကျွန်တော် ရေချိုးခန်း ခဏဝင်မယ်နော်"

"ဟုတ်ကဲ့ ..."

ရေချိုးခန်းထဲတွင် စာအုပ်ဗီရိုကလေးနှင့် အမွှေးနံ့သာဘူးတွေ စီစီရီရီ ထားသိုလျက် ... ရေချိုးကြွေဇလုံခပ်ကြီးကြီးတစ်ခု ... မှန်သားတို့ဖြင့် ဖွဲ့စည်းထားသော ရေချိုးခန်း အသေးစားတစ်ခု ... အဲဒီ မှန်ရေချိုးခန်းကလေးထဲတွင် နှိပ်သည့်ကိရိယာ ... သီချင်းနားထောင်ဖို့ ကက်ဆက်ကလေးပါ အဆင်သင့်ရှိသော ... ထိုင်ဝမ်ဖြစ် ရေချိုးခန်းကလေး ရှိလေသည်။

သူက ရေချိုးကြွေဇလုံနှင့် ရေချိုးခန်းကလေးအတွင်း သင်းပျံ့နေအောင် Opium ရေမွှေးတွေ ဆွတ်ဖျန်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် ...။ နှင်းဆီပွင့်ကလေးများကို ရေချိုးခန်းထဲတွင် ကြဲဖြန့်ထားခဲ့သည် ...။ ရေချိုးကြွေဇလုံထဲတွင် နှင်းဆီပွင့်များ ကြဲခဲ့သည်။ ကောင်မလေးသာ ရေချိုးခန်းထဲ ထပ်မဝင်ဘူးဆိုလျှင် သူ့ရဲ့ပစ်မှတ်မှာ ... ဗ်ဝ်နန္ဒီ၏ နှလုံးသားတည့်တည့်သို့ ထိမှန်မည် ဖြစ်လေသည်။

"ဒီအခန်းနဲ့ ရေချိုးခန်းကို ချက်ချင်းမဖွင့်ရင် ကောင်းမယ်၊ လေသန့်ဆေးတွေ ဖျန်းထားတော့ အနံ့ကလေး စွဲသွားအောင်ပါ ..."

"ဟုတ်ကဲ့၊ စိတ်ချပါ၊ မဖွင့်ပါဘူးရှင့်၊ မမလေးကလည်း သူ မရှိတုန်း သူ့အခန်းထဲဝင်ရင် ဆူပါတယ်၊ မကြိုက်ပါဘူး၊ အခု အစ်ကို အဲ(ရ်)ကွန်း(န်) လာဆေးလို့ ဝင်တာပါ ..."

ဟုဆိုကာ ကောင်မလေးက သူတို့ ထွက်တာနှင့် အခန်းတံခါးကို ပိတ်ပစ်လိုက်လေသည်။

သူမကို အဲ့ဒီလို စတင်ခဲ့သောသူက ... နောက်ရက်များတွင်လည်း ... သူမကားကို opium ရေမွှေးဖြင့်





ဆွတ်ဖျန်းခြင်း ... နှင်းဆီပွင့်များ ကားပေါ်မှာ ဖြန့်ကြဲခင်းခြင်း ... သူ့အသံနှင့် သူမကိုချစ်ကြောင်း စကားတွေ သွင်းထားသော ကက်ဆက်ခွေကို တိပ်(ပ်)ဖြင့် ကားမှန်မှာကပ်ထားခဲ့ခြင်း ... သူမ သွားမည့်နေရာများကို သူက ကြိုတင်သိထားသဖြင့် စူပါမားကတ် ရုံးခန်းအတွင်းသို့ သန့်ရှင်းရေးအလုပ်သမားဟန်ဆောင်ပြီး ကြိုတင်ဝင်ရောက်ကာ ... သူမစားပွဲပေါ်မှာ နှင်းဆီပွင့်များနှင့် opium ရေမွှေးရနံ့တွေ ဆွတ်ဖျန်းထားခြင်း ... Club ရှိ သူမ ရေကူးကန်အတွင်းသို့လည်း တိတ်တဆိတ် ဝင်ရောက်ကာ ရေကူးကန်ထဲတွင် နှင်းဆီပွင့်များ ဝေ့သီမြောနေစေခြင်း ... opium ရနံ့ သင်းပျံ့စေခြင်း ... သူမရဲ့ Cafe ဆိုင်မှာ သူမရောက်ခါနီးအချိန်ကိုမှန်းလျက် ... သူမ မြင်သာမည့် စားပွဲတစ်ခုပေါ်မှာ နှင်းဆီကြဲဖြန့်၍ opium ဆွတ်ဖျန်းခြင်းများကို နေ့စဉ်ရက်ဆက် မှန်မှန်လုပ်ခဲ့သည်။

တစ်လခန့်ကြာမြင့်သောအခါ ... နှင်းဆီပွင့်များလည်း ထောင်နှင့်ချီ၍ ကုန်ခဲ့ပြီး Opium ရေမွှေးပုလင်းအကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလည်း ကုန်သွားသောအခါ ... သူမဘက်က တုံ့ပြန်မှု တစ်ခု စတင်ခဲ့ပါသည်။

တစ်ရက်တွင် သူ့ကို သူမက အမိဖမ်းခဲ့ခြင်း ဖြစ်သည်။ Cafe ဆိုင်ကလေးမှာ သူ့ကို သူမက အလစ်တွင် ဖမ်းမိခဲ့ခြင်း ဖြစ်သည်။

သူထိုင်နေသော စားပွဲဆီသို့ သူမက ဖြုန်းခနဲ ဝင်ထိုင်လိုက်ကာ ...

"ရှင် တော်တော် ရူးရဲတာပဲနော် ... ဒါပေမယ့် ကျွန်မကို ရူးသမျှ အရူးတွေထဲမှာတော့ ရှင်က Romantic အဖြစ်ဆုံးနဲ့ အပြောင်မြောက်ဆုံးပဲ"

ဟု ပြုံးတော့မလို နှုတ်ခမ်းများ ကော့ညွတ်သီရီစွာ ပြောလေသည်။

"ကျွန်တော့်ကို အဖြေပေးတော့မလား ..."

ဟု သူက သေချာပိုင်နိုင်စွာပင် မေးလိုက်လျှင် သူမက ... ခေါင်းကိုခါကာ ...

"လုံးဝ စိတ်ကူးမရှိဘူး ..."





ဟု ဖြေလေသည်။

"ကျွန်တော်ကတော့ ခင်ဗျားစိတ်ကူးရှိလာတဲ့အထိ ဇွဲမလျှော့စတမ်းပဲနော် ..."

"သေတဲ့အထိ ဆိုရင်ကော ..."

"သေတဲ့အထိ ဇွဲမလျှော့ဘူးပေါ့ ... ကျွန်တော့်မေမေက ကျွန်တော့်ကို အမြဲပြောလေ့ရှိတယ်၊ ဇွဲနပဲကောင်းလွန်းလို့တဲ့ ... ဘယ်အရာမဆို ကျွန်တော်လိုချင်တာဆို ဇွဲကောင်းကောင်းနဲ့ ရအောင်ယူတာပဲ"

"ရှင့်ဘဝမှာ မရဘူးဆိုတာ ရှိခဲ့ဖူးသလား ..."

"လုံးဝ မရှိခဲ့ဘူး ..."

"ဒါဆိုရင်တော့ အခုကစပြီး ရှင့်ဘဝမှာ ... မရဘူးဆိုတဲ့ အရာ ပေါ်လာတော့မယ် ... အဲ့ဒါ ကျွန်မပဲ ..."

"ဟင့်အင်း၊ ကျွန်တော်ကတော့ မရမချင်း လုံးဝ နောက်မဆုတ်ဘူးလို့ သန္နိဋ္ဌာန် ချထားပြီးသား ..."

သူက မလျှော့ဘဲ ပြောလေသည်။ ထိုအချိန်တွင် သူမက ပထမဆုံးအကြိမ်အဖြစ် ခပ်တိုးတိုး ရယ်မောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာပေါ်တွင် တင်းမာမှုဟူ၍ မရှိတော့သလောက်ပင် ပါးလျလာသည်။

ပြီးတော့ သူမက သူ့ကို မျက်လုံးချင်းဆုံ၍ ကြည့်လေသည်။ သူမ၏ မျက်လုံးများမှာ နေရောင်ကဲ့သို့ စူးရှတောက်ပြောင်လွန်းသဖြင့် သူလိုလူမို့ဖင် အရှုံးမပေးဘဲ တန်ပြန်စိုက်ကြည့်နိုင်တာ ဖြစ်သည်။ သူ့မျက်လုံးများရဲ့အစွမ်းသတ္တိပြင်းအားကို သူ ယုံကြည်စိတ်ချပြီးသား ဖြစ်သည်။

"ရှင် မဆိုးဘူးဘဲ၊ ကျွန်မ တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ ကျွန်မရဲ့ မျက်လုံးတွေကို ပြိုင်ပြီး အရှုံးမပေးဘဲ စိုက်ကြည့်နိုင်တာဆိုလို့ ရှင် တစ်ယောက်ပဲ ရှိသေးတယ် ... ရှင်တကယ်ဖွဲ့ကောင်းတယ်ဆိုတာ ကျွန်မ လက်မခံလို့ မရတော့ဘူး ...

ကဲ ... ရှင့်ကို တစ်ခုမေးမယ်၊ ကျွန်မကို ဘာကြောင့် ချစ်တာလဲ ..."

"မိန်းမတစ်ယောက် ဖြစ်နေလို့ ..."

"ဘယ်လို ..."





သူ့အဖြေကြောင့် သူမ အတော်ပင် အောင့်သီးအောင့်သက် ဖြစ်သွားပုံပေါ်ပါသည်။ သူမ ဘယ်လိုအဖြေမျိုးကို မျှော်လင့်ထားမှန်း သူကလည်း ရိပ်မိတွက်ဆထားပြီးဖြစ်သည်။ ဥပမာ ... သိပ်ထက်မြက်ပြီး သိပ်တော်လို့၊ သိပ်လှလို့၊ မိန်းမတွေထဲမှာ သိပ်ရှားလို့ ... စသဖြင့် အဖြေများက သူမအဖို့ ရိုးအီငြီးငွေ့ဖွယ်ကောင်းမှာ အသေအချာပင်။

"ဩော် ... မိန်းမဆိုတာ ယောကျ်ားတွေက ချစ်ရတဲ့မျိုးနွယ်တစ်ခုပဲလေ ... မဟုတ်ဘူးလား ... မိန်းမကို ယောကျ်ားက ချစ်မြတ်နိုးတယ်ဆိုတာ အဲဒီမိန်းမကို ချီးမြှောက်ဂုဏ်ပြုခြင်း တစ်မျိုးပဲ ... ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ခံရတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝဟာ ... အဓိပ္ပာယ်အရှိဆုံးနဲ့ ... ကျက်သရေ အရှိဆုံးပဲ ...

အချစ်မခံရတဲ့ မိန်းမတွေက လူဖြစ်ကျိုးမနပ်ဘူး ... စဝ်နမ္မီ ဘဝတစ်လျှောက်လုံး အပျိုကြီးတော့ မလုပ်ဘူးမှလား ... ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခြင်းကိုတော့ တစ်ချိန်ချိန်မှာ တောင့်တမိမှာပဲလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ယူဆတယ် ... အဲ့ဒီအချိန်မှာ စဝ်နန္ဒီအနားမှာ ရှိနေတဲ့ သူဟာ ကျွန်တော်ပဲ ဖြစ်ချင်တယ် ... ကျွန်တော့်ကို ပစ်ပစ်ခါခါ ငြင်းပယ်လိုက်ပြီးမှ တစ်ချိန်ချိန်မှာ ... နောင်တရနေမှာမျိုး မဖြစ်စေချင်ဘူး ..."

"အံမယ် ... အံမယ် ... အပြောကတော့ ကောင်းတယ် နော် ... ရှင် တော်တော် နစ်နာနေပါဦးမယ် ..."

စဝ်နန္ဒီ၏ မျက်နှာကလေးတွင် ထူးခြားသော အရောင်အဝါတစ်မျိုးသည် ရုတ်တရက် ပြိုးပြက်လင်းလက်လာခဲ့လေသည်။ သူက သူ့ကိုယ်သူ အမြဲသချာအပိုင်တွက်တတ်ခဲ့သူမို့ ... သိပ်မကြာလှသော ကာလတစ်ခုတွင် အင်မတန်မာနကြီးသော၊ တော်ရုံလူကို လူမထင်တတ်သော မိန်းမတစ်ယောက်သည် သူမ၏ မိန်းမဘဝကို သူ့လက်တွင်းသို့လိုလားနှစ်သက်စွာ အပ်နှင်းပေးဆပ်တော့မည်ဟု သေချာသိမြင်လိုက်လေသည်။

ထိုကာလနှင့် သိပ်မကြာခင်မှာပင် သူ မျှော်လင့်ထားသည့်အတိုင်းပင် စဝ်နန္ဒီက သူ့ကို အဖြေပေးခဲ့သည်။





"တို့ဘဝမှာ ယောကျ်ားဆိုရင် သာမန်ယောကျ်ားမျိုး မလိုအပ်ဘူး ... X-factor ရှိရမယ် ... ထူးခြားရမယ်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရမယ် ... Personality ကောင်းရမယ် ... သိပ်တော်ရင်တော်၊ မတော်ရင် Romantic ဖြစ်ရမယ် ...

မင်းက တို့တွေ့ဖူးတဲ့ တခြားဘယ်ယောကျ်ားနဲ့မှ မတူတဲ့ ထူးခြားတဲ့ ဆွဲဆောင်မှုရှိတယ် ... အထူးခြားဆုံးက တို့ရဲ့စိတ်ကို Emotional သိပ်ဖြစ်စေတာပဲ၊ လှုပ်လှုပ်ခတ်ခတ်နဲ့ အငိုက်မိစေတယ် ... လျှပ်ပြက်သလို၊ သက်တံတစ်ခုကို ရင်ဆိုင်ရသလို ... မျှော်လင့်မထားတာတွေ မင်းဆီက တို့ ရခဲ့တယ် ...

တို့ ရိုးရိုးလေးပဲဖြေမယ်၊ မင်းကို တို့ ချစ်တယ်"

ဟု စဝ်နန္ဒီက သူ့ကို အဖြေပေးလိုက်စဉ် ... သူ့ရင်တွင် ခံစားချက်မှာ ပျော်ရွှင်ခြင်း၊ အောင်နိုင်ခြင်း ... ကျေနပ်အားရခြင်း စိုးစဉ်းမျှ ဖြစ်မလာဘဲ ... သူ့ဘာသာသူ အပြစ်ကင်းစွာ နေထိုင်ခဲ့သော မိန်းမတစ်ယောက်၏ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကို သူ မရည်ရွယ်ဘဲ စော်ကားမိခဲ့ပြီဟု သိမြင်ခံစားရခြင်းနှင့် သူ့အမှားသူ နောင်တရလိုက်မိခြင်း ဖြစ်လေသည်။

သို့သော် … ထိုအချိန်တွင် သူ့ အနည်းငယ်မျှမက နောက်ကျနှင့်ပြီးခဲ့လေသည်။ ထိုနောက်ကျခြင်းထဲတွင် မိန်းမတစ်ယောက်၏ နှလုံးသားတစ်ခု စတေးမြှုပ်နှံပြီးစီးခဲ့ပြီ …။

စဝ်နန္ဒီ အတွက်တော့ သူသည် သူမဘဝအတွက် ပထမဆုံး ယုံကြည်ကိုးစားမိသော အချစ်ဦး ဖြစ်ခဲ့လေပြီ။ သူ့အတွက်တော့ စဝ်နန္ဒီသည် … ဘယ်တုန်းကမှ မဖတ်ရှုဖူးခဲ့သော စာအုပ်တစ်အုပ်ကို လက်လွှတ်စပယ် ဝယ်ယူလိုက်မိခြင်းသာ ဖြစ်၏။





အခန်း(၂)

သူ့စကားအဆုံးတွင် စာမရီ၏ နှလုံးသားမှာ အခါခါထုနှက်ခြေမွခံထားရသလို တွန့်လိမ်ညှစ်မြည်လျက်ရှိသည်။ သူ့မျက်နှာကို စေ့စေ့ကြည့်မိလျှင်ပင် နာကျင်လွန်း၍ ကန်ရေပြင်သို့သာ ငေးစိုက်တိတ်ဆိတ်နေလိုက်သည်။

သူ့သက်ပြင်းချသံက စာမရီ့ နှလုံးသားကို မညှာမတာ၊ ခပ်ပြင်းပြင်း တစ်ချက်ရိုက်နှက်လိုက်သလို စူးစူးရှရှ နာကျင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်သွားတာပဲ ... ဖြစ်ပြီးကာမှ သူ့ကို ဘယ်လိုဖြေရှင်းရမယ်မှန်း ငါမသိတော့ဘူး ... ငါ့အရှုပ်ကို ငါ မဖြေနိုင်တော့တာပဲ ... အတတ်နိုင်ဆုံးကတော့ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ မာနကို မထိခိုက်အောင် ..."

"သိပ်သေချာတာပေါ့ ..."

စာမရီ ဖြတ်ပြောသံသည် ... သူ့အသံကို ဖုံးအုပ်လွှမ်းမိုးသွားဖို့ လုံလောက်စွာပင် ပြင်းရှခါးသီးနေသည်။ သူက တအံ့တသြ မျက်လုံးများဖြင့် သူမကို လှည့်ကြည့်ငေးမောဆဲ ... စာမရီသည် ... ဒေါသကြောင့်လား၊ မာနကြောင့်လားမသိ အနည်းငယ် တုန်ယင်ချင်သော နှုတ်ခမ်းကို တင်းတင်းစေ့ကာ ...

"အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ မာနကို နင် မချိုးဖဲ့ရဘူး ထွန်း ... နင်တို့ ယောကျ်ားတွေရဲ့ အကျင့်ဟာ အဲဒါပဲ ... မိန်းကလေးတစ်ယောက် မာနကြီးတယ်ဆိုရင် ဒီမိန်းမ ငါ မာနချိုးပြမယ်ဆိုတဲ့





တစ်လွဲမာနနဲ့ မလိုအပ်တာကို အစွမ်းအစ ပြချင်ကြတာပဲ ... ငါတို့ မိန်းမတွေကျတော့ ... နင်တို့ယောကျ်ားတွေ လှည့်စားမာယာများသမျှ ပရိယာယ်ကြွယ်သမျှ မှန်တိုင်းကြားမှာ အလူးအလိမ့် ကျဆုံးရတာပဲ ...

လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချိုးဖဲ့ဖိနှိပ်ပြီးမှ အနိုင်ရတာကို ဂုဏ်ယူချင်တဲ့စိတ်လောက် ညစ်ညမ်းယုတ်မာတာ မရှိတော့ဘူး ထွန်း ... ငါ နင့်ကို အစက ဒီလောက်ညံ့ဖျင်းလိမ့်မယ်လို့ မထင်ခဲ့ဘူး

မိန်းကလေးတစ်ယောက်ကိုများ အနိုင်ယူလိုက်ရလို့ နင့်ဘဝ ဘယ်လောက်မြင့်မားပြီး ဂုဏ်သိက္ခာတက်သွားသလဲ၊ နင့်ရဲ့ ယောကျ်ားဘဝ ဘယ်လောက် မြင့်မြတ်သွားသလဲ ... အဲ့ဒါ နင့်အမှားပဲ ... နင့်ဘဝမှာ ဘယ်တော့မှ မပျက်တော့မယ့် အစွန်းအထင်းပဲ ..."

မခံချင်စိတ်က နှိုးဆွလွန်းသဖြင့် သူမသည် မရပ်မနားပင် ပြင်းထန်ခါးသီးသော စကားလုံးများဖြင့် သူ့ကို ပြစ်တင်ရှုတ်ချလေသည်။ သူက ခေါင်းကို လက်ဖဝါးနှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖိညှပ်ထားပြီး ...

"ပြော၊ ပြော၊ ပြောချင်ရာသာ ပြောတော့ကွာ၊ ငါလည်း မခံချင်စိတ်နဲ့ သွေးဆူပြီး လုပ်ခဲ့မိတာပဲ၊ သူက ငါ့ကို တကယ်ကြွေသွားတာ ငါ ဘာတတ်နိုင်မှာလဲဟ"

ဟု ကိုယ်လွတ်ရုန်းဖို့ ပြင်သော စကားကို ဆိုဆဲတွင် စာမရီသည် ထိုဆုံးဖြတ်ချက်ကို ချပစ်ခဲ့တာ ဖြစ်၏။

"နှင် ကာဘ်နိုင်ပါတယ် ... တတ်ကို တတ်နိုင်ရမယ်၊ နှင်ယောကျ်ားပဲ၊ ယောကျ်ားဆိုတာ ကိုယ့်ကိုယ်ကို အတွက် အမြဲတာဝန်ယူရမယ် ...

နှင် သူ့ကို ချစ်သူအဖြစ်ပဲ ဆက်တွဲနေရမယ် ထွဋ်၊ စဝ်နန္ဒီက စပြီး နှင့်ကို မပြတ်သရွေ့ ... နှင်က စပြီး သူ့ကို အဆက်မဖြတ်ရဘူး၊ မခွာရဘူး ... နှင် ချစ်တယ်လို့ ပြောခဲ့လို့သာ ပြန်ချစ်ခဲ့တဲ့ မိန်းကလေးကို နှင် အဲ့ဒီနည်းနဲ့ ပြန်ကယ်ရမယ် ..."

သူ့မျက်နှာသည် သူမကို လုံးဝနားမလည်နိုင်





သော မျက်နှာဖြစ်လာသည်။

"စာမရီ၊ ဟော့ကောင်၊ နှင် ငါ့ကို တော်တော်ရက်ရော နေတယ်ပေါ့၊ ငါ့ကို သဝန်မတိုတဲ့အပြင် တခြားမိန်းမ လက်ထဲတောင် အတင်းထိုးထည့်နေပါလား၊ ဘာလဲ ကွ ... ငါ လူပဲ ... မမှားရတော့ဘူးလား ... မာနကြောင့် မှားတဲ့အမှား ... မခံချင်စိတ်ကြောင့် မှားတဲ့အမှား ... ဒီအမှားကို ငါ ကျူးလွန်မိတာ နှင် ခွင့်မလွှတ်နိုင်ဘူး လား ..."

"နှင့်ကို ခွင့်လွှတ်ဖို့ထက် ... ငါကတော့ မိန်းမချင်း ကိုယ်ချင်းစာရမယ် ထွဋ်ရဲ့ ..., ဟိုမိန်းမကလေးက သူ့ဘာသာနေခဲ့တာ၊ နှင်က သွားစခဲ့တာ၊ ဘယ်သူ့မှာ အပြစ်ရှိသလဲ ... အပြစ်ရှိတဲ့လူက တန်ရာတန်ကြေးတော့ ပြန်ပေးဆပ်ရမှာပဲ ..."

စိတ်ဆတ်သော ထွဋ် မျက်နှာသည် ... ချက်ချင်း ပင် ညိုမှောင်တင်းမာလာခဲ့သည်။ မခံချင်သော ... အရွဲ့တိုက် ချင်သော ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ် မထီတရီ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည် သူ့မျက်နှာ တစ်ခုလုံးတွင် နေရာလပ်မကျန်အောင် သီးအုံဖွဲ့သိပ်လာသည်။

"ဩော် ... နင်က ငါ နှစ်ယောက်ထားမှာကို ကြည်ဖြူနိုင်တယ်ပေါ့ ... အိုကေ ... နင် ငါ့ကို စိန်ခေါ်တာနော်၊ ငါက အရှုံးမရှိပါဘူး ... ယောကျ်ားပဲ ..."

ဟု ရင့်ရင့်သီးသီး စတင်၍ ပြောလိုက်သောအခါ ... သူမ ရင်ထဲတွင် မာကျောသော လက်နက်တစ်ခုဖြင့် မစ်အပေါက်ခံလိုက်ရသလို အောင့်မျက်နင့်သီးသွားလေသည်။ စာမရိသည် ထိုဆုံးဖြတ်ချက်ကို မာနဖြင့်၊ မခံချင်စိတ်ဖြင့် ဆုံးဖြတ်လိုက်မိခြင်းသာ ဖြစ်၏။ သူ့ကို နောင်ကြဉ်စေချင်သည်။ သူ့တာဝန် သူယူစေချင်သည်။ သူ့ကို ယုတ်မာသော၊ စိတ်ဓာတ်နိမ့်ကျ သိမ်ဖျင်းသော ယောကျ်ားတစ်ယောက်၏ ခေါင်းစဉ်အောက်တွင် မရှင်သန်စေလိုပေ။

"ငါကတော့ ငါ့ကိုယ်ငါ နင်လုပ်သမျှ ကြည်ဖြူပါ့မယ်လို့ အာမခံမထားပါဘူး ... ငါ ဆုံးဖြတ်သင့်တာကို ဆုံးဖြတ်တယ်၊ ငါ့ဆုံးဖြတ်ချက်ကို ငါ တာဝန်ယူရဲတယ်၊





ဘာမှအပြစ်မရှိတဲ့ မိန်းမတစ်ယောက်အနေနဲ့ သူ ဒီအခွင့်အရေးတော့ ရသင့်တာပေါ့ ..."

"အေး ... နင်က သူရဲကောင်းမ,ကြီးပေါ့လေ၊ စွန့်လွှတ်စွန့်စားဝံ့သူကြီးပေါ့လေ ... ကောင်းပြီ စာမရိ၊ ဒီဆုံးဖြတ်ချက်ကို နင် ဆုံးဖြတ်တာနော် ... ငါက တောင်းဆိုတာလဲ မဟုတ်ဘူး ...

နင်တောင် ကြည်ဖြူနိုင်သေးရင် ငါက စဝ်နန္ဒီကို ဘာလို့ မတွဲရဲရမှာလဲ၊ လူတိုင်းမက်ချင်တဲ့ အိပ်မက်တစ်ခုပဲဟာ ... ငါက နင့်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့တာနော်၊ ငါ ခိုးကြောင်ခိုးဝှက် လှေနံနှစ်ဖက်နင်းတာ မဟုတ်ဘူး၊ နင် ကိုယ်တိုင်က မိုက်မိုက်မဲမဲနဲ့ ဒီအခွင့်အရေးကို ငါ့ကို ပေးခဲ့တာ ..."

သူ့မျက်နှာတွင်လည်း ယောကျ်ားတစ်ယောက်၏ မခံချင်စိတ်၊ အရွဲ့တိုက်လိုစိတ် အပြည့်ရှိကာ ... စာမရိ ရင်ထဲတွင်လည်း မခံမရပ်နိုင်မှုဖြင့် တင်းကျပ်ဆို့ခဲနေသည်။

သူ့ကို စွန့်လွှတ်နိုင်သလား ဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မစွန့်လွှတ်နိုင်တာ သိပ်ကိုသေချာသည်။ ဘယ်လိုမှ သူ့ကို အဆုံးရှုံး မခံနိုင်။ သူ့ကို မခွဲနိုင်။ လေးနှစ်နီးပါး ချစ်မြတ်နိုး ခဲ့ရသော သံယောဇဉ်သည် ပဋိပက္ခများကြားမှပင် ခိုင်မြဲနှောင်ဖွဲ့ ပြီးပြီ။

"ငါ ပြန်တော့မယ် ..."

သူ့ကို စိတ်ဆိုးမာန်ဆိုး ဖြစ်လွန်း၍သာ ဘယ် မိန်းမမှ သဘောထားမကြီးနိုင်သော ဆုံးဖြတ်ချက်ကြီးကို စိတ်လိုက်မာန်ပါ ချလိုက်ပြီးမှ ... သူမ ဘာဆက်လုပ်ရမှန်း မသိ။ နောင်တလည်း မရချင်၊ သို့သော် ... သူမ ရှေ့လျှောက် နောင်တရ,ရတော့မည် ဆိုတာကိုလည်း စိတ်ထဲက အလိုလို သိမြင်ခံစားနေလေသည်။

"နင် ... နောင်တ မရပါဘူးနော်၊ ဆုံးဖြတ်ချက် ပြန် ပြင်ဦးမလား ..."

သူက မခံချင်စိတ်ဖြင့် ရိသဲ့သဲ့ လှမ်း၍ရိသည်ကို မျက်နှာထားတင်းတင်းဖြင့်ပင် တုံ့ပြန်ခဲ့သည်။ တကယ်တော့ သူမက တကယ်ဟန်ဆောင်ကောင်းသူ ဖြစ်သေးသည်။





"ငါ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောင်တမရတတ် ဘူး ထွန်း ... နင်သာ သူ့အပေါ် လူယုတ်မာ မဖြစ်စေ နဲ့ ..."

ဟု ပြောပြီး စာမရီသည် ကားဆီသို့ လျှောက်လာ ခဲ့သည်။ ရင်ထဲတွင် တစ်စုံတစ်ခု ဆုပ်ဖြဲခံလိုက်ရသလို ဟာတာတာကြီးနှင့် တရိရိ ကြေကွဲနေသည်။

သူက သူမလက်ကို တစ်ချက် လှမ်းဖမ်းဆွဲ ကာ ...

"နင် ငါ့ကို စိန်မခေါ်နဲ့နော်၊ ငါ ဘယ်လောက် အရွဲ့ တိုက်တတ်တယ်ဆိုတာ နင် အသိဆုံး ... ပြီးမှ နင် မျက်ရည်နဲ့မျက်ခွက် နောင်တ မရနဲ့ ..."

ဟု ခိုလျှင် ... သူမသည် မာန်ဖြင့် လက်ကို ဆတ်ခနဲ ရုန်းကာ ...

"အမယ်လေး၊ ယောကျ်ားတစ်ယောက်အတွက်များ မျက်ရည်ကျတတ်တဲ့ မိန်းမထဲမှာ စာမရီ ဘယ်တော့မှ မပါဘူး ... နင် မိန်းမတွေကို လျှော့မတွက်နဲ့ သိလား



www.burmeseclassic.com

www.burmeseclassic.com



ထွင့် ... နင်သာ မိန်းမနှစ်ယောက် လက်ချက်နဲ့ ရှုံးပြီး သေမှာ ...”

“ဟား ဟား၊ သတ္တိရှိတယ်ကွာ၊ သတ္တိကတော့ ပြောင်မြောက်တယ်၊ ဒီလောက်တောင် ဖြစ်လှတာ ... အမြင်ကတ်ကတ်နဲ့ ငါ နင့်ဆီကို စုံတွဲခုတ်လာပြီးတော့ကို လာမိတ်ဆက်ပေးဦးမယ် ကြည့်နေ၊ ဒီလောက် ခံနိုင်ရည်ရှိတဲ့ မိန်းမ ...”

“အေး ... နင်လည်း တစ်ခု ပြန်မှတ်ထားနော် ... ဝဋ်ဆိုတာ လည်တတ်တဲ့ သဘောရှိတယ် ... သိပ်တောင်မကြာတတ်ဘူး ... နင့်အလှည့်ကျတော့ ငါ့လို သဘောထားကြီးနိုင်အောင်၊ ခံနိုင်ရည်ရှိအောင် ကြိုးစားပေါ့”

သူနှင့် သူမကြားက ပဋိပက္ခသည် အခါများစွာက လိုပင် ဒီရေပမာ တရိပ်ရိပ် တက်လာသည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာကိုတစ်ယောက် တဝင်းထန်ကြွပ်ဆတ်စွာ စိုက်ကြည့်ကြသည်။

“နင် ပါးစပ်ပိတ်လိုက်တော့ ...”





ဟု သူကဆိုကာ ကားကို တအားပင်ဆောင့်၍ မောင်းထွက်လာခဲ့သည်။ သူမက ဘယ်တုန်းကမှ သူ့ကို အလျှော့ပေးခဲ့သူ မဟုတ်သောကြောင့် လေချွန်လျက် ခေါင်းကို ကုလားထိုင်နောက်မှီကိုပေါ် လှန်ချပြီး ... အစွဲ့တိုက်ရင်း မျက်စိကို စုံမှိတ်ထားလိုက်သည်။

တကယ်တော့ တိုက်ပွဲသည် ထိုမှ စတင်မြစ်ဖျားခံခဲ့တာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ညီကလည်း စာမရီကို မကျေနပ်စိတ်နှင့် အစွဲ့တိုက်ပြီး စဝ်နန္ဒီနှင့် ဆက်တွဲနေခဲ့သည်။ စာမရီသည် ဘယ်လိုမှ မကြည်ဖြူ မခံစားနိုင်သော်လည်း ကွယ်ရာတွင်သာ ပေါက်ကွဲအော်ဟစ် ငိုကြွေးချင် ငိုကြွေးမည်။ သူ့ရှေ့ရောက်လျှင်တော့ ဘာမှမခံစားရလေဟန် ... ဟန်ဆောင်မျက်နှာဖုံးကို တင်းတင်းကျပ်ကျပ်ပင် တပ်ဆင်ထားလေသည်။

ထိုဆက်ဆံရေးသည် ပြဿနာကို ဖြေရှင်းပုံ ဖြေရှင်းနည်း မဟုတ်မှန်း သူမ သိသော်လည်း သူမကတော့ ပြေလည်ရာလမ်းကို မမြင်နိုင်ပေ။ သူမက အဲ့ဒီလို အေးတိအေးစက်၊ ဘာမှမဖြစ်ဟန်ဆောင်လေ ... သူက ဆတ်ဆတ်ခါနာကာ ပို၍အစွဲ့တိုက်လေ ဖြစ်လာခဲ့သည်။

ထိုကာလအတောအတွင်းမှာပင် ... သူမဆီသို့





[…]းသားသော တိုက်ဆိုင်မှုတစ်ခု ရောက်ရှိလာခဲ့သည်။ ခုရက်[…]င်းအတွင်း ... သူနှင့် သူမသည် တစ်ယောက်ကိုတစ်ယောက် [မြ]င်လိုက်လျှင် ရွဲ့နေ ထေ့နေ ရိနေရတာနှင့်ပင် အစေးမကပ်သုဘဲ သိပ်မဆုံဖြစ်ကြပေ၊ သူ့ရင်ထဲတွင်လည်း တအုံနွေးနွေး[ဖြ]င့် မခံချင်စိတ်တွေ သီးခဲနေမှာ သေချာသလောက် သူမ[…]ာက်ကလည်း သူမက မှားသူမဟုတ်၊ သူကသာ သူ့အမှားသူ[…]ာဝန်ယူရဲသူ ဖြစ်သင့်သည်ဟု နှလုံးမမာကျောဘဲ ခေါင်းမာ[စိ]တ်ဖြင့် ဇွတ်တင်းမာခဲ့ခြင်း ဖြစ်၏။

အဲ့ဒီနေ့က ... စာမရီသည် လူပြည့်ကျပ်နေသော [ဆ]ိုင်ကလေးအတွင်းသို့ တစ်ယောက်တည်း ဝင်လာခဲ့မိသည်။ […]ားရှားပါးပါး စားပွဲကလေးတစ်လုံးသာ လွတ်နေရာ ... [ထ]ိုစားပွဲလေးတွင် သူမသည် ထွဋ်ညီနှင့်သာ စားလေ့ရှိခဲ့သည်။ […]နေ့တော့ ဗိုက်ထဲလည်း ဆာနေပြီမို့ ဆိုင်ကလေးထဲ ဝင်လိုက်[…]သည်။

ယိုးဒယားသဘော်သီးထောင်းနှင့် ယိုးဒယား[…]စားအစာ တစ်ခုဖြစ်သည့် ကွေ့တယိုနမ်အစပ် မှာထား[…]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ဘာရယ်မဟုတ် ထွင့်ကို ပြင်းပြင်းပြပြ သတိရလာသည်။ စဝ်နန္ဒီက သူ့ကို သိပ်ချစ်တာဆိုပဲ။ သူကပင် စာမရိ့ကို မျက်နှာပြောင်ပြောင်ဖြင့် ပြောမြွခဲ့ခြင်းဖြစ်သည်။ ရွဲ့ပြီးတော့များ ပြောလေသလား မသိ။

ငါ ဘာဖြစ်လို့များ သဘောထားကြီးလေဟန်ဆောင်ခဲ့မိပါလိမ့် ... ဟု တစ်ခါတစ်ရံတော့ မချင့်မရဲ တွေးမိသည်။ တစ်ခါမှ တွေ့ပင်မတွေ့ဖူးသော မိန်းမတစ်ယောက်ကို မိန်းမချင်း ကိုယ်ချင်းစာမိတာလား၊ ဒါမှမဟုတ် ... သူ့အမှားအတွက် သူ့ကို အပြစ်ပေးမိတာလား ...၊ သေချာတာကတော့ နှစ်ခုစလုံး ဖြစ်နိုင်ပါသည်။

"ကျွန်တော့်ကို ဒီစားပွဲမှာ ခဏထိုင်ခွင့်ပြုနိုင်မလား ခင်ဗျား၊ စားပွဲလွတ် မရှိတော့လို့ပါ ..."

ဟူသော အသံတစ်ခုနှင့်အတူ ... သပ်ရပ်သားနားသော ဝတ်စားဆင်ယင်မှုဖြင့် လူငယ်တစ်ယောက်ကို သူမ ရင်ဆိုင်လိုက်ရသည်။

တောက်ပကြည်လင်သော မျက်လုံး၊ ဖြောင့်စင်





သောနှာတံ၊ ပန်းနုသွေးပြေးနေသော နှုတ်ခမ်းတို့ကြောင့် ချောမောသန့်ပြန့်သော ခေတ်လူငယ်ကလေးတစ်ယောက် သဏ္ဌာန်ဖြင့် ခင်မင်နှစ်လိုဖွယ် ကောင်းသောကြောင့် သူမက မငြင်းဖြစ်တော့ဘဲ ခေါင်းညိတ်လိုက်လျှောလိုက်သည်။

"ရပါတယ် ... ထိုင်လေ ..."

သူက ပြုံးကာ သူမနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဒီအချိန်က ထမင်းစားချိန်ဆိုတော့ ... ဒီဆိုင်မှာ လူအမြဲပြည့်တာပဲ၊ ကျွန်တော့် ကုမ္ပဏီက ဒီလမ်းထဲမှာလေ၊ ဒါကြောင့် ကျွန်တော် ဒီဆိုင်ပဲ အမြဲစားနေကျ"

ဟု သူက သူမကို ... ခင်မင်ဖော်ရွေစွာ ရှင်းပြလိုက်သေးသည်။

"ညီလေး၊ ကိုယ်စားနေကျပဲ ... ပုစွန်တန်ပူရာကြော်နဲ့ ... ကိုက်လန်ကြော်တစ်ပွဲ ... တုန့်ယန်းဟင်းချိုနဲ့ထမင်း ..."

ဟု သူက မှာလိုက်သည်။

ထို့နောက် သူက စာမရိ့ကို ယဉ်ကျေးပျူငှာသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးချိုချိုဖြင့် နှုတ်ဆက်ပြန်သည်။ သူမကလည်း ပြန်ပြုံးပြရသည်။

"တစ်ယောက်တည်း လာစားတာ ထင်တယ်"

ဟု စကားစ၏။

"ဟုတ်ကဲ့"

ဟု ဖြေလိုက်လျှင် ...

"ဘာမှာထားလဲဟင် ..."

ဟု ဆက်မေးပြန်သည်။

"ယိုးဒယားသခော်သီးထောင်းနဲ့ ... ကွေ့တယိုနမ် ..."

"ကောင်းမယ့်ပုံပဲ ..."

ဟု သူက ရယ်ကာပြောဆဲ ... သူကလည်း အလိုက်သင့် ပြုံးရယ်ရသည်။ သူမက တံခါးဝဘက်သို့ မျက်နှာမူထားသူမို့ ... ထိုခဏတွင် ဆိုင်ထဲသို့ စုံတွဲလိုက်ဝင်လာသော ထွန်းညီတို့ စုံတွဲကို မြင်လိုက်ရဆဲ မျက်လုံးများထဲ ပူခနဲ ဖြာသွားကာ ... အပြုံးများ ကွယ်ပျောက်သွားလေသည်။

အင်မတန်မျက်စိလျင်တတ်သော ထွန်းညီ၏





အကြည့်ကလည်း သူမထံသို့ လျှပ်တစ်ပြက်အတွင်းပင် ရောက်လာခဲ့၏။ အဲဒီစားပွဲဟာ စာမရီတို့ နှစ်ယောက် အမြဲထိုင်နေကျလေ။

သူ့မျက်လုံးများ စူးခနဲ တောက်ပသွားကာ မျက်မှောင်ကြုတ်၍ သူမကို ကြည့်လေသည်။ ယောကျ်ားတစ်ယောက်နှင့် အတူတွဲထိုင်လျက်ရှိသော သူမကို သူက သံသယမျက်လုံးများဖြင့် ကြည့်သည်။ သူမကတော့ သူ့ဘေးတွင် ပါလာသော အရပ်မြင့်မြင့် သွယ်လျလျနှင့် အင်မတန်ချောမော လှပထင်ရှားလင်းလက်ကာ ဆိုင်ထဲမှလူအများအပြားပင် ဝိုင်းကြည့်ငေးမောယူရသော မိန်းကလေးကို ကြည့်မိကာ၊ သဝန်တိုစိတ်၊ သူ ... အဲဒီမိန်းမဘက်များ တကယ်ပါသွားတော့မလား ... ဟူသော စိုးရိမ်ပူပန်သောကများစွာဖြင့် လောင်မြိုက်သွားလေသည်။

တကယ်တော့ ငါကိုက မှားတာပါလေ။ သူ့ပြဿနာကို သူ့ဘာသာ ဖြေရှင်းခွင့် ပေးသင့်ပါလျက်နဲ့ ငါက မိုက်မဲစွာနဲ့ ဓားခုတ်ရာ လက်ဝင်လျှိုခဲ့မိတာ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်ချင်တော့ ... သူမတို့ခုံနှင့် နှစ်ခုံကျော်လောက်မှ စားပွဲရှင်းသွားတော့ သူက စဝ်နန္ဒီလက်ကို သိသိသာသာပင် ဆွဲခေါ်ကာ ထိုစားပွဲသို့ သွားထိုင်လေသည်။ သူ သူမကို ရှဲ့နေပြီ။ သူ လာမနှုတ်ဆက်တာကိုက သူ မရိုးဖြောင့်တာပဲဟု သူမ နာကျင်စွာ တွေးလေသည်။

အဲဒီနောက်တော့ သူမ မှာထားတာရော၊ သူ မှာထားတာပါ ရောက်လာသဖြင့် ရှေ့ကလူနှင့် သူမသည် တစ်ယောက်နှင့်တစ်ယောက် ဘာမှမဆိုင်ဘဲ မျက်နှာချင်းဆိုင် စားကြလေသည်။ တစ်ခါတစ်ခါတွင် သူက ခင်မင်ရင်းနှီးဟန်ဖြင့် စကားလှမ်းပြောသည်ကို အလိုက်သင့် ပြန်ပြောနေရပေမယ့် သူမစိတ်သည် သူ့ထံသို့သာ ရောက်နေသည်။ သူမတို့ချင်း မကြာခဏ အကြည့်ချင်း ဆုံမိကြလျက်၊ ထိုအကြည့်တွေထဲတွင် မာနနှင့် မခံချင်စိတ်များ ... ပဋိပက္ခများ၊ ရှဲ့စောင်းရိုထေ့မှုများ တစ်စထက်တစ်စ များပြားသိပ်သည်းလာကြသည်။

သို့သော် ... စိတ်မရှည်တတ်သူ ထွန်းညီက ဝုန်းခနဲ ထ,ရပ်ကာ ... သူမ စားပွဲဆီသို့ လျှောက်လာခဲ့ကာ ...





"ဒါက ဘယ်လိုဖြစ်နေတာလဲ စာမရိ ..."

ဟု အေးစက်ရင့်ကျော်သော အသံဖြင့်မေးလာလျှင် သူမက မျက်နှာကို တမင်အေးစက်ချိမော့လိုက်ကာ ...

"နှင် ဘယ်လိုမြင်သလဲ ... မြင်တဲ့အတိုင်းပဲ ..."

ဟု ခပ်တင်းတင်း ပြန်ဖြေလိုက်သည်။ သူ့မျက်နှာ ညိုမှောင်ပျက်ယွင်းသွားကာ ...

"နှင် ငါ့ကို ရှဲ့နေတာလား ..."

ဟု ဒေါသကို ချုပ်တည်းထားရသော အသံဖြင့် ပြောသည်။

"ငါ ဘာမှ ရှဲ့စရာ မရှိဘူး ... အေးဆေးပဲ ... နှင် ငါ့ကို ပြဿနာ လာမရှာနဲ့ ထွန်း ... နှင့်လမ်းနှင်သွား"

"မနက်ဖြန် နှင်နဲ့ငါ တွေ့မယ်"

ဟု သူမကိုပြောပြီး သူက စဝ်နန္ဒီကို တစ်ခုခုသွားပြောကာ ဆိုင်ထဲမှ ထွက်သွားကြလေသည်။ သူမ ရင်ထဲတွင် ဟာသွားကာ ကြေကြေကွဲကွဲ ဖြစ်သွားသည်။ တစ်ခါမှ ခုလို စွန့်ပစ်ခံရသလို ခံစားချက်မျိုး မဖြစ်ပေါ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ ခင်ဗျားရဲ့လူ ထင်တယ်၊ ကျွန်တော်နဲ့ အထင်လွဲသွားတာ ဖြစ်မယ် …"

ဟု ရှေ့ကလူက ခန့်မှန်းကြည့်သည့် ပုံစံဖြင့် ပြောလေသည်။

"ဟုတ်တယ်၊ သူက စိတ် သိပ်ဆတ်တာ …"

"ဆောရီးမဲဗျာ၊ ကျွန်တော် နေရာရှေ့ပေးပါ့မယ်၊ ဟို စားပွဲတစ်ပွဲတော့ လွတ်သွားပြီ …"

"ရပါတယ်၊ စားလက်စ တန်းလန်းကြီး ဖြစ်နေတာ၊ ဆက်သာစားပါ၊ အာမှမဖြစ်ပါဘူး … သူနဲ့ကျွန်မက ဒီလိုပါပဲ"

စားလက်စ သဘော်သီးထောင်း အရသာပင် အရသာကင်းမဲ့သွားပြီ။ ရင်ထဲတွင် နင့်နင့်မာမာကြီး ခံစားရကာ ငိုသာငိုချင်လာသည်။ ဒီလောက်ချောတဲ့ မိန်းမလှတစ်ယောက်ရဲ့ ညို့ငင်ဆွဲဆောင်မှု ကွန်ယက်ထဲသို့ သူ အချိန်မရွေး ငြိတွယ်မသွားနိုင်ဘူးလား။ သူက ဘယ်လောက် ထူးကဲလျစ်လျူရှုနိုင်မယ့် ယောက်ျားမို့လို့လဲ။





"ကဲ … ကျွန်တော့်ကို ခွင့်ပြုပါဦး …"

ဟု ဆိုကာ သူက ပိုက်ဆံရှင်းပြီး ထ,ထွက်သွားသည်။ သူ ထွက်သွားပြီး အတော်ကြာမှ … သူမလည်း ပြန်တော့မည်လို့ ဆုံးဖြတ်ကာ … ပိုက်ဆံရှင်းဖို့ ခေါ်လိုက်တော့မှ …

"ရှင်းသွားပြီခင်ဗျ၊ ဟိုအစ်ကိုလေ … အစ်မနဲ့အတူစားတဲ့ အစ်ကို …"

ဟု စားပွဲထိုးလေးက ပြောလေသည်။ သူကလဲ ဘာဖြစ်လို့ ရှင်းသွားပါလိမ့်ဟု အံ့သြလိုက်သည်။ , ဘာမှ မဆိုင်မပတ်သက်ပါဘဲနှင့် …။

ဆိုင်ထဲမှထွက်ပြီး အိမ်သို့သာ တန်းပြန်လာခဲ့သည်။ ထိုနေ့ညနေပင် သူ ရောက်လာခဲ့၏။ မျက်နှာက အစွမ်းကုန် ရန်လိုတော့မည့်မျက်နှာ။

"လာ၊ ခြံထဲသွားမယ် …"

ဟု သူပြောသည့်အတိုင်း နှစ်ယောက်သား ခြံထဲသို့ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကင်းကိုစားချင်တာနဲ့ မြင်းတစ်ကောင်ထိုးကျွေးမှန်း ခုမှပဲ ငါ သိလိုက်ရတယ်၊ နင် ငါ့ကွယ်ရာမှာ ပက်ပက်စက်စက်ကို သစ္စာဖောက်နေတာပေါ့လေ၊ အရှက်မရှိတဲ့ မျက်နှာနဲ့ စုံတွဲခုတ်နေတာပေါ့လေ"

ဟု သူက သူ့ထုံးစံအတိုင်း ရူးပူးဝါးဝါးဖြင့် စတင်အော်ဟစ်လေသည်။ သူမ ရင်ထဲတွင် မခံချင်စိတ်တို့ဖြင့် တင်းကျပ်မွန်းဆို့လာသည်။

သူ့မျက်နှာကို စူးစူးရဲရဲပင် ပြန်ကြည့်ကာ ...

"သြော်၊ နင်ကတော့ အရှက်ရှိသကိုး၊ ရိုးသားသကိုး၊ အပြစ်ကင်းသကိုး ...

ဒီမှာ ထွဋ်ညီ ... နင် မှတ်ထား ... လောကမှာ Action ရှိရင် Reaction ရှိမယ် ... Action တစ်ခုကိုလုပ်ပြီး Reaction ကို မလိုချင်လို့ မရဘူး ... ဒါ နိယာမပဲ"

ဟု ပြန်ပြောလိုက်သည်။ သူ့မျက်နှာရှိ သွေးများ ဆူပွက်လာသလို နီရဲပူပြင်းလာသည်ကို သူမ မြင်ရသည်။

"ဒါ နင့်ရဲ့ Reaction ပေါ့ ... ဟုတ်လား စာမရီ ..."





သူကမေးလျှင် ... သူမ ဖြေရှင်းဖို့ လုံးဝစိတ်ကူးပေါ်မလာဘဲ ... အေးခဲစိမ်းကားစွာပင် တိတ်နေလိုက်သည်။ သူသည် သူမကို ပြာကျသွားမတတ် လောင်ကျွမ်းစွာ ကြည့်သည်။

"ဒီပြဿနာကို နင်က စခဲ့တာ စာမရီ၊ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်တော့မယ်ဆိုတာ ငါ ကြိုမြင်နေတယ်၊ နင် အနေအထိုင် ဆင်ခြင်ပါ၊ ငါ့ကို မရွဲ့နဲ့ ... ငါက ယောက်ျား ... မှားရင် ပြင်လို့ရတယ်၊ နင်က မိန်းကလေး ... ငါနဲ့ လာမယှဉ်နဲ့ ..."

စာမရီသည် သူ့ စိတ်ကျေနပ်၊ သံသယရှင်းသွားလောက်အောင်ကို ဖြေရှင်းချင်စိတ် တကယ်ပင် မရှိချေ။

တကယ်ဆို မှားယွင်းအပြစ်ကျူးလွန်သူမှာ သူကိုယ်တိုင်ဖြစ်သည်။ စာမရီ မဟုတ်။ မဟုတ်တာကို ဖြေရှင်း၍ သူ စိတ်ပေါ့ပါး လွတ်မြောက်ခွင့်ကို မပေးလိုချေ။ သူသည် ... စာမရီ ခံစားရသလို ... သူလည်း ဆင်တူခံစားချက်မျိုး ခံစားသင့်သည်။ ဒါမှ စာမရီ့ကို သူ ကိုယ်ချင်းစာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းရှိမည်။

"စာမရီ၊ နင်ဟာ ငါ့ရဲ့ အမြဲတမ်းချစ်သူနော် ... နင် ငါ့ကို သစ္စာဖောက်ဖို့ စိတ်တောင် မကူးနဲ့ ...

ငါ စဝ်နန္ဒီကို တွဲနေတယ်ဆိုတာ ... ငါ ရှုပ်ထားမိတဲ့ ကြိုးအရှုပ်အထွေးကို ငါ့ဘာသာ ပြန်ရှင်းအောင် ဖြည်နေတဲ့ သဘောပဲ၊ နင် ငါ့ကို အချိန်တစ်ခုပဲ ပေးရမှာ ..."

သူ ဘာဆိုလိုသည်ကို သူမ နားမလည်ပါ။

"နင် စဝ်နန္ဒီကို စပြီး မဖြတ်ရဘူးလို့ ငါ ပြောထားပြီးသားနော် ..."

ဟု သူမ ပြောလိုက်သည်။ သူက သူမကို ဆတ်ခနဲ လှည့်ကြည့်သည်။

"နင်က ဘာဖြစ်နေတာလဲ ..."

"မိန်းမတစ်ယောက်ဟာ ကစားစရာ မဟုတ်ဘူးဟဲ့ ... ရှုံ့ချည်နှပ်ချည်လုပ်လို့ မရဘူး ... သူ့ဘာသာ နင့်ကို စဖြတ်မှ နင် တာဝန်ကျေမယ် ..."





"အေး ... နင် တခြားယောက်ျားတစ်ယောက်ကို အသစ် တွေ့တာနဲ့ ငါ့ကို အပြစ်ဖြစ်အောင် တွန်းပို့နေတာဆိုရင်တော့ နင် မလွယ်ဘူး မှတ်ထားလိုက် ..."

သူက အနိုင်ပိုင်းကာ ... ကားကို တရကြမ်းမောင်း၍ ပြန်ထွက်သွားတော့သည်။ သူမတို့ ရန်ဖြစ်ကြတိုင်း သူ ဒီလိုပဲ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်သွားနေကျပါပဲ။ ပြီးတော့ နှစ်ယောက်စလုံး နေနိုင်သည်လည်းမဟုတ်။ တစ်ယောက်ယောက်က ပြန်လည်ချော့မော့ကာ ပြန်ချစ်သွားကြတာချည်းပင်။

သို့သော် ... ဒီတစ်ကြိမ်တွင်တော့ စာမရီသည် သူ့အပေါ် ခါတိုင်းထက် ပို၍နာနေကာ ကိုယ့်ဘက်ကလိုက် လျှော့ချော့မော့လိုစိတ် ပျောက်ဆုံးနေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ထိုရက်ပိုင်းမှာအတွင်း သူတို့နှစ်ယောက် အေးအေးသက်သာ ယှယှယယ တွေ့ရသည်လို့ မရှိဘဲ တွေ့လိုက်လျှင် တစ်ယောက် အပြစ် တစ်ယောက်ရှာမိကြကာ ... နောက်ဆုံးတော့ ရန်ဖြစ်ပြီး ခွဲခွာကြသည်နှင့် ဇာတ်သိမ်းလေ့ရှိသည်။

ဒုတိယအကြိမ် တိုက်ဆိုင်မှုကတော့ တစ်စုံတစ်ယောက်က တမင်လုပ်ယူသလားပင် ထင်စရာရှိသည်။

Titanic ကား ရုံတင်တော့ ... ထွန်းညီက ရုပ်ရှင် သွားကြည့်ဖို့ စျေခေါ်သည်။





"သမ္မတမှာ Titanic ရုံတင်နေပြီ တာမရိ ... ငါတို့ သွားကြည့်ရအောင် ..."

"စဝ်နန္ဒိနဲ့ သွားကြည့်ပေါ့ ..."

ဟု သူမက ရွဲ့ပြောလိုက်တော့ သူက မျက်ခနဲပင် ခုဲ၍သွားလေသည်။

"နင် ရန်မစနဲ့နော်၊ ငါက နင်နဲ့ကြည့်ချင်တာ၊ မိစဝ်က ကြည့်ဖို့ပြောနေတာ သုံးလေးခါ ရှိပြီ၊ ငါက နင်နဲ့အရင် ကြည့်ချင်လို့ ..."

မိစဝ်ဟု တရင်းတနှီး ခေါ်ဟန်က တာမရိ၏ နှလုံးသားထဲ ကန့်လန့်ဖြတ်တိုက်လျက် ဝင်လာသည်နှင့် ရင်ထဲတွင် ပူလောင်သွားလေသည်။

"မလိုပါဘူး၊ နင့်ဟာမနဲ့ နင့်ဘာသာကြည့် ... ငါက သိပ်ဝါသနာပါလှတာ မဟုတ်ဘူး ..."

"ဒါဆိုလဲ နေဟာ၊ ဆက်မပြောတော့ဘူး ..."

ဟု သူက စိတ်မရှည်နိုင်သလို ငေါက်ငေါက်ငမ်းငမ်းပြောသွားကာ ... လှည့်ထွက်သွားသည်ကို မတားမိ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ကျောင်းတုန်းက သူငယ်ချင်းတွေက ဂုံသားရင်း ပြန်လုပ်ရင်း Titanic ကြည့်ကြဖို့၊ လူစုကြတော့ သူမပါ မပါချင်ဘဲ ပါလိုက်ရလေသည်။

သီဂီက ကြိုတင်လက်မှတ် ကြိုဝယ်ထားမည်ပြော ပြီး ... သူငယ်ချင်းအားလုံး သမ္မတရုံအောက်မှာ ဆုံကြဖို့ ချိန်းခဲ့ကြသည်။ စာမရီ ရောက်သွားတော့ သီဂီတစ်ယောက် သာ ရောက်သေးသည်။

"လက်မှတ်တော့ ဝယ်ပြီးပြီဟဲ့၊ ဟိုကောင်တွေ နောက်က နေကြတာ ..."

သီဂီနှင့် နှစ်ယောက်သား ရုံအောက်ထပ်မှ မတ်တတ်ရပ်ရင်း စကားလက်ဆုံကျနေဆဲ ... ရင်းနှီးသလို ရှိသော အပြုံးမျက်နှာတစ်ခုကို သူမ အနားတွင် ရုတ်တရက် တွေ့လိုက်ရသည်။

"Titanic လာကြည့်တာ ထင်တယ်၊ ကျွန်တော်လ လာကြည့်တာ ..."

ဟု သူကလည်း မှတ်မိသိရှိစွာ နှုတ်ဆက်လာ





သည်။ သူ့မျက်နှာက တစ်ခါမြင်ရုံနှင့် နောက်တစ်ခါ မမေ့ နိုင်သော မျက်နှာအမျိုးအစားထဲတွင် ပါဝင်လေသည်။

"သြော်၊ ဟို ယိုးဒယားဆိုင်ထဲမှာ ဆုံခဲ့တာ၊ အဲဒီတုန်းက ဘာလို့ ကျွန်မအတွက် ရှင်းသွားရတာတုန်း ... အခုတော့ပဲ ခု ပြန်ပေးရမယ် ..."

"ဟာ ... ပြန်မပေးပါနဲ့၊ ပြန်ပေးချင်ရင် ကျွန်တော့်ကို တစ်ခုခု ပြန်ကျွေးပါ၊ ကျွန်တော်စားပါ့မယ် ... ကျွန်တော့် ကတ်ကလေး ပေးထားမယ် ..."

ဟု ဆိုကာ သူက ကတ်ကလေး ပေးသည်ကို လှမ်းယူထားလိုက်သည်။ သီဂီက ...

"ဟဲ့၊ စာမရီ စကားပြောနှင့်ဦး ... ငါ ဟိုကောင်တွေကို မုန်းသွားဆက်ကြည့်ဦးမယ်၊ ဘာဖြစ်နေကြတယ် မသိ ဘူး၊ ကြာလိုက်တာ"

ဟု ဆိုကာ ဖုန်းသွားဆက်သည်။ ကံကြမ္မာက လည်း တမင်တကာပဲ ရန်တိုက်ပေးနေသလား မသိနိုင်စွာပင် ထိုအချိန်မှာ ရုံအောက်ထပ်ထဲသို့ ထွင့်ညီတို့စုတွဲ တက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူမရော ထွင့်ညီပါ မျက်လုံးချင်းပြင်းစွာ ဆုံမိကြလေသည်။

ထွင့်ညီက သူမနှင့် ဘေးကလူကို မဲ့ပြုံးဖြင့် သရော်မော်ကား ကြည့်ကာ ... စဝ်နန္ဒီလက်ကို မြဲမြဲစွာဆုပ်တွဲလျက် လှေကားထစ်တွေပေါ်သို့ ပြေးတက်သွားခဲ့သည်။

"ကျွန်တော့်နာမည် လင်းနေပါ ... ခင်ဗျား နာမည်ရော သိခွင့်ရမလားဟင် ... ကျွန်တော်တို့ဆုံတာ နှစ်ခါရှိပြီဆိုတော့ ..."

"စာမရီ ပါ ... ကျွန်မ ကျောင်းပြီးတာ နှစ်နှစ်လောက်ရှိပြီ ... ခုလောလောဆယ်တော့ အလုပ်မရှိသေးဘူးပေါ့ ... Gift Shop ကလေးတစ်ခုတော့ ဖွင့်ဖို့စိတ်ကူးထားတယ် ... ပစ္စည်းအဆန်းအကျယ်ကလေးတွေပေါ့"

မရည်ရွယ်ဘဲ ... သူစိမ်းယောကျ်ားတစ်ယောက်ကို စိတ်လိုလက်ရ အားလုံးပြောဖြစ်သွားသည်။

"ကျွန်တော်က Clinic ဖွင့်ထားတာပါ ... ကျွန်တော်က ဆရာဝန်မဟုတ်ပေမယ့် ကျွန်တော့်ကုမ္ပဏီက နိုင်ငံခြား





ကဆေးတွေလည်း တင်သွင်းပါတယ်၊ တခြား Medical and Surgical instruments တွေလည်း တင်သွင်းတော့ Clinic တစ်ခုပါ ဖွင့်ဖြစ်သွားတာပါ ..."

ဟု သူက လေးနက်သော အမူအရာဖြင့် ရှင်းပြလျက် ရှိသေးသည်။

"ဟုတ်ကဲ့ ... ချမ်းမြေ့ Clinic က နာမည်ကြီးပါ ... ကျွန်မ သိပါတယ် ..."

"ဒီနေ့တော့ ကျွန်တော် အလုပ်နည်းနည်းပါးတာနဲ့ ရုပ်ရှင်ကြည့်ချင်စိတ် ပေါက်လာတာနဲ့ ဝင်ကြည့်တာ၊ လက်မှတ်ကတော့ မောင်ခိုကပဲ ဝယ်လိုက်တယ် ..."

သိဂီ ပြန်ရောက်လာကာ ...

"ဟဲ့ ... လာနေကြပြီတဲ့ ... တော်ပါသေးရဲ့ ..."

ဟု ဆိုသည်။

"သိဂီ ... ငါ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုလင်းနေတဲ့ ... ချမ်းမြေ့ Clinic ပိုင်ရှင်ပေါ့ ... မိတ်ဆွေအသစ်ဆိုပါတော့ဟယ်၊ ကိုလင်းနေ ... ဒါ သိဂီတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုန်းက သူငယ်ချင်း ... မဆုံဖြစ်ကြတာ ကြာလို့ ဂဲသားရင်းလုပ်ပြီး လှုပြန်စုကြတာလေ ..."

"ဟုတ်လား၊ ကောင်းတာပေါ့၊ ကျွန်တော့်ကိုလည်း သူငယ်ချင်း မိတ်ဆွေတစ်ယောက်လို သဘောထားပါ"

စာမရီသည် စကားပြောပြီး ... အပေါ်သို့ အမှတ်တမဲ့ မော့ကြည့်မိတော့ ... အပေါ်စီးမှနေ၍ သူမတို့ဆီသို့ မှုန်ကုတ်တင်းမာသော မျက်နှာထားနှင့် ငုံ့ကြည့်နေသော ထွန်းညီကို မြင်ရသည်။ သိင်္ဂီကလည်း မော့ကြည့်မိကာ ...

"ဟယ်၊ ဟိုမှာ ထွန်းညီ ပါလားဟဲ့ ... ကြည့်စမ်း ... ဘေးမှာလည်း ကောင်မလေး ချောချောတစ်ယောက်နဲ့ ... ဟဲ့ ... စာမရီ ဘယ်လိုဖြစ်ကြတာလဲ ..."

ဟု အလန့်တကြား ပြူးပြူးပျာပျာဟန်ဖြင့် မေးသည်ကို သူမက စိတ်ပေါက်ပေါက်ရှိသည်နှင့် ...

"အေး ... ငါတို့ ပြတ်သွားကြပြီ ... သူက နောက်တစ်ယောက်နဲ့ ..."





ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။ မကြာခင် တခြားသူငယ်ချင်းများလည်း ရောက်လာတော့မည်မို့ ... အဲဒီလိုမှ မပြောလျှင် ... သူငယ်ချင်းများရှေ့တွင် သူမတို့ တကွဲတပြားစီဖြစ်လျက် သူကတော့ တခြားမိန်းကလေးနှင့်တွဲ၍ ရုပ်ရှင်လာကြည့်သည့် အဖြစ်သည် သူမကိုယ်သူမ ဘယ်လိုကာကွယ်ရမှန်း မသိစေသော သူ့ရဲ့တရားမှုဖြစ်လေသည်။

"ဟယ်တော် ... ပြတ်သွားကြပြီလား၊ ငါတို့လည်း မသိလိုက်ပါလား၊ ဘယ်တုန်းက ပြတ်သွားကြတာတုံး"

"သိပ်မကြာသေးပါဘူး၊ ကြည့်လို့ကို မရဘူး သူ့ကို"

သိင်္ဂီက ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်နေသည်။ စာမရီသည် သူနှင့်ပြတ်ပြီဟု ပြောလိုက်မိသည် ခဏတွင်တောင် ရင်ထဲက နှလုံးသားကို ညှစ်လိမ်ချိုးခြေလိုက်သလို အစ်နင်သွားလေသည်။ တခြားမိန်းမနှင့် အတူယှဉ်တွဲ ရုပ်ရှင်လာကြည့်နေပြီဖြစ်သော အခြေအနေကို ရင်ထဲတွင် တဆစ်ဆစ်နာအောင် အခံရခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်တွင် သူငယ်ချင်းတွေ စုံစုံညီညီ ရောက်လို့လာသည်။ သူတို့က စာမရီ့ အနားတွင် ထွင့်ညီကို မတွေ့ဘဲ ... လင်းနေကို တွေ့ရခြင်းကို ပဟေဠိမျက်ဝန်းများနှင့် ရှုစမ်းလျက် ရှိကြလေသည်။

သီဂီက သူမအနီးမှတစ်ယောက်ကို ခပ်တိုးတိုးပြော ... ထိုတစ်ယောက်ကနေတစ်ဆင့် တစ်ယောက်ပြီးတစ်ယောက် လက်တို့ကာ တီးတိုးနှုတ်ခမ်းမလှုပ်ဘဲ စကားလက်ဆင့် သယ်သွားကြလျက် လူစုံတက်စုံ သိပြီးသွားကြသည်ကို သူမ တားမြစ်ပိတ်ဆို့နိုင်စွမ်းမရှိ။

ပို၍ဆိုးသည်က သူမဘေးတွင် ... ထွင့်ညီထက် အစစအရာရာ သာလွန်ချောမောသည့် စမတ်ကျကျ၊ ယဉ်ကျေးပျူငှာသော လူအသစ်တစ်ယောက် ကပ်လျက်ရှိသည်ကို သူတို့က တစ်မျိုး အဓိပ္ပာယ်ဖော် နားလည်လိုက်ကြသည်ကိုလည်း သူမက တကူးတက ဖြေရှင်းမနေ ...။

ရုံအပေါ်ထပ်သို့ တက်လာတော့ ထွင့်ညီကိုလည်း တခြားမိန်းမချောကလေးနှင့် စုံတွဲခုတ်လျက် တွေ့ရလျှင် ...





သူငယ်ချင်းများသည် အိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်ကာ၊ ထွင့်ညီကို နှုတ်ပဲဆက်ရမလို၊ မျက်စောင်းပဲ ထိုးရတော့မလို၊ မမြင်ချင်ဟန်ပဲ ဆောင်ရတော့မလို အချင်းချင်း မျက်စတွေပစ်၊ လက်ကုတ်သူကုတ်နှင့် အခြေအနေသည် မျှော်လင့်မထားသောပုံစံတစ်မျိုးသို့ ချိုးကွေ့သွားခဲ့လေသည်။

ထွင့်ညီကလည်း သူငယ်ချင်းတွေကို နှုတ်မဆက်သည့်အပြင် စာမရီ့ဆီသို့သာ စူးရှပူပြင်းသော လောင်မြိုက်အကြည့်များဖြင့် ပြင်းပြင်းထန်ထန် စူးစိုက်ကြည့်လျက်ရှိ၏။

စာမရီသည် မာနနှင့် အရှုံ့တိုက်ချင်စိတ်က ရင်ထဲတွင် ရုတ်တရက် ရုန်းကြွလာကာ အနားရှိ လင်းနေကို လိုအပ်သည်ထက်ပို၍ ဟက်ဟက်ပက်ပက် ဆက်ဆံပစ်လိုက်သည်။

ရုံထဲတွင် ထွင့်ညီတို့စုံတွဲက ရှေ့ဘက်ကျပြီး ... သူမတို့က နောက်ဘက်ကျသည်။ လင်းနေက သူမဘေးခုံရှိ လူတစ်ယောက်ကို ချိုသာလိုက်လှဲစွာ အကူအညီတောင်းပြီး ... နေရာချင်း လဲယူလိုက်သည်ကို သူမ မတားမိ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း ကြည့်ရမှာ ပျင်းလို့၊ စာမရီ့နားမှာ ထိုင်မယ်နော်၊ အနှောင့်အယှက် မဖြစ်ဘူး မဟုတ်လား"

ဟု သူ့ရဲ့ သေသပ်သော အပြုံးနှင့် ပြောသည်ကို ... သူမက ...

"ရပါတယ်၊ ကြည့်ပါ ..."

ဟု ခွင့်ပြုလိုက်ခြင်းဖြင့် ... ထွန်းညီရဲ့ သံသယကို မုန်တိုင်းသဖွယ် ပြင်းစေလိုက်သည်။ ထွန်းညီ ဂနာမငြိမ်နိုင်သည်ကို သူမက အပေါ်စီးမှ မြင်နေ၏။ အိမ်သာသွားသလိုလိုနှင့် အရှေ့ဘက်သို့ထွက်ကာ ... သူမနှင့်လင်းနေ ယှဉ်တွဲထိုင်လျက်ရှိသည်ကို တလက်လက် တောက်ပြောင်လင်းပွင့်သော အကြည့်တို့ဖြင့် တင်းတင်းမာမာ ကြည့်လိုက် ... နှုတ်ခမ်းကို မျဉ်းတစ်ဖြောင့်တည်းဖြစ်အောင် စေ့ပိတ်ထားလိုက် ... နှုတ်ခမ်းကိုက်လိုက်နှင့် ... သူ လောင်ကျွမ်းနေသည်ကို သူမ ကျေနပ်လေသည်။

ရုပ်ရှင်ပြီးသွားတော့ သူငယ်ချင်းတွေက ဟော့ပေါ့(ထ်)သွားသောက်ဖို့ စိတ်ကူးရသည်။





"ရွှေရှမ်းကန်မှာ သွားသောက်ရအောင် ... ဟဲ့ ... ကားမရှိဘူးနော် ... ငါတို့က ကားပြန်လွှတ်လိုက်တာ တက္ကစီနဲ့ပဲ သွားကြတာပေါ့ ..."

ဟု သီဂီက ဟောင်ဖွာဖွာဖြင့် အော်လျှင် ... လင်းနေက ကြားသွားပြီး ...

"ဒါဆို ... ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ကျွန်တော့်ကားက LANDCRUISER ဆိုတော့ ကြီးတယ် ... နောက်ခုံနှစ်တန်းပါတယ် ... ဒီလူအုပ်နဲ့ လောက်ပါတယ် ..."

ဟု ချိုသာယဉ်ကျေးစွာ ဖိတ်ခေါ်လေသည်။

"ကောင်းသားပဲ ... စာမရီ့ကိုမေး ... သူ့သဘော"

ဟု တစ်ယောက်ကဆိုလျှင် ... စာမရီသည် ...

"နေပါစေဟာ ... အားနာစရာကြီး ..."

ဟု ငြင်းသေးသည်။

"အားမနာရပါဘူး ... ကျွန်တော့်ကို စာမရီ ပြန်ကျွေးဖို့ရှိတယ်လေ၊ ဟော့ပေါ့(ထ်)လိုက်သောက်မယ်၊ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



အကြွေးကျေပြီပေါ့ ... ဟုတ်ပြီလား၊ မငြင်းပါနဲ့နော်”

ဟု ခနယယ ပြောနေသဖြင့် ဆက်မငြင်းမိတော့ချေ။

“ပြီးရောဟာ ... သွားတာပေါ့ ...”

ဟု သဘောတူလိုက်ပြီး ... သမ္မတဟိုတယ်လ်ရှေ့တွင် ရပ်ထားသော သူ့ရဲ့ နီ့နှစ်ခရင်(မ်)ရောင် ကားပေါ်သို့ တရုန်းရုန်း တက်ကြသည်ကို ... ထွဋ်ညီသည် မလှမ်းမကမ်းမှ အားခဲတင်းမာသော မျက်နှာထားဖြင့် စောင့်ကြည့်နေသည်။

“စာမရီ၊ နင်ကတော့ ရှေ့ကပဲစီးတော့ ... နောက်မှာ လူပြည့်ပြီ ...”

သူငယ်ချင်းတွေက ဘာမှသိမြင်နားလည်သည် မဟုတ်။ ထွဋ်ညီကို တခြားကောင်မလေးနှင့် စုံတွဲခုတ်နေတာလည်း မျက်ဝါးထင်ထင်မြင်နေ၊ ပြတ်ပြီဟု သူမဆီက ပြတ်ပြတ်သားသားလည်း ကြားခဲ့ပြီမို့ ... စိတ်မကောင်းဖြစ်ရုံကလွဲ၍ အထူးအထွေ မဖြစ်ကြဘဲ ... သူမအနားရှိ လူအသစ်ကို ပယောဂ ဖြစ်နေကြသည်။





သူမတို့ကား ရွှေရှမ်းကန်သို့သွားသော လမ်းတစ်လျှောက်တွင် ... နောက်မှ ထွဋ်ညီကား ရှဲဒိုးလိုက်လာသည်ကို သူမက ဘေးကြည့်မှန်ထဲမှ လှမ်းမြင်နေသည်။

ရွှေရှမ်းကန်အထိ သူတို့လည်း ပါလာကြသည်။

“ဟဲ့ ... ထွဋ်ညီကလည်း မျက်နှာပြောင်လှချည်လား၊ ဘေးမှာလည်း ကောင်မလေးတန်းလန်းကြီးနဲ့ ဒီအထိလိုက်လာတာ ဘာသဘောလဲဟ ...”

အဲ့ဒီကောင် ငါ ပြောပစ်ချင်လိုက်တာ နှုတ်သီးယားလာပြီ ...”

“နှုတ်သီးယားရင် အသာလေးကုတ်လိုက် ...”

“အံမယ်၊ သူကပဲ စာမရီ့ကို မီးလျှံလိုအကြည့်နဲ့ လိုက်ကြည့်နေသေးတယ်၊ သူကပဲ စပြီးသစ္စာဖောက်ပြီးတော့ ဗျား ...”

“စာမရီ၊ သိပ်ဂရုစိုက်မနေနဲ့၊ ငမဲသွားရင် ဖြူလာလိမ့်မပေါ့ ... သူတောင် သစ္စာဖောက်ရဲသေးတာ၊ နင်လည်း အသစ်တစ်ယောက် ခေါင်းခေါက်ရှာပစ်လိုက်၊ မရှားပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ... အဲ့ဒါမျိုးတော့ ငါအားပေးတယ် ..."

စသဖြင့် သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်း၍ မီးလောင်ရာလေပင့် ပေးလျက်ရှိကာ ... လင်းနေဆီသို့ မျက်စ၊ မျက်နတွေ ပစ်သူက ပစ်လေသည်။

သူငယ်ချင်းတွေ ညံညံစီကာ ပျော်ကြဆဲ ... လင်းနေသည် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်လိမ္မာသူ ပါးနပ်သူ ဖြစ်သောကြောင့် ... ထိုအုပ်စုအတွင်းသို့ အလိုက်သင့် အသာအယာပင် စီးမျောဝင်ဆန့်နိုင်ခဲ့လေသည်။

"ကိုလင်းနေက Clinic ပိုင်ရှင်ဆိုတော့ ပိုက်ဆံတွေ ထားစရာတောင် နေရာရှိရဲ့လား မသိဘူးနော် ..."

"ထားစရာမရှိလဲ ကျွန်မတို့ဘက်သာ ကြဲလိုက် ဟီဟိ"

"ကြဲပါတယ်ဗျာ ... ကဲ ... အခု ကျွန်တော် ဒီဆိုင်ထဲမှာ ပိုက်ဆံကြဲမယ်ဆိုရင် သိဂီတို့ တကယ် လုရဲသလား ..."

"အောင်မယ်၊ စိန်ခေါ်တယ်ပေါ့၊ ကဲ ကဲ ... ဘယ်လောက်တန်ကြဲမှာလဲ ပြော ..."





"တကယ်လုရဲလို့လား ..."

"အို ... ဘာလို့ မလုရဲရမှာလဲ၊ ဘယ်လောက်တန်ကြဲမှာလဲသာ ပြော"

"ဟဲ့ ... နင်တို့တွေနော်၊ အရှက်မရှိ သိက္ခာမရှိ မလုပ်ကြနဲ့နော် ... အသက်တွေကဖြင့် ကြီးလှပြီ ... ဆိုင်ထဲမှာ ဝုန်းဒိုင်းကြဲကုန်မှာပေါ့ဟဲ့ ..."

"မဟုတ်ပါဘူး ... ငါတို့ကို စိန်ခေါ်လို့ပါဟယ်၊ စာမရို၊ နင် အသာနေစမ်း ... ကဲ ... ကိုလင်းနေ တစ်ထောင်တန် ကြဲမလား ... ကျွန်မတို့ လုမယ် ..."

"ဟား ဟား ဟား ... ကဲ ကြဲမယ်ဗျာ ... သိဂီတို့ တကယ်လုရဲရင် ကျွန်တော် တကယ်ကြဲမယ် ..."

"အိုကေ၊ စိန်လိုက် ... ကြမ်းပြင်ပေါ်ကို မကြဲနဲ့ ... ဒူးပြဲလိမ့်မယ်၊ ဒီ စားပွဲပေါ်ကြဲ ..."

"ဩော် ... ဩော် ... ပိုက်ဆံလုရတာ သိပ်မောပန်းနွမ်းနယ်နေဦးမယ် ..."

"ရှတ် ရှတ်၊ မောင်လေးရေ ... ဟော့ပေါ့ထဲအိုး မချခင်



www.burmeseclassic.com

www.burmeseclassic.com



ဒီစားပွဲကြီးပေါ်က ပန်းကန်ခွက်ယောက်တွေ ခဏရှင်းပေးစမ်းပါကွယ် … ဒီမှာ အစ်မတို့ ပိုက်ဆံလုမလို့ …”

သူမတို့ တစ်ဝိုင်းလုံး တစ်ယောက်တစ်ပေါက် အသံတွေနှင့် ဆူညံလျက်ရှိသည်။

“သိဂီ၊ နင်တော်တော်ကဲနော် … ရှက်စရာကြီးဟယ်၊ သူများတွေ ဝိုင်းကြည့်နေတယ် …”

“ကြည့် ကြည့်၊ ဒီမျက်နှာတွေ နောက်တစ်ခါ ပြန်မြင်ရမှာ မဟုတ်ဘူး … ငါ ဟိုကောင့်ကို အမြင်ကပ်လို့ တမင် လုပ်နေတာ … ချ ချ … ကိုလင်းနေ ကြဲလို့ရပြီ”

စားပွဲမှာ လက်တွေအားလုံး ဝိုင်း၍ယှဉ်ထားပုံကြီးမှာ အတော်ရယ်စရာ ကောင်းလှသည်။ ခင်မတို့ မယ်သီတာတို့ဆို အကျီလက်မောင်းတွေပင် ပင့်တင်လို့။

လင်းနေက ရယ်ရလွန်း၍ မျက်ရည်ပင် လဲ့ဝေသီလျက် … အိတ်ထဲမှ ဆောင်တန်ငါးရွက်ကို အရင်ထုတ်ကာ မြှောက်ထောင်လိုက်သည်။





“ကဲ … ကြဲပြီနော် …”

ဟု အော်ကာ ပိုက်ဆံကို စားပွဲပေါ် ဖြန့်ကြဲချလိုက်လျှင် တဝုန်းဝုန်းလုသံတွေ၊ လက်တွေရှုပ်ယှက်ခတ်ကာ အော်ဟစ်ရယ်မောသံတွေ ရုတ်တရက် ဆူညံသွားသည်။

“ဟယ် … စိန်ခင်မ ကြည့်စမ်း … လက်ဝါးကြီးအုပ်ပြီး အတင်းလုတယ် …”

“သိဂီ ငါ့လက်ထဲက အတင်း လုသွားတယ် …”

“ငါကျတော့ တစ်ရွက်မှ မရဘူး … မိန်းမတွေ အရှက်ကို မရှိဘူး”

“ထပ်ကြဲရဦးမလား …”

“တော်ပြီ … တော်ပြီ … မကြဲနဲ့တော့ … ဆူညံနေတာပဲ၊ ဗိုက်ဆာပြီ … ဟော့ပေါ့(ထ်) သောက်ချင်ပြီ …”

သူများတွေက စာမရီတို့ဝိုင်း … ကလေးကလားဆန်ကာ ဝုန်းဒိုင်းကြသည်ကို ပြုံးစိစိနှင့် ကြည့်သူကြည့်၊ အနှောင့်အယှက် ဖြစ်သည်ဟုသော အကြည့်မျိုးနှင့် ကြည့်သူကြည့်၊ အဆိုးရွားဆုံးက ထွင့်ညီရဲ့ ပေါက်ကွဲတော့မတတ်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရိုင်းတွေကြောင့် ... စာမရီက အတင်းဟန့်တားလိုက်ရသည်။

"ဟော့ ... ကိုလင်းနေ ... နောက်တစ်ကြိမ် မကျေပွဲကို နွှဲဦးမယ် ... ခြံထဲဖိတ်ပြီး ထမင်းကျွေးပြီးတော့ကို ပိုက်ဆံကြိုခိုင်းဦးမယ် ..."

"အိုကေ ... ကျွန်တော် အဆင်သင့်ပဲ ... သီဂီတို့ ခင်မတို့ တော်တော်ပျော်တတ်ပုံရတယ်နော်၊ ဒီလို သူငယ်ချင်းအသစ် တွေ့ရတာ ကျွန်တော် တော်တော် စိတ်ချမ်းသာတယ် ... တကယ့်ကို ပြန်ပြီး နုပျိုလန်းဆန်းသွားတာပဲ၊ နို့မို့ဆို ကျွန်တော်က စီးပွားရေးလောကထဲမှာပဲ ဂျင်ချေလည်နေတာပဲ ... Stress တွေ သိပ်များလာရင် ... ငပလီတို့၊ ချောင်းသာတို့ Beach တွေသွားပြီး အပန်းဖြေတာမျိုးလောက်ပဲ ကျွန်တော့်ဘဝမှာ Recreation ရှိခဲ့တာ ..."

မကကယ်က ခုလို သူငယ်ချင်းတွေနဲ့ဆုံပြီး ဟားတိုက်ရယ်ဖစ်ရမှာ၊ ကျွန်တော့်ကို ... သူငယ်ချင်းတွေ





အားလုံးရဲ့ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ရေးပေးကြဗျာ၊ Special Occasion တစ်ခုခုရှိရင် ကျွန်တော် အားလုံးကိုဖိတ်မယ်၊ ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ သတ်မှတ်ပေးပါ ... ဒါ ကျွန်တော့်ကတ်"

ဟုဆိုကာ သူက သူ့က[illegible]တွေကို သူငယ်ချင်းအားလုံးကို လိုက်ဝေပေးသည်။ [illegible]ကိုက သူ့ကတ်ပေးအားပြီးပြီမို့ သိသိသာသာပင် ထပ်၍[illegible]ချေ။ ထိုအပြုအမူကို တစ်ယောက်ယောက်က စောင့်ကြည့်မည်ဆိုလျှင် သူမနှင့်သူ ခင်းနီးပြီးသားလို အဓိပ္ပာယ်သက်ရောက်ပါလိမ့်မည်။ ဒါကို မွှင့်ညီလည်း မသိဘဲ နေမည်မဟုတ်။

"သီဂီတို့က ခင်စရာကောင်းမှ ခင်တတ်တာပါ၊ ကိုလင်းနေက Flexible ဖြစ်တယ် ... ခင်ဖို့ကောင်းလို့ကို ခင်လိုက်တာ ..."

ထို့နောက် ဟော့ပေါ့(ထ်)ကို စပျော်တပါး သားလုံးတွေလုရွေး၍ သောက်ကြသည်က ကျောင်းတုန်းက အကျင့်ဗီဇမို့ မပျောက်ဖျက်နိုင်။ လူကြီးတွေ ဖြစ်ခဲ့သည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ ပြန်ဆုံလျှင် ဟန်ပန်မဆောင်နိုင်ဘဲ ကလေးတွေပမာ ပြန်ဖြစ်သွားကြသည်ကိုက လင်းနေနှင့် ထိုအုပ်စု တရင်းတနှီး ဖြစ်သွားဖို့ အခွင့်အရေးတစ်ခု ဖြစ်ခဲ့သည်။

ဟော့ပေါ့(ထ်)စားရင်း စကားတွေ ဖောင်ဖောင်ကြဲအောင် ညည်းစီစီ ပြောကြပြီးနောက် အိမ်ပြန်ကြဖို့ အချိန်ရောက်လာသည်။

"အားလုံးကို ကျွန်တော် ပြန်လိုက်ပို့ပေးမယ် ..."

"အမယ်လေး၊ သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ ..."

ဟု အားလုံး ဝမ်းသာ သဘောကျကြလေအောင် အဲဒီ လင်းနေရဲ့ ခြေလှမ်းတို့က တိုးတိတ်ညင်သာခဲ့လေသည်

"ထွန်းညီ ... မင်းကို ကိုယ်ကြည့်နေတာ ကြာပြီနော် မင်း အမူအရာ ပျက်ယွင်းနေတာ ရုပ်ရှင်ရုံကတည်းကပဲ အဲဒီ လက်ပံပင်ဆက်ရက်ကျ အုပ်စုကိုပဲ စိတ်ဝင်တစား လိုက်ကြည့်နေတယ် ...

ဘယ်လိုဖြစ်နေသလဲ ... အခုလဲ ... စားပြီးသော ပြီးတာ ကြာပြီ ... မပြန်သေးဘူးလား ... မင်းရဲ့စိတ်က





ကိုယ့်ဆီမှာရော ရှိရဲ့လား ... ရှင်းရှင်းပြောထားတယ်နော် ... ကိုယ့်ကို မင်း မစော်ကားနဲ့ ..."

စဝ်နန္ဒီသည် သည်းမခံနိုင်တော့သည့် အခြေအနေတွင် ... ရင်ထဲတွင် မျိုသိပ်မထားဘဲ ဖွင့်ပြောလိုက်သည်။

သူ့ရင်ထဲမှာ တင်းမာကျုပ်ခဲနေသော အစိုင်အခဲက ထွက်ပေါက်မရှိ ဖြစ်နေချိန်တွင် စဝ်နန္ဒီရဲ့ စကားကြောင့် သူ့ဒေါသတွေ စဝ်နန္ဒီဆီသို့ စုရုံးကျရောက်သွားလေသည်။

"မင်းကို ကိုယ် ဘာစော်ကားလို့လဲ မိစဝ် ... စကားပြောတာ ကြည့်ပြောကွာ၊ ဒီမှာ စိတ်က အချဉ်ပေါက်နေတယ်"

"ဘာကို အချဉ်ပေါက်နေရတာလဲ ... ကိုယ့်ဘေးနားမှာ ရှိနေပြီး ကိုယ့်ကို ဂရုမစိုက်တာ၊ ကိုယ့်ဆီမှာ မင်းရဲ့ အာရုံဝင်စားမှု ရှိမနေတာ ကိုယ့်ကို မင်း စော်ကားနေတာ မဟုတ်ဘူးလား ...

တော်ပြီ ... တော်ပြီ ထွန်းညီ၊ ကိုယ် မင်းနဲ့ရန် မဖြစ်ချင်ဘူး၊ ကိုယ့်ကို အိမ်ပြန်ပို့ပေးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲ့ဒါ အကောင်းဆုံးပဲ ..."

သူ ရေရွတ်လိုက်ကာ ဝုန်းခနဲ ထ,ရပ်ပစ်လိုက်သည်။ စဝ်နန္ဒာလည်း တစ်သက်လုံးက ဘယ်သူ့အကျော်

မခံခဲ့သူမို့ ... မျက်နှာထားတင်းမာကာ သူ့ကို စကားတစ်ခွန်း

မှမပြောတော့ဘဲ သူမအိမ်ရောက်သည်နှင့် သူ့ကို နှုတ်မဆက်

ဘဲ ဆင်းသွားသည်ကို သူကလည်း ဂရုမစိုက်လှစွာ ကား

အရှိန်မပ်မြင်းပြင်းဖြင့် တရကြမ်း မောင်းထွက်လာခဲ့သည်

စဝ်နန္ဒာ စိတ်ဆိုးငြိုငြင်မှုကို သူ အနည်းအကျဉ်

ကလေးမှ မပူပန်မိ။

သူသည် ကားကို စာမရီ့အိမ်သို့ တစ်ရှိန်ထိ

မောင်းလာခဲ့သည်။ သူ ရောက်သွားချိန်တွင် စာမရီ ပြန်

ရောက်သေး။ သူ့ ဒေါသတွေသည် မီးလျှံပြင်းပြင်း လော

ငြီးသလို တဖျင်းဖျင်းမြည်လျက် ဆောက်တည်ရာမဲ့ ဖြစ်နေ

သည်။

"ကျွန်တော် ခြံထဲကပဲ စောင့်တော့မယ် ..."

ဟု စာမရီ့ မေမေကို ပြောခဲ့ကာ ခြံထဲသို့ ဆင





စောင့်နေဆဲ ... သံသယများဖြင့် လောင်မြိုက်နေသော အာရုံ ထဲတွင် အဲ့ဒီလူသစ်နှင့် သူမ ဘယ်တွေလျှောက်သွားနေပါ လိမ့် ... ဟူသော မေးခွန်းသာ ထပ်တလဲလဲ၊ ထင်ရှားစွာ ပေါ်နေသည်။

တစ်နာရီကျော်ကြာအောင် သူ ဒေါသများဖြင့် လှိုက်ဖိုလုံးထွေးနေခဲ့ရပြီး ... ခြံထဲသို့ ကားတစ်စီး ဝင်လာသံ ကြားရသည်။ သူမနှင့်အတူ ယှဉ်တွဲပါလာသူကို သူ့ ဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေလိုက်သည်။

ပြုံးသနာရှာချင်သော သွေးဆိုးသည် ဆူဝေလျှံ ကျမတတ်ရှိဆဲ ... ထိုလူ့ကားက ပြန်ထွက်သွားခဲ့သည်။ စာမရီက သူ့ကို မြင်လေသည်။ သူရှိရာသို့ အေးအေးဆေးဆေး ခြေလှမ်းများဖြင့် လျှောက်လာပုံကိုက မထီတရီ နိုင်လှသည်။

"ဘယ်လိုဖြစ်နေတာလဲ ထွင်း၊ မီးမြိုက်ခံထားရသလို မျက်နှာကြီးနဲ့ သွေးရူးသွေးတမ်း ဖြစ်နေသလား ..."

စာမရီက အံ့ထေ့အရိကလေးဖြင့် စတင်လိုက် သည်။ စာမရီ့ ရင်ထဲတွင်လည်း သူ့ထက်မလျော့သော ...



www.burmeseclassic.com

www.burmeseclassic.com



ပူပြင်းလောင်ကျွမ်းမှု ရှိနေကြောင်း သူ့ကို သိခွင့်မပေးနိုင်ပါ။ အပြင်ပန်းက အေးစက်ချင်ဟန် ဆောင်ထားရသလောက် ... ရင်တွင်းမှာ ဆူဝေစပ်ဖျင်းလျက် ရှိတာကို ကိုယ့်ဘာသာပဲ သိလေသည်။

"နင် ငါ့ကို မရွဲ့နဲ့လို့ ငါ ပြောထားတယ် နော် စာမရီ၊ ခုအချိန်မှာ ငါ့စိတ်ကို လွှတ်ပေးလိုက်ရင် အရင်ဆုံး ငါ လုပ်မိမှာက နင့်ကို ဆွဲထိုးမှာပဲ ..."

"နင် ဘာဖြစ်နေတာလဲ ထွန်း ... တကယ်တမ်းစပြီး သစ္စာဖောက်တဲ့လူက ဘယ်သူလဲ၊ တရားမျှတမှု နည်းနည်းလေးမှ မရှိတာ ဘယ်သူလဲ"

"မှန်တယ်၊ ငါ သစ္စာဖောက်မိတာကို ငါ နင့်ဆီမှာ ရိုးသားစွာ ဝန်ခံခဲ့တယ်၊ ဘယ်သူက သူရဲကောင်းကြီး လုပ်ပြီး ငါ့ကို စပ်နန္ဒီနဲ့ ဆက်တွဲဖို့ အမိန့်ပေးခဲ့တာလဲ၊ ပြီးတော့ နင် ငါ့ကိုပြန်ပြီး သစ္စာဖောက်နေခဲ့တာကို ငါက မျက်ဝါးထင်ထင် တွေ့နေရတာ ...

နင် အသစ်ပြောင်းချင်တိုင်း ငါ့ကို အပြစ်ဖြစ်





အောင် နင်ပဲ ဖန်တီးခဲ့တာ ... ဒီနေ့ဆို သူငယ်ချင်းတွေက ဘယ်သူမှ ငါ့ကို နှုတ်မဆက်ကြဘူး ... ငါသာလျှင် နင့်ကို သစ္စာဖောက်တဲ့လူ၊ နင် သစ္စာဖောက်တာကိုတော့ သူတို့ မမြင်ဘူးလား ... ဒီလိုဖြစ်အောင် နင်လုပ်တာ၊ နင့်ကို ငါ လုံးဝ အစာမကျေဘူး စာမရီ ..."

"အစာမကျေလည်း ငါ မတတ်နိုင်ဘူး ထွန်း ... နင် သိထားဖို့က နင် ကျေနပ်အောင် ... နင်သံသယကင်းရှင်းပြီး လွတ်မြောက်ပေါ့ပါးအောင် ငါ ဘယ်တော့မှ ဖြေရှင်းမှာ မဟုတ်ဘူး ...

သစ္စာဖောက် ခံရခြင်းဆိုတဲ့ ဝေဒနာကို ငါတစ်ယောက်တည်း မခံစားနိုင်ဘူး ... အေး ... နင် ငါနဲ့ ထပ်တူ ခံစားရတယ်ဆိုရင် ငါ ကျေနပ်တယ် ..."

သူနှင့် သူမကြားက ဆက်သွယ်ပေးနေသော အငွေ့အသက်သည် ... ခဏအတွင်းမှာပင် အစိမ်းရောင်ရင့်ရင့် နှင့် အေးစက်ကျဉ်ခဲခြင်းသို့ ကူးပြောင်းသွားသည်ကို ခံစားရ၏။

"နင် ဘယ်လိုမိန်းမလဲ စာမရီ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ကြိုက်သလို ခေါင်းစဉ်တပ်ပြီး၊ ကြိုက်သလို ခံစားနိုင်တယ် ထွင့်ရဲ ... ငါကတော့ မဖြေရှင်းဘူးဆို မဖြေရှင်းဘူးပဲ ..."

စာမရီနှင့် သူ့လောက် ခေါင်းမာတာချင်းတူတာ မရှိတော့။ အရွဲ့တိုက်ကာ ရိုထွေမထိတရီ လုပ်တတ်တာချင်း တူတာ မရှိတော့။ တစ်ယောက်ကိုတစ်ယောက် အတော်လေး ကြာအောင် အလျှံငြီးငြီး တောက်ပြောင်နေသော မျက်လုံးစူးစူး တို့ဖြင့် ခဲမ...တတ် စိုက်ကြည့်ရင်း မာန်မာနကို မျိုးထောင် အရောင်တင်ပေးလျက် ရှိလေသည်။

စာမရီသည် ဒီပွဲမှာ သူ့ကို လုံးဝအလျှော့မပေးဖို့ ဆုံးဖြတ်လိုက်သည်။ ချစ်ခင်စုံမက်လွန်းရှု၍ ရှုံးသွပ်သွားစမ်း ပါစေ။ အရှုံးသာခံမည်။ သူ အလျှော့မပေးသရွေ့၊ သူ ဒူးမ ထောက်သရွေ့ စာမရီလည်း မာကြောမည်။

"မဟုတ်သေးဘူး၊ နင် ငါ့ကို ဘာဖြစ်စေချင်နေတာ အာဃာတတွေ ထားနေတာလား ... ချစ်သူချင်း နား လည်မှုဆိုတာ မရှိတော့ဘူးလား ...





ခု ဖြစ်နေတဲ့ ပြဿနာဟာ သေးသေးလေးနဲ့ ရှုပ်ထွေးနေတာ၊ ငါ မိစဝ်ကို အကျိုးအကြောင်း နား လည်အောင် သေချာရှင်းပြ တောင်းပန်မယ်ဆိုရင် နင် လက်ခံမလား၊ ငါ့အတွက် သူ နာကြည်းတာကို ခံနိုင်ရည်ရှိတယ်၊ နင့် နာကြည်းနေတာကိုတော့ ငါ မခံနိုင်ဘူး"

စာမရီသည် ... နှုတ်ခမ်းကို မဲ့လိုက်သည်။

"မိန်းမတစ်ယောက်ကို မနာကြည်းစေချင်ရင် ... အစ ကတည်းက နင် သူ့ကို သွားမပတ်သက်နဲ့ပေါ့ ... အခု နင်က ပတ်သက်ပြီးခဲ့ပြီ၊ ငါပြောခဲ့ပြီးပြီပဲ၊ သူက စပြီး နင့်ကို မဖြတ်သရွေ့ နင် သူ့ကို မခွဲရဘူးလို့၊ နင် တကယ်မချစ်ဘဲ သွားစရှုပ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို နင့်ဘက်က အဲ့ဒီလောက်ထိတော့ လိုက်လျောပေးရမယ်"

"ယေချာတယ် စာမရီ၊ နင် ငါ့ကို သစ္စာဖောက်နေပြီ"

"နင် စွပ်စွဲတာကို ငါ ခါတိုင်းအချိန်မျိုးမှာ ဖြေရှင်းချင် ဖြေရှင်းမယ်၊ ဒါပေမယ့် ခုလို အချိန်မျိုးမှာတော့



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ဖြေမရှင်းဘူး၊ နင်ကြိုက်သလို ထင်နိုင်တယ်”

စာမရိသည် ... သူနှင့် စကားဆက်ပြောနေလျှင် ရှေ့လျှောက် ပဋိပက္ခ ပိုကြီးဖို့သာ ရှိသည်မို့ ဆက်မပြောချင်တော့ဘဲ အိမ်ထဲသို့ လှည့်ဝင်ဖို့ ပြင်လိုက်သည်။

“စာမရိ ...”

သူက လှမ်းခေါ်သဖြင့် သူမက လှည့်ကြည့်လိုက်လျှင် ...

“နောက်တစ်နေရာရာမှာ အဲ့ဒီကောင်နဲ့ နင့်အတွဲကိုတွေ့ရင် ငါ့အဆိုးမဆိုနဲ့ ... ငါ သူ့ကို နှစ်ခါ ခွင့်လွှတ်ခဲ့ပြီးပြီ၊ သုံးကြိမ်ဆိုရင် ငါ သည်းမခံတော့ဘူး ...”

ဟု သူက လှမ်းပြောလေသည်။ သူမက သူ့ကို အရေးမစိုက်သလို ဆက်လျှောက်လာခဲ့သည်။

သူတို့နှစ်ယောက်ကြားတွင် တစ်ခုခုတော့ မှားခဲ့ပြီဆိုတာကို သူမ သိမြင်လိုက်သည်။ ထိုအမှားကို ဘယ်လိုပြင်ဆင်ရမယ် သူမ မသိချေ။





## အခန်း(၄)

သူတို့နှစ်ယောက်ရဲ့ အဖြစ်က အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်တော့မည်ဆိုတာကို သူသိမြင်လာခဲ့သည်။ စာမရိသည် သူ့အပေါ် သစ္စာဖောက်နေပြီ ... ဟူသော သံသယသည် သူ့ရင်ထဲတွင် တစ်နေ့တခြား ခိုင်လာသည်။ သူမ၏ အေးစက်စက်၊ မထေမဲ့မြင် အမူအရာတွေသည် သူ့နှလုံးသားသို့ ဓား ချွန်ချွန်နှင့် ထိုးစိုက်မွှန်းဆွနေသလို နာကျင်ခံခက်လှသည်။

သူ့ရဲ့ ယောကျ်ားမာနကို ခပ်ပြင်းပြင်း ထိုးကျချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော ရိုက်ချက်ကို သိဂ်ီဆီ သူ့ ဖုန်းဆက်မိရင်း ခံစားလိုက်ရသည်။

"ဟဲလို ..."

"သိဂ်ီလား ... ငါပါ ထွန်းညီ ..."

"အေ ... ဘာလဲ ပြော၊ ထွန်းညီ၊ နင့်ကို ငါ တော်တော်အမြင်ကတ်တယ် သိလား၊ စာမရီနဲ့ ပြတ်ပြီးတာနဲ့ ချက်ချင်း နောက်တစ်ယောက် ပြောင်းနိုင်တယ်နော်၊ နင်တို့ ယောက်ျားတွေဟာလေ ... ခိုင်မြဲမှုကို မရှိဘူး ... မိုးတိမ်လိုပဲ အမြဲလွင့်နေတာ ..."

"ဟဲ့ ဟဲ့ ... အသက်လေးဘာလေး ရှူဦး၊ စွတ်အော်မနေနဲ့၊ ငါနဲ့ စာမရီ ပြတ်သွားပြီလို့ နင့် ဘယ်သူပြောလဲ"

"အောင်မယ် ... သူက ငါ့များ အကြောင်းရိုက်ချင်သေးတယ်၊ စာမရီ ကိုယ်တိုင် နင်နဲ့ ပြတ်ပြီလို့ ငါ့ကို ပြောတာဟဲ့ အကောင်ရဲ့"

"ဘာ ... သူက ငါ့ကို ..."

သိဂ်ီ စကားသည် သူ့ ရင်ဘတ်ကို အရှိန်ပြင်းပြင်း





နှင့် ဆောင့်ကန်ပစ်လိုက်သလို အောင့်မျက်နှာကျင်သွားလေသည်။

"ဘာလဲ၊ သူက ငါနဲ့ပြတ်ပြီး ဟိုကောင်အသစ် တွေ့နေတာလား ..."

"တွေ့တော့လဲ ဘာဖြစ်သေးလဲ၊ နင်တောင် အသစ်တွေ့သေးတာ၊ သူလဲ တွေ့ချင်တွေ့မှာပေါ့ ... ငါကတော့ အားတောင်ပေးသေးတယ်၊ ကြိုက်ပစေ၊ တစ်ယောက်နဲ့ ပြတ်ပြီးလို့ နောက်တစ်ယောက်နဲ့ကြိုက်တာ ဘာဖြစ်လဲ"

"တောက် ..."

သူ ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ချပစ်လိုက်သည်။ ဒေါသဖြင့် ရင်သည် တလှပ်လှပ် ခါနေသည်။ တစ်စဆက်တစ်စ သူ လှလှပပသစ္စာဖောက်ခံနေရသော စာမရီ့ ခြေလှမ်းများသည် ပို၍ ရုပ်လုံးပေါ် ပီပြင်လာခဲ့လေပြီ။ သူငယ်ချင်းတွေတောင် သူနှင့်ပြတ်ပြီဟု သတင်းလွှင့်ခဲ့သည်မှာ ဘယ်လောက် ရက်စက်သော စိန်ခေါ်မှုပါလိမ့်။ ထိုအတွေးဖြင့် သူ တဆစ်ဆစ် အခံရခက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြဿနာကို သူ ဖြေရှင်းမှ ဖြစ်တော့မည်။ ဖုန်းဖြင့် မဖြေရှင်းချင်သောကြောင့် သူမနှင့် တစ်နေရာရာတွင် ချိန်းဖို့ ဆုံးဖြတ်လိုက်လေသည်။





ဖုန်းသံမြည်သဖြင့် စာမရိသည် အိပ်ရာထဲမှပင် လှမ်း၍ ကိုင်လိုက်သည်။ မျှော်လင့်ထားသည်မှာ ထွန်းဆီက ဟုထင်သည်။

"စာမရိလား ..."

"ဟုတ်ပါတယ် ..."

"ကျွန်တော် လင်းနေပါ၊ ကျွန်တော် စိတ်ကူးတစ်ခုရလို့ ဖုန်းဆက်လိုက်တာ ... အခု ကျွန်တော့် Clinic နဲ့ကပ်ရက် ဆိုင်ခန်းတစ်ခန်း ငှားမယ်ဆိုတဲ့ သတင်းရတယ်၊ စာမရိက Gift Shop ကလေး ဖွင့်ချင်တယ်ဆိုတော့ အဲ့ဒီနေရာ အကွက်အကွင်းကလေးက တော်တော်အဆင်ပြေသင့်တော်နေတယ် ... ဒါကြောင့် စာမရိကို သတိရတာနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စိတ်တော့ ဝင်စားသားပဲ ကိုလင်းနေ၊ ကျွန်မလည်း ဆိုင်ခန်းလိုက်ရှာနေတာ ကြာပြီ၊ စိတ်ကြိုက်နေရာ မတွေ့သေးလို့၊ ကိုလင်းနေရဲ့ Clinic နဲ့ ကပ်ရက်ဆို နေရာအကွက်အကွင်း အရမ်းကောင်းတာပေါ့၊ မြို့လယ်ခေါင်ဆိုတော့ ဈေးအရမ်းများမှာထင့်တယ်"

"ဈေးက ညှိကြည့်ကြတာပေါ့၊ စာမရီ စိတ်ဝင်စားတယ်ဆိုရင် မနက်ဖြန် မနက်ကိုးနာရီ ကျွန်တော် ဆိုင်ရှင်နဲ့ ချိန်းထားပြီး စာမရီ့ကို လာခေါ်မယ် ... ဈေးကိစ္စစိတ်မပူနဲ့ ... အဲဒီဆိုင်ရှင်က ကျွန်တော့် Clinic ရဲ့ အခန်းပိုင်ရှင်ပဲဆိုတော့ ကျွန်တော်နဲ့ သိပ်ခင်တယ်၊ ကျွန်တော် စီစဉ်ပေးမယ် ..."

"အဲ့ဒါဆို ကောင်းပြီလေ၊ ကျွန်မ အဆင်သင့် လုပ်ထားလိုက်မယ်"

"အိုကေ ... ဂွတ်(ဒ်)နိုက်(ထ်) စာမရီ ..."

"နိုက်(ထ်)"

သူမက ဖုန်းပြန်ချလိုက်သည်။ လင်းနေ၏





ကူညီမှုမှာ ထင်မှတ်မထားဘဲ မြန်ဆန်လွန်းတာမို့ သူမက နည်းနည်းပင် အံ့သြချင်သည်။ သူ စာမရီ့ထံသို့ ချဉ်းကပ်လာသော ခြေလှမ်းများသည် တိုးတိတ်ညင်သာသလောက်၊ ပိရိသေသပ်သလောက်၊ ခပ်စိပ်စိပ်လည်း ရှိလှသည်။

ဖုန်းချပြီး သိပ်မကြာခင် ဖုန်းသံ ထပ်မြည်လာခဲ့ပြန်သည်။

"ဟလို ..."

"ကြာလှပြီ ဆက်နေတာ၊ ဘယ်သူနဲ့ ဒီလောက်ကြာအောင် စကားပြောနေတာလဲ စာမရီ ..."

ဟူသော ထွင့်၏ မာဆတ်ဆတ်အသံက နားထဲသို့ ပူပြင်းစွာ ဝင်လာသည်။

"ဘယ်သူနဲ့ပဲ ပြောပြောပေါ့၊ နင် ဆက်တိုင်း ငါက အဆင်သင့် စောင့်နေရမှာလား၊ ဘာလဲ ပြော ..."

"နင် တော်တော် အချိုးပြောင်းနေတယ်နော် စာမရီ၊ ငါ နင်နဲ့ မနက်ဖြန် ပြဿနာတစ်ခု ရှင်းချင်တယ်၊ ကိုးနာရီ နင်စောင့်နေ၊ ငါ လာခေါ်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပဲထိုက်ဆိုင်လှချည့် ... ဟု သူမ စိတ်ရှုပ်သွားသည်။ ပြဿနာဟာ ထိပ်တိုက်ဆုံချင်ရင် ဒီလိုပဲ ကြုံဖန်ပြီးတော့ကို ဖြစ်တတ်တာပဲ။

"ဆောရီးပဲ ထွင့်၊ မနက်ဖြန် ငါ Gift Shop ဖွင့်ဖို့ ဆိုင်ခန်းသွားကြည့်မလို့ ကိုးနာရီ ချိန်းထားပြီးပြီ ..."

"ဘယ်သူနဲ့ ချိန်းတာလဲ၊ ငါ လိုက်ခဲ့မယ်"

"မလိုက်နဲ့"

"ဘာဖြစ်လို့ မလိုက်ရမှာလဲ၊ နင်က ငါ့ချစ်သူပဲ၊ ငါ လာကိုလာခဲ့မယ် ဒါပဲ ..."

သူက အနိုင်ပိုင်းပြီး ဖုန်းကို အရင်ချသွားခဲ့သည်။ သူမ ပြန်ဆက်သည်ကို မကိုင်တော့ဘဲ ... ဖုန်းမြည်စက်အသံသာ ထွက်နေတော့လေသည်။

ကဲ ... ဘာတတ်နိုင်မလဲ။ ဖြစ်ချင်ရာသာ ဖြစ်တော့ဟု နှလုံးပိုက်ပြီး ထွင့်ကို အရှုံးပေးလိုက်လေသည်။

နောက်တစ်နေ့မနက် ကိုးနာရီမထိုးခင် လင်းနေက အရင်ဆုံး ရောက်လာသည်။ ထွင့်များ ဝုန်းခနဲ ရောက်လာ





တော့မလားဟု သူမ ရင်ထိတ်ဖိုဆဲ တကယ်ပင် ထွင့် ရောက်လာခဲ့သည်။

လင်းနေ၏ကားပေါ်သို့ တက်နှင့်ပြီးနေသော သူမကို လှမ်း၍ကြည့်သော ထွင့်၏အကြည့်မှာ ရူးရှပြောင်လက်လွန်းလှသည်။

"ဒါ တတိယအကြိမ်ပဲ စာမရီ၊ ငါပြောခဲ့တဲ့အတိုင်းပဲ လုပ်မယ် ... ဟောကောင် ... မင်း ကားပေါ်က ဆင်းစမ်း၊ သူများရည်းစား ကြာခိုချင်တဲ့ကောင်၊ မင်း ဘာလဲ ဟေ့ကောင်၊ ကြာကူရီ ... ဆင်းခဲ့စမ်း မင်း ..."

ထွင့်က စတင်ပြီး ပေါက်ကွဲကြမ်းရမ်းတော့လေသည်။

လင်းနေက ထွင့်လို သွေးဆိုးဆူပွက်သူ မဟုတ်သော်ငြား ... စိန်ခေါ်ခံရသဖြင့် ကားပေါ်မှ ဆင်းသွားသည်။ ပြဿနာတော့ တက်တော့မည်ကို သူမ ချက်ချင်း သိလိုက်သည်။

"ထွင့် ... နင် လျှောက်မရိုင်းနဲ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်၊ မင်း မိန်းမရှားသလား ... အေး ... ဒါ မင်းရဲ့ ရွေးချယ်မှု အမှားအတွက်ပဲ"

ထွန့်သည် ... ဆင်ခြင်တွေးခေါ်မှု မရှိတော့ဘဲ ဒေါသတို့ သီးခဲ့ဆူဝေစွာ လင်းနေကို ရုတ်တရက် လက်သီးဖြင့် လှမ်းထိုးလိုက်ရာ လင်းနေသည် အငိုက်မိစွာ မရှောင်တိမ်း နိုင်လိုက်ဘဲ ... နှာခေါင်းဆီမှ သွေးယိုစီးလာသည်အထိ နာသွားလေသည် ...။

ပြီးမှ လင်းနေသည် မျှော်လင့်မထားချိန်တွင် ထွင့်ကို တစ်ချက်ပြန်ထိုးလိုက်ပြီး ...

"အဲဒါ မင်းကို ငါ ပြန်စိန်ခေါ်တာပဲ၊ ငါ့ရွေးချယ်မှု မမှားဘူး သူငယ်ချင်း၊ မင်းနဲ့ ပြတ်ပြီးသွားတဲ့ မိန်းက လေးကို ငါ ချဉ်းကပ်တာ ငါ မမှားဘူး၊ သူ လွတ်လပ် တဲ့ မိန်းကလေးပဲ"

ဟု အေးဆေးစွာ ပြောလေသည်။ ထွင့် မျက်လုံး များ အလျှံငြီးငြီး လောင်မြိုက်သွားသည်။

"စာမရီ၊ ငါ့အပေါ် နင် သစ္စာဖောက်ခဲ့တယ် ...





နင် သစ္စာဖောက်တာကို ဖုံးကွယ်ချင်တိုင်း ငါ့ကို အပြစ်ပုံချခဲ့တာ ..."

ထွင့် စကားများကြောင့် သူမ မျက်လုံးများ ပြာဝေပူလောင်သွားသည်။ စာမရီသည် အသားဆတ်ဆတ် တုန်အောင်ပင် နာကြည်းဒေါသဖြင့် ...

"ပြတ်ပြီ ... နင်နဲ့ငါ အခုမှ တကယ်ပြတ်ပြီ သိလား ထွင့်ညီ၊ နင့်လောက် ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ပြီး သူတစ်ပါးပေါ် အပြစ်ပုံချတတ်တဲ့ ယောကျ်ားမျိုး ... ငါ မစုံမက်တော့ဘူး ... လမ်းခွဲကြတာ အကောင်းဆုံးပဲ၊ သွား ..."

ဟု ခါးသီးစွာ အော်လိုက်သည်။

ထွင့်ညီသည် ... မခံချင်စိတ်၊ မာနများ ရုန်းကြွ လာသော၊ တလက်လက် စူးဖြာလာသော မျက်လုံးများဖြင့် သူမကို ခါးပြင်းစွာ ကြည့်သည်။

"အေး၊ ငါကလည်း မိန်းမတစ်ယောက် စိန်ခေါ်တာကို ခံမယ့်ကောင် မဟုတ်ဘူး စာမရီ ...



www.burmeseclassic.com

www.burmeseclassic.com



နင်ပြတ်သလို၊ ငါလည်းပြတ်တယ် ... နင့်လို သစ္စာမရှိ၊ ဖောက်ပြန်တတ်တဲ့ မိန်းမမျိုးကိုလည်း ... ငါက အဖြူထည်လို တန်ဖိုးမထားနိုင်တော့ဘူး ...

ငါက နင့်ထက် ဆယ်ဆပြတ်နိုင်တယ် နားလည်လား ...”

ထွဋ်ရှသည် သူ့ဗီဇအတိုင်း ... အနိုင်ပိုင်းရမှ ကျေနပ်သူပီပီ ... စူးရှခက်ထန်သော စကားလုံးများဖြင့် အနိုင်ပိုင်းသွားကာ ... ကားကို တရကြမ်း မောင်းထွက်သွားတော့သည်။

သူ ထွက်သွားမှပင် ... သူမ နှလုံးသားလည်း သူ့နောက်သို့ ပါသွားသလို ရင်ထဲတွင် ဘာမှမကျန်တော့ဘဲ ဗလာကျင်း၍ ကျန်ရစ်ခဲ့လေသည်။

တကယ်တော့ လင်းနေသည် သူမအဖို့ သူစိမ်းယောကျ်ားတစ်ယောက် ဖြစ်သည်။ ထိုသူစိမ်းယောကျ်ားရှေ့တွင် ကိုယ့်ချစ်သူက ပက်ပက်စက်စက် နှစ်ပြားမတန်အောင် စော်ကားနှိမ့်ချသွားတာကို မရှုမလှ ခံလိုက်ရပြီးမှတော့ ... ဒီချစ်သူကို ဘယ်လိုကျေအေး ခွင့်လွှတ်မှုမျိုးဖြင့် ဆက်၍လက်





တွဲရပါတော့မည်နည်း။

ချစ်သူနှစ်ယောက်ဆိုတာ တစ်ယောက်ကိုတစ်ယောက်၊ နားလည်ခွင့်လွှတ်၊ ကြည်ဖြူထောက်ထားခြင်းများဖြင့် ခိုင်သထက်ခိုင်အောင် နှောင်ဖွဲ့ချည်နှောင်ရခြင်းဖြစ်သည်။ အခုတော့ ထွဋ်ရှက အဲဒီကြိုးမှန်သမျှကို ဆောင့်ဆွဲဖြတ်တောက်ပစ်ခဲ့ပြီ။

အရှက်ရ၊ နာကျင်နေသော မျက်နှာဖြင့် တစ်ကိုယ်လုံး ထူပူတုန်ယင်နေခဲ့သော သူမအေးတွင် မားမားရပ်လျက်ရှိသော လင်းနေက ...

“စာမရီ ... ရေအေးအေးကလေးဖြစ်ဖြစ် သောက်လိုက်ပြီး ခဏအနားယူလိုက်ပါလား၊ စိတ်ငြိမ်သက်သွားအောင်လေ ...

ဖြစ်ခဲ့တာတွေကို ပြန်မတွေးနဲ့တော့ ... ခေါင်းထဲက ထုတ်ဖယ်ပစ်လိုက်ပါ ... လာ ... အိမ်ထဲခဏပြန်ဝင်စို့ ... မျက်လုံးမှိတ်ပြီး အသက်ပြင်းပြင်း ရှုထုတ်ပစ်လိုက် ... ပြီးမှ ပုံမှန်လေး အသက်ပြန်ရှူ ...”



www.burmeseclassic.com

www.burmeseclassic.com



စာမရီသည် မျက်ရည်များ ကျလာသည်။ အသံမထွက်ဘဲ ရှိုက်မိသည်။

သူနှင့် တကယ်ပင် စိတ်လိုက်မာန်ပါ ပြတ်စဲမိလေပြီ။ ဖြစ်နိုင်လျှင် စောစောက အချိန်ပိုင်းကလေးကို ခဏပြန်ရချင်သည်။ ဒီလိုမဖြစ်စေရ။ ယခင်က ချစ်ခဲ့သော၊ ယခုထက်တိုင် ချစ်နေဆဲဖြစ်သော၊ မခံချင်စိတ် ပြင်းထန်လွန်းတတ်သော ချစ်သူတစ်ယောက်ကို သူမ စိန်မခေါ်သင့်ပါ။

"စာမရီ သိပ်ရှက်သွားမယ်ဆိုတာ ကျွန်တော် ခံစားလို့ရပါတယ်၊ ကိုယ်ချင်းလဲ စာပါတယ် ... ကျွန်တော့်ကို ဘာမှ ရှက်မနေပါနဲ့ ... စိတ်ထဲမထားပါနဲ့၊ ကျွန်တော် နားလည်ပါတယ်"

ဟု သူက တိုးတိုးဖွဖွ၊ ညင်ညင်သာသာ ပြောလျက် ချော့မော့ဖျောင်းဖျနေလေသည်။ စာမရီသည် နောင်တသာရနေသည်။ သူ့ကို တကယ်လက်လွှတ်ဆုံးရှုံးရပြီ ... ဟူသော အသိ ခေါင်းထဲသို့ ဝင်ရောက်လာတိုင်း နှလုံးသားသည် တွန့်လိမ်၍ သွားလေသည်။





လင်းနေက သူမကို ရှည်ကြာစိုက်တန်၍ ကြည့်နေခဲ့သည်။

"စာမရီ အနားယူလိုက်ချင်လား၊ ဆိုင်ခန်းကြည့်ဖို့ ကျွန်တော် ရက်ရွှေ့လိုက်မယ်လေ"

"ကိစ္စမရှိဘူး၊ ကျွန်မ လိုက်ကြည့်မယ်၊ ကျွန်မ အခန်းအောင်းပြီး အသည်းကွဲတတ်တဲ့ မိန်းမ မဟုတ်ဘူး၊ အလုပ်လုပ်တာ ကောင်းပါတယ် ..."

ဟု သူမက ဆုံးဖြတ်ကာ ... လင်းနေနှင့် ထွက်ခဲ့သည်။ ရင်ထဲမှာ နာနေသောစိတ်ကို အလုပ်ဆီသို့ ရွှေ့ပြောင်းထားလိုက်ခြင်းဖြင့် သက်သာရာ ရလိမ့်မည်ဟု ယူဆသောကြောင့် ဖြစ်သည်။

သို့သော် ... တကယ်တမ်းကျတော့ ... အဲဒီလမ်းဟာ မြို့လယ်ခေါင်ရဲ့ လူစည်ကားရာ လမ်းမပေါ်မှာ ... စာမရီနှင့်ထွင့်ညီ၏ ခြေရာတွေ အထပ်ထပ်ရှိနေသော လမ်းကလေးဖြစ်ကာ စာမရီတို့နှစ်ယောက် စားနေကျ ယိုးဒယားဆိုင်ကလေးရှိသော အမှတ်တရနယ်မြေကလေး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ Clinic နှင့် ဘေးချင်းကပ် ဆိုင်ခန်းက လေးမှာ ထိုယိုးဒယားဆိုင်ကလေးနှင့် မျက်စောင်းထိုးနေရာ ကျ၏။

"Interior Decoration တော့ လုပ်ဖို့လိုတယ်၊ စာမရိက Gift Shop ဖွင့်မှာဆိုတော့ အဆန်းတကြယ်ကလေး ပြင်စေချင်တယ် ..."

အပြင်အဆင်ကို ကိုယ့်တာဝန်ထား ... ကိုယ်က Interior Decoration ကို ဝါသနာပါတယ်၊ Romantic ကလေးဖြစ်အောင် ပြင်ပေးမယ်၊ စာမရိ နေရာကြိုက် တယ် ဆိုရင် ဈေးညှိနိုင်းပြီး စာချုပ်ချုပ်စို့ ..."

လင်းနေကပင် ဦးဆောင်သွားခဲ့သည်။

"နေရာကလေးကိုတော့ ကြိုက်ပါတယ်။ မြို့လယ်ခေါင် အကွက်အကွင်း အကျဆုံးနေရာလေးပဲ ...

စာချုပ်ကြတာပေါ့ ..."

မထင်မှတ်ဘဲ ထိုနေရာကလေးကို ရွေးချယ်မိသွား သည်။ စာချုပ်ချုပ်သောကိစ္စကို စာမရိ မပါရဘဲ လင်းနေ





ကသာ သွက်လက်ချက်ချာစွာ ဦးဆောင် လုပ်ပေးသွား သည်။

"ဆိုင်ခန်းအပြင်အဆင်ကို စာမရိ idea လေးတွေလည်း ပြော၊ ကျွန်တော် လုပ်ချင်တဲ့ ပုံစံကလေးနဲ့ ညှိကြတာ ပေါ့ ...

ဆိုင်မှာတင်ဖို့ ပစ္စည်းလေးတွေတော့ ဗန်ကောက်၊ စင်ကာပူထိလောက် ထွက်ဝယ်တာကောင်းမယ်၊ သူများ ဆိုင်မှာ လုံးဝမရှိမယ့် ပစ္စည်းမျိုး ဖြစ်ရမယ် ... အဆန်း တကြယ်လေးတွေ ဖြစ်ရမယ် ...

မြန်မာပြည်တွင်းကလည်း Hand made ပစ္စည်း လေးတွေလုပ်တဲ့ ပင်ရင်းဆိုင်တွေရှိတယ်၊ ကျွန်တော် လိုက်ပို့ဆက်သွယ်ပေးထားမယ်၊ နောက် Floral Service ကလေးပါ ထည့်စေချင်တယ် ... ပိုပြည့်စုံသွားတာပေါ့၊ တကယ်က ကျွန်တော် ဝါသနာပါတာက အဲ့ဒီလို အနုပညာမြောက်ဆိုင်ကလေးမျိုး ... ကျွန်တော် တကယ် လုပ်ဖြစ်နေတာက ကျွန်တော်နဲ့ဘာမှ မပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတစ်ခု၊ တစ်ခါတလေကျတော့လည်း လောက ကြီးနဲ့ ကျွန်ခေါ်က အဲ့ဒီလို သဟဇာတ မဖြစ်ဘူး…"

လင်းနေက စကားတွေ ရှွန်းရှွန်းဝေအောင် ပြောနေသည်။ စာမရှိသည့် အလိုက်သင့်သာ ပြုံးရယ်နေရ၏။ စိတ်ထဲမှာ သက်သာလွတ်မြောက်လှသည် မဟုတ်လှ။

ငါ ဘာတွေလုပ်နေမိပါလိမ့် … ဟု မကြာခဏ တွေးမိသည်။ ထွင့်ကို လမ်းခွဲဖို့ စိန်ခေါ်ခဲ့မိတာက ပထမ အမှား။ လင်းနေနှင့် ပို၍နီးကပ်ဆက်နွယ်မိတော့မည့် Gift Shop ကလေးကို သူ့အကူအညီ၊ သူ့စိတ်ကူးများစွာဖြင့် ဖွင့်ဖို့ဆုံးဖြတ်လိုက်မိတာက ဒုတိယအမှား။ အမှားဆုံးကတော့ ထွင့်ကို ချစ်ခင်စုံမက်ဆဲ။

မိဘတွေကအစ၊ သငယ်ချင်းတွေကအဆုံး ငါ Gift Shop စိတ်ကူးကလေးကို ဝိုင်းဝန်းတိုက်တွန်းကြသည်။

ဒီလိုနဲ့ပဲ … ပြဿနာက စတင်ခဲ့တော့တာ ဖြစ် သည်။




# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၅)

သူ့ဘဝတွင် စိတ်လိုက်မာန်ပါဖြင့် ကျူးလွန်ခဲ့သမျှ အမှားများစွာတို့တွင် စာမရီကို လမ်းခွဲပြတ်စဲခဲ့မိတာက အမှားဆုံးသော အမှားဖြစ်သည်။ ထိုအမှားကို ဒေါသမာန်မာနအလျှောက်၊ ခံချင်စိတ်အလျှောက် ကျူးလွန်ခဲ့ပြီးနောက်တွင် သူ ဆက်တိုက်မှားဖို့ ဖြစ်လာသည်။ စာမရီကို သူ အဆုံးရှုံးခံဖို့ဆိုတာ ဘယ်လိုမှ လက်ခံလို့မရ ...။ သို့သော် ကိုယ့်အပေါ် သစ္စာဖောက်သွားသော ချစ်သူကို ဒူးထောက်အလျှော့ပေးဖို့ဆိုတာ သူ့အတွက် မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ အသုံးချခံလိုက်ရသည်ဟု ယူဆသည်။ သူမကို အဆုံးရှုံးမခံနိုင်သောစိတ်ဖြင့် ... သူသည် သူမနောက်သို့ အရိပ်လိုလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ စာမရီ သည့် သူ မဟုတ်သော တစ်ပါးသူ၏ ရင်ခွင်သို့ မရောက်စေရ။

သူ့ခံစားချက်မှာ ကိုယ်အမြတ်တနိုးထားသော အရုပ်ကလေးကို အလုခံရသော ခပ်ဆိုးတေတေ ကလေးတစ် ယောက်၏ ခံစားချက်မျိုးနှင့်တူသည်။ မရအရ ထိုအရုပ်က လေးကို သူ ပြန်လုယူမည်။ ခေါင်းတခြား ကိုယ်တခြား မျက်စီးသွားရင် သွားပါစေ။ အကောင်းပကတိတော့ သူမှုး လက်ထဲသို့ အလွယ်တကူ အရောက်မခံနိုင်။

ထိုစိတ်ဖြင့်ပင် ... သူသည် သူမကို သူမရဲ့နောက် လူနှင့် ယှဉ်တွဲ၍တွေ့တိုင်း ဒေါသမာန်မာနနှင့် မခံချင်စိတ်တို့ ရန်ကြွလာကာ ... ပြဿနာရှာဖို့ အဆင်သင့် ဖြစ်ခဲ့၏။

သူ့အပေါ် သစ္စာဖောက်သောမိန်းမ၊ သူ့ဆီမှလုယူ သွားသောယောက်ျား ... ထိုနှစ်ယောက်စလုံး စိတ်မချမ်းသာ စေရ။ စိတ်အနှောင့်အယှက် ကင်းကင်းဖြင့် မပျော်ပိုက်စေ





စာမရီတို့စုံတွဲသည် ... ချမ်းမြေ့ Clinic အေးရှိ ပြင်ဆင်လျက်ရှိသော ဆိုင်ခန်းကလေးဆီသို့ နေ့တိုင်းလိုလို ရောက်တတ်သည်ကို သူ စုံစမ်း၍ရလာသည်။ ထိုဆိုင်ကလေး မှာ စာမရီ ဖွင့်မည့် Gift Shop ကလေးဆိုတာကိုလည်း သူ သိလာသည်။

တစ်ရက်တော့ စာမရီတို့စုံတွဲ ထိုဆိုင်ခန်းကလေး ထဲသို့ ဝင်သွားစဉ် သူ လိုက်ဝင်သွားခဲ့သည်။ ဆိုင်အပြင်အဆင် မှာ တော်တော်ပြီးစီးသလောက် ရှိနေပြီ ...။ ဝေါလ်ပေပါ အရောင်နုနုကလေးများ ... ကြည်ပြာလွဲ့လွဲ့ မီးသီးအလင်းရောင်၊ မျက်နှာစာမှာ မှန်ချပ်များဖြစ်လျက် ... ပစ္စည်းထည့်သိုဖို့ နံရံ ကပ်စင်တန်းတွေကို လှပအောင် ပုံဖော်၍ရိုက်ဆဲ ...။

သူကို ရုတ်တရက် မြင်လိုက်တော့ ... စာမရီ့ မျက်နှာပေါ်မှာ အရိပ်များစွာ ဖြတ်ပြေးပြောင်းလဲသွားကာ ... ရုတ်တရက် မိန်းမောသွားတာကို သူမြင်ရစဉ် ... ရုတ်ချည်း သူမကို ထွေးပွေ့၍ ရင်ခွင်တွင် အပ်ထားချင်စိတ် ဘယ်လို ဖြစ်ပေါ်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲက ဖြစ်ချင်တာတခြား ... အပြင်
လက်တွေ့မှာ ပြုမူမိတာက တခြား ...။

"သစ္စာမရှိတဲ့ မိန်းမတစ်ယောက်က ချစ်သူတွေချင်းဆေ
ရတဲ့ လက်ဆောင်ဆိုင်ဖွင့်တော့ သူတစ်ပါးချစ်သူတွေ
ဆီမှာ သစ္စာမဲ့မှုတွေ ကူးစက်ကုန်ပါ့မယ်ကွာ၊ ကြည့်
ကျက်လည်း လုပ်ပါဦး ..."

ဟု သူက ရိထေ့ထေ့အသံဖြင့် ပြောလိုက်လျှင်
စာမရီသည် နှိုးကြားပြောင်းလဲသွားကာ ...

"နင်နဲ့ငါကြားမှာ ဘာပတ်သက်မှုမှ မရှိတော့ဘူး
ထွင့်ညီ၊ နင်လည်း နင့်လမ်းနင်ဆက်လျှောက် ... ငါ
လည်း ငါ့ဘဝနဲ့ငါ ... ငါ့လမ်းငါလျှောက်နေတာ ...
နင် ရန်စ,မနေနဲ့ ..."

ဟု ခပ်စွာစွာ ပြန်အော်သည်ကို သူ့ ပို၍မခံချင်
ဖြစ်သွားသည်။

"နင့်ဘဝဆိုတာ ဘာလဲ ... နင့်ဆေးက အရှက်မရှိတဲ့
ကောင်လား၊ နင်နဲ့ငါ ပြတ်သွားတာ မှန်တယ်၊ ဒါပေ





မယ့် နင့်လို မျက်နှာပြောင်တိုက်တဲ့ သစ္စာဖောက်မိန်းမ
ကို ငါက လွတ်လပ်စွာ ပျော်ရွှင်ခွင့် ပေးလိမ့်မယ်လို့
နင် ထင်ထားရင်တော့ ဆောရီးပဲကွယ် ...

နင်တို့နှစ်ယောက် ဘယ်တော့မှ စိတ်ချမ်းမြေ့
ကြည်နူးမနေစေရဘူး ... နင်တို့နောက်ကို ငါတကောက်
ကောက်လိုက်ပြီး ... အရှက်ခွဲပြမယ် ... နင်တို့နှစ်ယောက်
ကို ငါ ဘယ်တော့မှ အလွတ်မပေးဘူးဆိုတာ မှတ်
ထား ...

ထွင့်ညီ ဆိုတဲ့ကောင်က တည်ဆောက်ခွင့် မရရင်
ဖျက်ဆီးပစ်တတ်တဲ့ သဘာဝရှိတယ်ဆိုတာ နင် မမေ့
လိုက်နဲ့ ..."

"ဟေ့ကောင်၊ မင်း တရားလွန်နေပြီနော် ... သူများဆိုင်
ထဲ မင်းကျူးကျော်စော်ကားနေတာ ... မင်း ခုထွက်သွား
စမ်း ... ဟေ့ကောင် ..."

လင်းနေသည် ဒေါသကို ချုပ်ထိန်းထားသော
မျက်နှာဖြင့် ပြောသည်ကို ... ထွင့်ညီသည် မခိုးမခန့် သရော်



www.burmeseclassic.com

www.burmeseclassic.com



လှောင်ပြောင်သော အပြုံးဖြင့်ပြုံးကာ ...

"မင်း အခြောက်ပဲ ... ယောကျ်ားချင်း မရှင်းချင်ဘူး

လား၊ ရှင်းချင်ရင် ခု ထွက်လာခဲ့လိုက်"

ဟု ရန်စ စိန်ခေါ်လေသည်။

"တောက်၊ ဒီကောင်ကွာ ...မင်းလောက် ရိုင်းတဲ့ကောင်မျိုး

ငါ့ပတ်ဝန်းကျင်မှာ တစ်ခါမှ မတွေ့ဖူးဘူး ဟေ့ကောင်"

"ငါကလဲ မင်းလို ကြောက်ရွံ့မျိုး မင်းနဲ့မှပဲ ကြုံဖူးတော့

တယ် ... လာပါ ထွက်ခဲ့စမ်းပါ ... မင်း သတ္တိမရှိဘူး

လား၊ ငါ စွန့်လွှတ်လိုက်တဲ့ ဖိနပ်အစုပ်ကို အမြတ်

တနိုး တန်ဖိုးထားပြီး ကိုးကွယ်နေကတည်းက မင်း

အဆင့် ဘယ်လောက်ရှိသလဲဆိုတာ ငါ ခန့်မှန်းနိုင်

တယ် ..."

သူ့စကားများမှာ တစ်စထက်တစ်စ ရင့်ကျူး

ရိုင်းပြလာခဲ့သည်။

စာမရီသည် ... သူ့ရဲ့ ရက်စက်သော စကား

ကြောင့် ဆတ်ဆတ်ခါ နာကျင်သွားသည်။ သူမို့ ချစ်ခဲ့





မိန်းမတစ်ယောက်ကို ဖိနပ်အစုပ်နဲ့ နှိုင်းနှိုင်းရက်လေခြင်း။

"ထွဋ်ညီ၊ နင် ခုချက်ချင်း ထွက်သွားမလား ... မသွား

ဘူးလား ...

အေး ... ငါ့ကို ဖိနပ်အစုပ်လောက်ပဲ နင်တန်ဖိုး

ထားတာ သိရတဲ့အတွက် ... ငါ ကံကောင်းပါတယ်၊

နင်နဲ့ လွဲရတာ ငါ့ဘဝမှာ ကံအကောင်းဆုံးပဲ ..."

"သစ္စာမရှိတဲ့ မိန်းမကို ငါက ဘာနဲ့တင်စားနေရဦး

မှာလဲ ... ဒါလောက်နဲ့ ပြီးမသွားသေးဘူး စာမရီ၊ နင်

တို့နဲ့ ငါ အကြိမ်ကြိမ်တွေ့ဦးမယ် ... နင်တို့နှစ်ယောက်

ကို တွေ့တိုင်းပေါ့ ..."

ထို့နောက် သူသည် ဆိုင်ခန်းထဲမှ ထွက်သွား

သည်။

"ဒီကောင် သက်သက် ကျွန်တော်တို့ကို ရန်စတော်ကား

နေတာပဲ စာမရီ၊ စာမရီ ဘယ်လိုဖြစ်စေချင်သလဲ၊

သူ့ကို မှတ်လောက်သားလောက်အောင် ကျွန်တော့်လူ

တွေနဲ့ ဆုံးမခိုင်းရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကိုနေ၊ မဖြစ်ဘူး ... ကျွန်မ ထွင့်အကြောင်း ကောင်းကောင်းသိတယ်၊ သူက အငြိုးအမျက် သိပ်ကြီး တတ်တယ်၊ မဆုံးနိုင်တော့ဘူး ရန်ဖွဲ့ထားရင်၊ ပြီးတော့ သူ မခံချင်စိတ်လည်း သိပ်ကြီးမားတယ် ...

သူ့ကို ကျွန်မရှာစပြီး လမ်းခွဲဖို့ စိန်ခေါ်ခဲ့တာ ကို သူ မခံချင်စိတ် ဖြစ်နေတာ၊ သူ့ကို ကျွန်မ သနား ဖောက်တယ်ဆိုပြီး သူ ခွင့်မလွှတ်နိုင်၊ မကျေအေးနိုင် ဖြစ်နေတာ ... သူ့ကို ဘယ်လိုကိုင်တွယ် ဖြေရှင်းရ မယ်ဆိုတာ ကျွန်မလည်း မသိတော့ဘူး ... သူ ကျွန်မ တို့နှစ်ယောက်ကို ရန်သူလို သတ်မှတ်နေပြီ ...

ပြဿနာ မဖြစ်ဖြစ်အောင် သူ လိုက်ပြီးရန်စစီး ခေါ်မှာပဲ ကိုနေ၊ ဒါပေမယ့် ကိုနေ သူနဲ့ ပြဿနာ မဖြစ်ပါစေနဲ့ ... ကျွန်မ ကြိုတောင်းပန်ထားတယ် သူ့ကိုရှောင်ပါ ... ထိပ်တိုက် သူလိုက်ထိုးနေရင် ကိုနေ ရှောင်ပေးပါ ..."

"ဒါပေမယ့် ယောကျ်ားချင်းကျတော့ တစ်ဘက်က





လိုက်ထိပ်တိုက်ဆိုင်နေရတာကို သည်းခံရှောင်ရှားဖို့ တော်တော်ခက်တယ် စာမရီ၊ ကျွန်တော်လည်း ဒေါသ နဲ့ မခံချင်စိတ်နဲ့ လူပဲ ...

သူက သူ ဘာလိုချင်မှန်း၊ ဘာဖြစ်ချင်မှန်းမသိ ဘဲ ... ဝူးဝူးဝါးဝါး လိုက်ရမ်းနေတာင်း ... ကျွန်တော်က အမြဲတမ်း ငြိမ်မခံနိုင်ဘူး၊ စာမရီ့ မျက်နှာကို ငဲ့ညှာ ထောက်ထားပြီး အတိုင်းအတာ တစ်ခုထိတော့ ကျွန်တော် သည်းခံပေးမှာပါ ...

ကျွန်တော်ကတော့ ကျွန်တော်လိုချင်တာကို ရှင်း ရှင်းသိတယ် ... ရအောင်လည်းယူမယ် ...

ကျွန်တော့်ဝါဒက အဲ့ဒါပဲ ..."

လင်းနေက အဲ့ဒီလိုပြောပြီး သူမကို အဓိပ္ပာယ် အပြည့် ပျော်ဝင်နေသော အကြည့်ဖြင့် ကြည့်လေသည်။ သူ့အကြည့်မှာ လေးနက်ထွင်းဖောက်လွန်းသဖြင့် စာမရီ သည် သူ ဘာလိုချင်တယ်ဆိုတာကို ရိပ်မိသိနားလည် သွား တော့၏ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားရအောင် ,စာမရီ၊ ကိုသက်ဝင်း ... မ
တွေပေါ်က ကြက်ခြေခတ်တွေကို အမြန်ဆုံး ပြန်ဖျ
လိုက်ပါ"

စာမရီသည် သူမတို့ တစ်စထက်တစ်စ ပို
ဝေးဝေးသွားတော့မည် ဆိုတာကို ခံစားမိတိုင်း ထွက်ပေါ
မရှိသော အလုံပိတ်အခန်းကျဉ်းကလေးထဲ ပိတ်မိသွားသ
မွန်းကျပ်ဆို့နစ်သွားတတ်သည်။

ချစ်သူချင်းဆိုတာ မျက်နှာချင်းဆိုင်ပြီးတော့သ
နီးသထက်နီးကပ်အောင် လျှောက်လေ့ရှိတတ်ကြတာ။

တို့နှစ်ယောက်ကျမှ ဘာလို့များ တစ်ယောက်
တစ်ယောက် ကျောခိုင်းပြီး ဝေးသထက်ဝေးအောင် ဆန့်ကျ
ဘက်ကို လျှောက်နေမိပါလိမ့်ကွယ်။





"ဆိုင်ကလေးရဲ့ Decoration တော့ ပြီးသလောက်ရှိ
တော့မယ် စာမရီ၊ ရှေ့လထဲ ကျွန်တော် စင်ကာပူနဲ့
မလေးရှားထိ သွားဖို့ရှိတယ် ...

စာမရီ လိုက်ခဲ့နိုင်ရင် အဖော်ရတာပေါ့ ...
ကျွန်တော် အားလုံး ကူညီပေးမယ်လေ ..."

အခုတော့ ယိုးဒယားဆိုင်ကလေးထဲတွင် မရည်
ရွယ်ဘဲ ... မဖြစ်ချင်ဘဲ စာမရီသည် ထွင့် မဟုတ်တော့သော
တခြားယောကျ်ားတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်မိ
လေပြီ။

"မေမေပါ လိုက်လိမ့်မယ်၊ ရှော့ပင်အတွက်က ထွက်ကို
ထွက်ရတော့မှာ၊ ဆိုင်က ပြီးနေပြီဆိုတော့ ဖွင့်ရတော့
မယ် ... ကိုနေပါတော့ ပိုကောင်းတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မေမေရော ကျွန်မမှာပါ ပါ့(စ်)ပို့(ထ်)ရှိပြီးသား

ပါ ...”

“ကောင်းတယ် ,.. ကျွန်တော် အားလုံး စီစဉ်ပေးမယ်

ဒါဆို အတူတူ ထွက်ကြတာပေါ့ ...”

ထိုစဉ်တွင် ဆိုင်ထဲသို့ ထွင်ရှ ဝင်လာတာ

သူမ မြင်လိုက်ရသည်။ သူမတို့ကို မြင်လိုက်သည်နှင့် သူ

မျက်နှာသည် ညိုမှောင်ညစ်ထေးသွားတော့သည်။ သူ

ရှုးရှုအေးခဲသော အကြည့်ဖြင့် စိုက်ကြည့်ပြီး သူမတို့စားပွဲ

သို့လျှောက်လာသည်ကို သူမက သူ ဘာများစော်ကားနေ

ယှက်ဦးမလဲ ... ဟု ရင်ဖိုသည်းထိတ်စွာ စောင့်ကြည့်နေ

ဆဲ ... သူက စားပွဲနားသို့ ရောက်လာသည်။

ထို့နောက် လင်းနေ၏ ထမင်းပန်းကန်ပေါ်

ကြွေအိုးလေးထဲမှ ငရုတ်သီးစိမ်းများနှင့် ဖော်စပ်ထားသော

အချဉ်ရည်တစ်အိုးလုံးကို ရုတ်တရက် လောင်းသွန်ချလို

သည်။ ထို့အတူပင် ... စာမရီ့ ပန်းကန်ထဲသို့လည်း ထိုငရုတ်

သီးချဉ်များ လောင်းသွန်ထည့်လိုက်သည်။





“ဟော့ကောင်၊ မင်း ...”

လင်းနေသည် ... အစော်ကား ခံလိုက်ရပြန်သည်မို့

ဒန်းခနဲထ,ရပ်လိုက်သည်။ စာမရီသည် ဒီလောက်ထိ အတင့်ရဲ

ရိုင်းပျစွာ စော်ကားရန်စရဲသည်ကို မခံမရပ်နိုင်လွန်းသဖြင့်

အသားပင် တဆတ်ဆတ်တုန်စွာ သူ့ကို ရှုးခဲလောင်မြိုက်စွာ

ကြည့်သည်။

“မင်းတို့ နှစ်ယောက်စလုံး ... ငါ့အတွက်တော့ ချဉ်ငံ

စပ်နဲ့ အရသာ အတူတူပဲ ...”

သူကပြောပြီး ... ခုံလွတ်တစ်ခုံတွင် သွားထိုင်

နေကာ၊ ထိမထင်သော မခိုးမခန့်နိုင်သော မျက်နှာဖြင့် သူမ

တို့ကို လှမ်းကြည့်နေလေသည်။

“ဟာ ... ဒီကောင် မိုက်ရိုင်းလွန်းနေပြီ၊ အသားလွတ်

ကြီး လိုက်ရန်စနေတာကွာ ...”

လင်းနေသည် အံတင်းတင်းကြိတ်ကာ လက်သီး

ကို ကျစ်ကျစ်ဆုပ်ထားပြီး ထွင်ရှညီ ထံသို့ မီးတောက်မီးလျှံ

ဘွ လွှတ်ထုတ်နေသလို ပူပြင်းလောင်မြိုက်စွာ ကြည့်နေသည်။



www.burmeseclassic.com

ထွန်းညီက ခမ်းမွှန် ... ဟူသော မျက်နှာပေးဖြင့် မျက်ခုံးနှစ်ဖက်ကို ပင့်ပြလိုက်သည်။

"ဒီကောင်နဲ့ ပြဿနာကို အပြတ်ရှင်းမှပဲ ဖြစ်တော့မယ် စာမရီ၊ တဖြည်းဖြည်း ဒီကောင် အတင့်ရဲသထက် ရဲလာမယ်"

"မလုပ်နဲ့ ကိုနေ ... ကိုနေ တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွန်မလည်း အတူတူ စော်ကားခံရတာပဲ ကျွန်မပဲ ဖြေရှင်းမယ် ကိုနေ ...

ကိုနေ ဖြေရှင်းလို့ကတော့ ဒီပြဿနာ ဆုံးတော့မှာ မဟုတ်ဘူး ..."

စာမရီသည် သောက်လက်စ ချောကလက်မစ်လ် ရှိတ်(ခ်)ဖန်ခွက်ဖြင့် သူ့ဆီသို့ လျှောက်သွားကာ ... သူ့ မျက်နှာဆီသို့ မစ်လ်ရှိတ်(ခ်)များဖြင့် ပက်ပစ်လိုက်သည်။

ထို့နောက် သူ့ကို စကားတစ်ခွန်းမှ မပြောတော့ ဘဲ လင်းနေနှင့်အတူ တွဲလျက်ပြန်ထွက်လာခဲ့သည်။ သူ ဘယ်လိုဖြစ်ကျန်ခဲ့မယ်ဆိုတာ သူမ မသိချင်။





အကြောက်တစ်မျိုးသည် သူမ ရင်တွင်းသို့ စိမ့် လာခဲ့သည်။ သူနှင့် သူမတို့နှစ်ယောက်မှာ ဘယ်တော့မှ ချစ်သူတွေ ပြန်ဖြစ်နိုင်စရာ လမ်းမမြင်တော့။ ဥပေက္ခာလည်း မပြုနိုင်။ တဖြည်းဖြည်း ရန်သူတွေအဖြစ်သို့ ပြောင်းလဲလာဖို့ သာ ရှိတော့လေသည်။

သူမတို့ ထွက်လာတဲ့နောက်မှ ထွန်းညီ လိုက်ပါ လာသည်ကို လှည့်မကြည့်ဘဲ ခံစားလို့ရသည်။

သူ ဘာကို မလိုတမာ ခံပြင်းခါးသက်နေတာပါ သိမ့်။ တကယ်တော့ သူမတို့နှစ်ယောက်တွင် စတင်၍ သစ္စာ ဖောက်ခဲ့သူမှာ သူ ဖြစ်သည်။ သူမကို စတင်၍ စွပ်စွဲစော် ကားသူမှာလည်း သူပဲဖြစ်သည်။ အဆိုးဆုံးကတော့ အပြစ် မဲ့သမျှ သူမအပေါ် ပုံချခဲ့ခြင်း ဖြစ်လေသည်။

တကယ်တော့ သူနှင့်သူမ မခွဲချင်ပါ၊ ခုလို တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးရန်ဘက်တွေပမာ မာန် ဆောင်နေရသော အဖြစ်အပျက်ကိုလည်း မဖြစ်စေချင်ပါ။

သူမနှင့် လင်းနေ ကားဖြင့်ထွက်လာရာနောက်မှ

www.burmeseclassic.com



သူ့ကား ပါလာတာကို တွေ့ရသည်။ အဲ့ဒီလို တကောက်ကောက် လျှောက်လိုက်နေခြင်းသည် သူမအပေါ် သူ သံယောဇဉ်မကုန်နိုင်သေးကြောင်း၊ မပြတ်တောက်နိုင်သေးကြောင်း သိသာထင်ရှားပေမယ့် ... သူကတော့ ဝန်ခံမည်မဟုတ်။





အခန်း(၆)

အဲ့ဒီနောက်တော့ စင်ကာပူခရီးထွက်ဖို့အတွက် လင်းနေနှင့် သူမသည် အမြဲလိုလို အတူတူတွဲ၍ သွားလာနေရလေသည်။ တစ်နေရာမဟုတ် တစ်နေရာတွင်တော့ သူမသည် ထွန်းညီကို ဒုတ်ခနဲ၊ ရိပ်ခနဲ တွေ့လိုက်ရသည်ချည်းဖြစ်သည်။

ပါ့စ်ပို့(ထ်)ရုံးတွင် သွားလာလှုပ်ရှားလျက်ရှိတာကိုတွေ့ရသဖြင့် ... သူ ပို၍ စိတ်လှုပ်ရှား ခံပြင်းနေဟန်လည်း ပေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တော့ ပါ့စ်ပို့(ထ်)ရုံးမှအထွက်တွင် ထွ
သည် မျက်နှာချင်းဆိုင်၍ လာရပ်ကာ ...

"ဘယ်လိုလဲ ... တော်တော်ခြေလှမ်းတွေ ရှုပ်နေကြ
လား၊ နိုင်ငံခြားအထိပါ ဆက်ရှုပ်ကြဦးမလို့ပေါ့ ...
ဟုတ်လား"

ဟု ခနဲ့ခနဲ့ တင်းမာခက်ထန်သော မျက်နှာထ
ဖြင့် ပြောလေသည်။ လင်းနေက စိတ်အနှောင့်အယှက် ဖြ
သွားသော မျက်နှာထားဖြင့် ထွင်ရှိကို စိမ်းစိမ်းကြည့်နေသေ
လည်း ... ဘာတစ်ခွန်းမှ မပြော။

"ဟုတ်တယ်၊ ငါတို့ ဗန်ကောက် ... စင်ကာပူ
မလေးရှားထိ ရှော့ပင်ထွက်ကြမလို့၊

ငါ တစ်ခုမေးပါရစေ၊ ငါနဲ့ နင်နဲ့ ဘာမှ မဆိ
တော့၊ မပတ်သက်တော့ဘဲနဲ့ ... ဘာကိစ္စ နင် ငါ့နော
တကောက်ကောက် လျှောက်လိုက်ပြီး ငါ့ကိစ္စတွေ
လိုက်စိတ်ဝင်စားနေရတာလဲ၊ ငါကတော့ နင့်ကို စိတ်
မဝင်စားဘူး၊ ငါ့အလုပ် ငါလုပ်နေတာ ..."





သူမက စကားဖြင့် အနိုင်ပိုင်းချင်သည်။ သူက
သူမစကားဖြင့် သူ ထိခိုက်သွားသည်ကို ဖုံးကွယ်လျက် ...

"အေး၊ နင်က သစ္စာဖောက်သွားတဲ့သူကိုး၊ ငါက
နင့်ကို ခွင့်မလွှတ်၊ မကျေအေးနိုင်တဲ့သူ၊ နင်တို့နှစ်
ယောက်စလုံးကို ငါ အလွတ်မပေးနိုင်ဘူး ... နင်တို့ကို
ငါ အမြဲ နှောင့်ယှက်နေမှာပဲ ..."

ဟုပြောပြီး လင်းနေဘက်သို့ အေးစက်ခဲကျဉ်စွာ
စိုက်ကြည့်လျက်ရှိရာ ... လင်းနေကလည်း မျက်လုံးမလွှဲဘဲ
ထွင်ရှိကို စူးရှစွာ ပြန်လည်စိုက်ကြည့်နေသည်။

"မင်းကို ငါ တော်တော် သနားတယ် သူငယ်ချင်း ...
သူများစားပြီးသား အကြွင်းအကျန်ကိုမှ မင်းက မက်
မောတတ်တာကိုး ..."

"ထွင်ရှိ ... နင် မရိုင်းနဲ့နော်"

"ငါ ပြောပြီးသား၊ နင်တို့နှစ်ယောက်လုံး ဘယ်ကိုမှ
ပြေးမလွတ်ဘူး၊ ငါ အမှန်တရားတွေ လိုက်ပြောနေမှာ
ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ပြောနေတာ အမှန်တရားမှ မဟုတ်ဘဲ ထွဋ်ညီ

နင် ငါ့ရဲ့ ဂုဏ်သိက္ခာကို သက်သက်ဖဲ့ရွဲ့နေတာပဲ"

ထွဋ်ရဲ့ မျက်နှာသည် အပြင်းအထန် သရော်တော

မည့်ဟန် လျှောင်ပြောင်ရိပ် သမ်းသွားကာ ...

"ဂုဏ်သိက္ခာ၊ နင်လိုမိန်းမတစ်ယောက်က ဂုဏ်သိက္ခာ

ဆိုတဲ့ စကားလုံးကို သုံးစွဲရဲသေးတယ် ... ယောက်ျား

တစ်ယောက်ကို ပြောင်ပြောင်တင်းတင်းကြီး သစ္စာ

ဖောက်ရဲတဲ့ မိန်းမမှာ ဂုဏ်သိက္ခာဆိုတာ ကျန်သေး

လား ... ငါမဖွဲ့ရခင်ကတည်းကပဲ နင့်ဂုဏ်သိက္ခာ

နင့်ဘာသာ ပြန်ဖွဲ့လို့ ကုန်ပြီမဟုတ်လား ..."

ဟုခနိုးခနဲ့ ပြောလျှင် ... စာမရီသည် ဆတ်ဆတ်

ခါနာလျက် အစွမ်းကုန် အရှဲ့တိုက်မိတော့မတတ်ပင်

စိတ်ဓာတ်တွေ နာကျင်ထိခိုက်သွားသည်။

"ထွဋ်ညီ၊ နင် ငါ့ကို အဲ့ဒီလောက်ထိ တဆုံး တစ်

ဖြတ်ပြီးပြီပဲ၊ နင်နဲ့ငါ စကားပြောဖို့တောင် မလိုတော့

ဘူး သိရဲ့လား၊ နင် ငါ့ကို ဘယ်တော့မှ လာမပတ်သက်





နဲ့တော့ ... နင့်ကို ငါ နာကြည်းသထက် နာကြည်း

လာအောင် နင် လုပ်မနေနဲ့ ..."

"နင် နာကြည်းတာထက် ငါက ပိုတယ် စာမရီ၊ ငါ

ပြောပြီးပြီ၊ ငါက လက်စားချေတတ်တယ်၊ ငါ့ကို

မိန်းမတစ်ယောက် အလွယ်တကူ သစ္စာဖောက်သွားလို့

မရဘူး ... တန်ရာတန်ကြေးတော့ ငါ ပြန်ယူရမယ် ...

နင့်စိတ်ကို တရိရိ ဒဏ်ရာပေးဖို့တော့ ငါ လုပ်ရမယ်"

သူ့ မျက်လုံးများမှာ အငြိုးအမျက်များဖြင့်

တောက်လောင်နေသည်။ လင်းနေက မနေနိုင်တော့ဘဲ ...

"အေး၊ မင်းက မင်းအပေါ် ဘယ်တုန်းကမှ သစ္စာမ

ဖောက်မိသေးတဲ့ မိန်းကလေးတစ်ယောက်ကို သစ္စာ

မဖောက်ဖောက်အောင် အတင်းတွန်းအားပေးနေတာ

ပဲ ...

စာမရီလို မိန်းကလေးမျိုးကို လက်လွှတ်ဆုံးရှုံး

ရတဲ့အတွက် မင်း တစ်ချိန်ချိန်မှာတော့ အပြင်းအထန်

နောင်တရလိမ့်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောလိုက်သည်။ စာမရီသည် ... လင်းနေ

စကားကြားမှ ပို၍နာကျင်ကာ ...

"သွားစို့ ကိုနေ၊ တန်ဖိုးနားမလည်တစ်တဲ့သူကို တန်ဖိုး

အကြောင်း သွားပြောမနေနဲ့ ...

သူက သူ့အမှားကသာမှန်ပြီး ... သူများတကာ

တွေရဲ့အမှန်က မှားနေတယ်ဆိုတဲ့ အယူသီးနေတဲ့

လူမျိုး ..."

စာမရီသည် ... သူ့ကို ကျောခိုင်းကာ ခပ်သုတ်

သုတ် လှည့်ထွက်ခဲ့ပြီး လင်းနေ၏ ကားပေါ်သို့ တက်ထိုင်

နေမိသည်။ ရင်ထဲတွင် ကွက်လပ်တစ်ခုလိုဟာပြီး ... ခံပြင်း

နာကျင်စိတ်တို့သည် မခံမရပ်နိုင်အောင် ရုန်းကြွလျက်ရှိနေ

သည်။

သူ ဘယ်လိုခံစားချက်မျိုးဖြင့် ကျန်ရစ်ခဲ့သည်ကို

မသိချင်တော့ပြီမို့ သူရပ်နေရာဆီသို့ လှည့်၍ပင် မကြည့်ခဲ့ချေ။





သူ ခံစားရသမျှ အပြင်းထန်ဆုံး အချိန်မှာ ...

စာမရီ နိုင်ငံခြားခရီးသို့ လင်းနေ ဆိုသောသူနှင့်အတူ ထွက်

ခွာသွားခဲ့ချိန်တွင် ဖြစ်သည်။ စာမရီ့မေမေ ပါသွားသည်ဆို

သော်ငြား သူကတော့ သူတို့နှစ်ယောက်အတွဲကိုသာ မြင်လျက်

သဝန်တိုစိတ်ဖြင့် ပူလောင်ကျွမ်းမြေ့လျက် ရှိသည်။

နိုင်ငံခြားခရီးတောင် အတူသွားကြပြီဆိုတော့

သူမတို့နှစ်ယောက်ကြားက ပတ်သက်ရင်းနှီးမှု အတိုင်းအဆကို

သူ မခန့်မှန်းလိုတော့ပေ။

သူမကို လက်လွှတ်ဆုံးရှုံးရတော့မည် ဆိုသော

အသိဝင်လာမှ သူ နေမထိ၊ ထိုင်မသာ ဖြစ်လာသည်။ ချစ်ခဲ့

ကြသော သံယောဇဉ်နှောင်ကြိုးတွေသည် ယခုအချိန်ထိပင်



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်မြဲမြဲလျက် ရှိသည်ကို သူ သိလာသည်။ ဘယ်လို ပြတ်တောက်၍မရ။

သူ့ဘက်က အဲ့ဒီလောက် ငြိတွယ်နိုင်မြဲပါလျက် သူမဘက်က သစ္စာဖောက်ကာ အသစ်ရှာလေခြင်း ... ဟု နာကြည်းလာသည်။ မခံချင်စိတ်၊ အငြိုးအမျက်စိတ်တို့သည် သူ့တစ်ကိုယ်လုံးကို တုပ်နှောင်စည်းကျပ်ထားသည်။

ထိုရက်များအတွင်း နေ့စဉ်ရက်ဆက်လိုပင် သူနှင့် စဝ်နန္ဒီတို့ ပဋိပက္ခကြီးစွာ ဖြစ်ကြရသည်။

"ယူတို့ယောကျ်ားတွေ ဒီလောက်တောင်ပဲ အပြောင်းအလဲ မြန်သလားဟင်၊ တို့အချစ်ကို မရခင်တုန်းကတော့ သေတော့မလောက်ပဲ ... အရူးအမူးနဲ့ ... ခုတော့လည်း စိတ်မပါသလို ... ဂရုမစိုက်သလို အေးတိအေးစက်နဲ့ ဘယ်လို ဖြစ်နေတာလဲ ထွဋ်ညီ ...”

ဟု သူမကမေးလျှင် ... မင်းကို ကိုယ်ဘယ်တုန်းကမှ မချစ်ခဲ့ဘူး ... ဟူသော စကားလုံးသည် သူ့လည်ချောင်းထိလိမ့်တက်လာခဲ့သည်။ သို့သော် မပြောဖြစ်ခဲ့။ သူမက





တောင်ပြတ်စဲစကား၊ လမ်းခွဲစကားပြောဖို့သာ သူ တောင့်တသည်။ စဝ်နန္ဒီလို မိန်းကလေးမျိုးသည် မာနကို ဘယ်တော့မှ ထိပါးမခံတတ်သူမှန်း သူ တစ်နေ့တစ်ခြား ပိုသိလာသည်။ သူမကသာ ချန်ထားရစ်ခဲ့မည့်သူ ဖြစ်သည်။

"ကိုယ့်ကို မိန်းမတစ်ယောက် သစ္စာဖောက်သွားလို့ ကိုယ် တော်တော်ခံပြင်းနေတယ် မိစဝ် ...”

ဟု သူ မမျှော်လင့်ဘဲ ပြောလိုက်မိသည်။ သူမက တအံ့တသြ မျက်လုံးများဝိုင်းလျက် ...

"မင်းကို တို့ ဘယ်တုန်းက သစ္စာဖောက်မိလို့လဲ ... ဘုရားရေ ... စွပ်စွပ်စွဲစွဲ ...”

ဟု နားမလည်နိုင်သလို ဆိုလေသည်။

"မင်း မဟုတ်ပါဘူး ... ကိုယ် ပထမဆုံး ချစ်ခဲ့တဲ့ အချစ်ဦးမိန်းမက ကိုယ့်ကို သစ္စာဖောက်ခဲ့တာ ...”

စဝ်နန္ဒီသည် ... ဖြန်းခနဲ ငြိမ်သက်သွားသည်။ သူ့ကို စေ့စေ့ကြည့်လျက် ...

"သြော် ... တို့က မင်းရဲ့အချစ်ဦးမိန်းမ မဟုတ်ခဲ့ဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု အေးစက်စက် ပြောလေသည်။ သူဖြစ်ချင်သည်မှာ စဝ်နန္ဒီသည် ဒေါသတကြီး ငြူစူပေါက်ကွဲလျက် မာနဖြင့် သူ့ကို စတင်လမ်းခွဲဖို့ ဆုံးဖြတ်မည် ထင်ခဲ့သည်။

"ဟုတ်တယ် ..."

"တို့ အဲ့ဒီမိန်းမကို ကြည့်ချင်တယ် ..."

ဟူသော သူ လုံးဝမျှော်လင့်မထားသည့် တောင်းဆိုမှုကို စဝ်နန္ဒီ ဆီမှ ကြားလိုက်ရသောအခါ သူ ချာချာလည်သွားသည်၊ တကယ်တော့ စဝ်နန္ဒီကို သူ လျှော့တွက်မိခဲ့ခြင်းသာဖြစ်သည်။

"ဘာလို့ ကြည့်မှာလဲ၊ သူနဲ့ ကိုယ် ပြတ်သွားပြီ – သူက လူအသစ်နဲ့ တောင် နိုင်ငံခြား ထွက်သွားပြီ –"

"အပြီးသွားတာလား ...

"ဘယ်ဟုတ်မလဲ ... ရှော့ပင်သွားတာ ... သူ ပြန်လာမှာပေါ့ ..."

"သူ ပြန်လာရင် တို့ကို ပြစမ်းပါ ... တို့ ခု သဘောပေါက်တော့တယ်၊ သူက မင်းကို သစ္စာဖော





ပြီး တခြားတစ်ယောက်နဲ့ တွဲခဲ့လို့ ... မင်းက တို့ကို အသည်းအသန် လိုက်ယူခဲ့တာကိုး ...

ဒါပေမယ့် ထွင့်ညီ ... တို့ရဲ့ ခံယူချက်ကို မင်းသိရင် အံ့ဩသွားမယ်၊ တို့က မင်းရဲ့ အချစ်ဦးပဲ၊ တို့ဘဝမှာတော့ နောက်လူတစ်ယောက် ဘယ်တော့မှ ထပ်မရှိစေရဘူး ...

မိန်းမတစ်ယောက် ကံကောင်းတယ်ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဦး ဖြစ်မဖြစ်နဲ့ မဆိုင်ပါဘူး ... ကိုယ်ချစ်တဲ့ယောကျ်ားရဲ့ လက်ထပ်ခွင့်ကို ရဖို့ပဲလိုတာ ..."

ထိုစကားကြောင့် သူ တုန်လှုပ်သွားသည်။ မာန်မာနများ၊ မောက်မာရင့်သီးမှုများဖြင့် ခက်ထန်မာကြောခဲ့သော မိန်းမတစ်ယောက် လျင်မြန်စွာ ပြောင်းလဲသွားခဲ့ပုံကို ရင်ဆိုင်ကြုံတွေ့လိုက်ရစဉ် ခဏတွင် ... အချစ်ဆိုသော အရှိန်အဝါတစ်ခုမှာ ဘယ်လောက် အင်အားကြီး ပြင်းထန်လှသလဲဆိုတာကို သူ သိမြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြန်ပြောရမည်မှန်းမသိ၊ ရှက်တရက် ဆွံ့အသွားသည်။





အဲ့ဒီနေ့က ... စာမရီ၏ "Especially For You" ဟု အမည်ပေးထားသော Gift Shop ဆိုင်ကလေး စတင်ဖွင့်ခဲ့သော နေ့ကလေးဖြစ်သည်။

ဟောင်ကောင်၊ စင်ကာပူနှင့် မလေးရှားတို့တွင် လင်းနေနှင့် စာမရီ စိတ်ကြိုက်ရှာဖွေ ဝယ်ယူခဲ့သော လက်ဆောင်ပစ္စည်း အမျိုးပေါင်းများစွာကို ... ကြည်ပြာလဲ့လဲ့ မီးရောင်အောက်တွင် ချစ်မြတ်နိုးဖွယ် လှပဆန်းကြယ်စွာ ခင်းကျင်းပြင်ဆင်ထားလေသည်။

အဆန်းတကြယ် လက်ဆောင်ပစ္စည်းများ ... လက်ဖြစ်အနုပညာမြောက်ပစ္စည်းများ ... ပန်းစည်းများ၊ ပန်းခြင်းများ ... ကတ်မျိုးစုံတို့ ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးက ထိုနေရာတွင် ... လှပသက်ဝင်ဆုံးမို့ လူတကာက မျက်စိကျ၊ စိတ်ဝင်စားစွာ လာရော ကြည့်ကြသည်။ ဝယ်ယူဖို့ စိတ်ကူးမရှိသူများပင် ... ပစ္စည်းဆန်းကလေးများတွေ့လျှင် မဝယ်ဘဲ မနေနိုင်အောင် ဆွဲဆောင်ထားလေသည်။

စာမရီသည် ... ဆိုင်ကလေးထဲတွင် စိတ်ဝင်တစား လူစည်ကားလျက်ရှိသည်ကို ကြည်နူးပီတိဖြင့် ဝမ်းသာနေသည် သူမဘေးတွင် ... လင်းနေလည်း အတူရှိနေခဲ့ကာ ...

"စာမရီ ဆိုင်ကလေးတော့ နာမည်ကြီးသွားမှာ ပထမဆုံးနေ့တောင် လူ ဒီလောက်ဝင်ကြတာ ... နောက်ဆို ကိုယ်ကြော်ငြာကလေး ရိုက်ပေးချင်တယ် တီဗီကြော်ငြာနဲ့ မဂ္ဂဇင်းတွေထဲမှာ ထည့်ဖို့ပေါ့ ..."

"အင်း ... ကောင်းသားပဲ၊ ကိုနေ စိတ်ကူးတော်တော်ကောင်းတယ် ..."

သူတို့နှစ်ယောက် ခုံဝိုင်းမြင့်မြင့်ကလေးတွေတွင် ထိုင်လျက် စကားပြောနေခဲ့ခြင်းဖြစ်ရာ ဆိုင်ထဲသို့





ထွန်းညီနှင့် စဝ်နန္ဒီတို့စုံတွဲ လက်ချင်းချိတ်တွဲလျက် ဝင်လာသည်ကို ... စာမရီက စတင်၍ မြင်လိုက်လေသည်။

ထွန်း ...။ မတွေ့ရတာ ကြာပြီနော် ... ဟု ရုတ်တရက် လွမ်းမောသွားမိသော နှလုံးသားပေါ်တွင် ... သူ့ရဲ့ မလိုတမာ ... မထီတရီ လှောင်ပြုံးသရော်ပြုံးက ခပ်ပြင်းပြင်း ရိုက်ချလိုက်သလို ... ဒဏ်ရာရသွားသည်။

လင်းနေကလည်း မြင်သွားကာ ... သူမကို ဂရုတစိုက်စောင့်ကြည့်နေဆဲ ... ထွန်းသည် ရက်ရက်စက်စက် ချောသည်ဟု တင်စားရမလောက် ချောမောလှပ ညှို့အားကောင်းသော စဝ်နန္ဒီကို လက်တွဲကာ ... သူမတို့ရှိရာဆီသို့ တည့်တည့်မတ်မတ် လျှောက်လာသည်ကို မြင်ရစဉ် ... ရင်တထိတ်ထိတ် ခုန်လာခဲ့ပြန်သည်။

သူ ဘာများရန်စ, စော်ကားဦးမလို့ပါလိမ့် ... ဟု ရင်တမမရှိဆဲ ... သူက သူမရှေ့တွင် ရပ်လိုက်ကာ ...

"ကဲ ... မိစဝ် ... မြင်ဖူးချင်တယ်ဆို ... သစ္စာဖောက်မိန်းမနဲ့ ... သစ္စာဖောက်လက်ခံယောက်ျား ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ပဲ ... မြန်မာစကားပုံမှာ ဆိုရင်တော့ ကြောက်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး စုံတွဲ ပေါ့ ဟား ဟား ...”

ဟု ခပ်ကျယ်ကျယ်အသံဖြင့် ပြောလိုက်ရာ ... ဆိုင်ထဲရှိ လူတချို့ပင် တအံ့တဩ စူးစမ်းကြည့်များဖြင့် လှည့်ကြည့်တာ ခံရလျှင် ... စာမရီသည် တစ်ကိုယ်လုံးမီးပြင်း စွဲလောင်သလို ထူပူလောင်ကျွမ်းသွားလေသည်။

ထွင့်ရဲ့ မျက်နှာပေါ်တွင်၊ မခံချင်စိတ်နှင့် ခနဲ့ ဟန်အပြည့် ...

“ထွင့်ညီ ... နင် တော်တော်စော်ကားနေပြီနော် ... ဆိုင်ထဲမှာ နင် ငါ့ကို အရှက်လာခွဲနေတာ ... ရပ် ကရပ်တော့ ...”

စာမရီသည် အရှက်တို့ သိပ်သည်းနေသော အသံခပ်တုန်တုန်ဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။

လင်းနေသည် ဆက်လက်၍ သည်းမခံနိုင်တော့ ဟန်ဖြင့် ... ထွင့်ညီ၏ မျက်နှာတည့်တည့်သို့ လက်သီးတစ်ချ



BURMESE CLASSIC .com



ပစ်သွင်းလိုက်ဆဲ ထွင့်ညီက ခေါင်းကို အသာရှောင်တိမ်း လိုက်ကာ ...

“ဒီနေရာက ရန်ဖြစ်လို့ သိပ်မကောင်းသေးဘူး ... မင်းနဲ့ငါ တွေ့ဦးမှာပါ ... မင်းနဲ့ငါ မိန်းမတစ်ယောက် အတွက်နဲ့တော့ ရန်မဖြစ်ချင်ဘူး... ယောကျ်ားသိက္ခာ ကျတယ်၊ ယောကျ်ားချင်း ယှဉ်ပြိုင်တာမျိုးပဲ ဖြစ်ချင် တယ် ... တွေ့ကြတာပေါ့ ဟုတ်ပြီလား”

ဟု ခပ်ကျောကျောဟန်ဖြင့် ပခုံးကိုပုတ်ကာ ချာခနဲ လှည့်ထွက်သွားလေသည်။

စာမရီသည် စဝ်နန္ဒိနှင့် စူးရှတောက်ပသော အကြည့်ချင်း ပြင်းထန်သိပ်သည်းစွာ ဆုံမိကြသည်။ သူမ၏ လှပနက်မှောင်၍ ရွှန်းလက်သော မျက်လုံးများထဲတွင် တင်းစီးရင့်ကျော်သော အဓိပ္ပာယ်တစ်မျိုးကို စာမရီ ခံစားလို့ ရလေသည်။

ဒီမိန်းမဟာ ငါ့ကို ဘယ်လိုအကြည့်မျိုးနဲ့ ကြည့် ပါလိမ့် ဟု စာမရီ မခံချိ မခံသာ တွေးမိသည်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်၍ စာနာထောက်ထားပေးခဲ့သူက စာမရီ ဖြစ်သည်[illegible]
စာမရီသည် ပြိုင်ပွဲဖြင့် ရှုံးနိမ့်သူလည်း မဟုတ်ခဲ့တာ သူ[illegible]
သိဟန်မတူပါ။

"ကိုယ်တို့ အေးအေးဆေးဆေး စကားပြောရအော[illegible]
တစ်နေရာရာသွားစို့ စာမရီ ..."

ဟု လင်းနေက စာမရီ့ကို လေးနက်သိပ်သည်း[illegible]
သော မျက်လုံးများဖြင့်ကြည့်ကာ ပြောလေသည်။ စာ[illegible]
မငြင်းမိ။

လင်းနေက သူမကို TRADER HOTEL ရှိ ကော်[illegible]
ဆိုင်ကလေးဆီသို့ ခေါ်လာသည်။

Cappuccino မှာလိုက်ပြီးနောက် ... လင်းနေ[illegible]
သူမကို ဘာမှမပြောသေးဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ငေး[illegible]
နေခဲ့သည်။ ထိုအကြည့်ထဲတွင် ကြည်လဲ့လင်းမြသော အ[illegible]
တစ်မျိုး ဘယ်ကရောက်ရှိခဲ့သည် မသိဘဲ စိုလက်လာခဲ့[illegible]
စာမရီသည် မိန်းမတို့ အလိုလို တတ်မြောက်ကျွမ်းကျင်[illegible]
Chemistry of Love ဆိုတာကို နားလည်ခံစားလိုက်သည်။[illegible]



BURMESE CLASSIC .com



[illegible]အပြောတော့မည်ကို သူမ ကြိုတင်ရိပ်မိလာသည်။

တိတ်ဆိတ်မှုနှင့် မရှေးမနှောင်းတွင် သူက
[illegible]တင်၍ ...

"စာမရီ၊ မင်းကို ကိုယ်ချစ်တယ် ... ကိုယ့်ကို လက်ထပ်
နိုင်မလားဟင် ..."

ဟူ၍ ... ရိုးရှင်းတိုက်ရိုက်စွာပင် ပြောလိုက်
[illegible]င် ... စာမရီသည် ကိုယ်ခန္ဓာ တုန်ခနဲ ဖြစ်သွားသည်။
[illegible]ကို မျှော်လင့်ပြီးပြီမို့ အဆန်းတကြယ်တော့ မဖြစ်မိပါ။

"တကယ်တော့ ကိုယ် စာမရီ့ကို ယိုးဒယားဆိုင်မှာ
စ,တွေ့ကတည်းက စပြီးစိတ်ဝင်စားခဲ့တာ၊ ဘာကြောင့်၊
ညာကြောင့်ရယ်မှ မဟုတ်ဘဲ စိတ်ကိုဝင်စားခဲ့တာ၊
စာမရီဟာ ကျွန်တော် ပထမဆုံး စိတ်ဝင်စားမိတဲ့
ပထမဆုံး မိန်းကလေးပဲ ... အာအကြောင်းပြချက်မှ
မလိုအပ်တာ အချစ်ပဲ ဆိုတာ အဲဒီနေ့ကပဲ ကိုယ်နား
လည်လိုက်မိတယ် ... ချစ်တယ် ဆိုတာကို စပြီး
ခံစားမိတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာ မင်းကောင်လေးနဲ့ ပြဿနာ
တယ်၊ မင်းမှာရည်းစားရှိမှန်း သိလိုက်တော့
နည်းနည်းတော့ တုန်လှုပ်သွားတယ် ... ဒါပေ
ကိုယ့်ကိုယ်ကို ဘာလုပ်မိမှန်း မသိခင်မှာပဲ
မင်းအတွက် ရှင်းပေးခဲ့ပြီး ကြိုထွက်ခဲ့ပေမယ့် မင်း
တစ်နေရာက စောင့်ကြည့်နေခဲ့မိတာ၊ မင်းနောက်
ကိုယ် တိတ်တိတ်ကလေး လိုက်ကြည့်မိခဲ့တာ ...
ရဲ့အိမ်ကို ကိုယ်သိသွားတယ်၊ အိမ်သိတော့ ဖုန်းနံ
သိဖို့ လွယ်သွားပြီလေ ...

ဒုတိယအကြိမ်ဆုံတဲ့နေ့ကို မှတ်မိလား
"ရုပ်ရှင်ရုံမှာ ..."

သူမက မဆိုင်းမတွပင် ဖြေလိုက်သည်။

"အင်း ... အဲ့ဒါလည်း ကိုယ်တမင်လုပ်ယူရတဲ့
ဆိုင်မှုပဲ၊ အဲ့ဒီနေ့က မင်းအိမ်ကို ကိုယ်ဖုန်းဆက်လို
တာ ... ကောင်မလေးနဲ့တွေ့တော့ သူက ကို
မင်းရည်းစားလို့ ထင်နေပြီ ... အစ်မ ရုပ်ရှင်သွား





တယ်လေတဲ့ ... သမ္မတမှာဆိုပြီး တန်းဖြေတာနဲ့
ကိုယ်လိုက်ခဲ့တာ ...

အဲ့ဒီနောက်ပိုင်း ကိစ္စတွေကတော့ ကိုယ့်ရဲ့အား
ထုတ်မှုတွေပဲ၊ မင်းကိုချစ်လို့ မင်းရဲ့ဆန္ဒလေးတွေကို
အကောင်အထည် ဖော်ခဲ့တာချည်းပဲ၊

ဒီကြားထဲမှာ ... ဟိုကောင်ရဲ့ စွပ်စွဲစော်ကားတာ
တွေကို မင်းနဲ့အတူ ရောနှောခံရင်း ... မင်း နာကျင်
ရတာတွေ၊ ခံစားရတာတွေ တွေ့တော့ မင်းနဲ့အတူ
မျှဝေခံစားချင်တယ်၊ ဒဏ်ရာတွေ၊ ရိုက်ချက်တွေ၊
ထိုးနှက်ချက်တွေ မင်းဆီကို မကျရောက်အောင် မင်း
ကိုကာကွယ်ပေးချင်လာတယ် ... ကိုယ်အမြဲ ဖြစ်ချင်
ခဲ့တာကတော့ မင်းကို အမြဲစိတ်ချမ်းသာ ပြုံးရယ်နေစေ
ချင်တာပဲ ... မင်း အလိုရှိရာမှန်သမျှ ကိုယ်ဖြည့်ဆည်း
ပေးချင်တယ် ...

ဘဝတစ်လျှောက်လုံးလည်း ... မင်းနဲ့အတူပဲ
ခရီးဖော်လုပ်ပြီး အတူသွားချင်တယ် ... ဘယ်သူဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြော၊ ဘယ်လိုပဲ စွပ်စွဲ စော်ကားပစေ ... ကိုယ်
ဂရုမစိုက်ဘူး ...”

သူ့အပြောနှင့် လေသံတို့က ညက်ညောညင်သာ
လွန်းလှသည်မို့ ... စာမရီသည် ဘာပြန်ပြောရမည် မသိအောင်
ပင် ဆွံ့အတိတ်ဆိတ်နေသည်။

“တစ်ခုခုပြောပါဦး ... ကိုယ့်ကို လက်ထပ်နိုင်မလား
စာမရီ ... ကိုယ် မင်းကို ဘယ်တော့မှ စိတ်မဆင်း
စေရဘူး ဆိုတာကို သစ္စာဆိုပါ့မယ်၊ ကိုယ့်အချစ်ကို
တော့ မငြင်းပယ်လိုက်ပါနဲ့ ...

မင်းက ကိုယ့်ရဲ့ အချစ်ဦးမို့ပါ ...”

သူက ညာလက်ဝါးကို မြှောက်ထောင်ကာ
သစ္စာဆိုဟန်ပြုသည်။ စာမရီသည် သူ့ကို မော့ကြည့်မိတော့
ညှို့ရီနေသော သူ့မျက်လုံးများသည် ... ငံ့လင့်မျှော်ကိုးလျက်
ရှိတာကို တွေ့ရလေသည်။

“ဒါ ... ဒါပေမယ့် ... ထွေးညီ စွပ်စွဲတဲ့အတိုင်း ...”

“နိုး ...”





သူက လက်ကာ,ကာ တားမြစ်လိုက်သည်။

“သူ့ကို ကိုယ်တို့နှစ်ယောက်ကြားထဲ ဆွဲမသွင်းပါနဲ့၊
မလိုအပ်ပါဘူး ... မင်းကို သူနဲ့ ... နာကြည်းစွပ်စွဲမှုတွေ
ဆိုတဲ့ကြိုးနဲ့ တုပ်နှောင်မထားပါနဲ့ ... မင်းကိုယ်မင်း
လွှတ်လိုက်ပါ၊ လွတ်လပ်စွာ ကိုယ့်ဆီလာပါ ... ကိုယ်
လိုအပ်တာ မင်းကိုပါ ... သူစွပ်စွဲစော်ကားသမျှကို
ကိုယ်လက်မခံရင် ပြီးပါတယ် ...”

“မဟုတ်သေးဘူး ကိုနေ ... သူနဲ့ ကျွန်မက ချစ်သူတွေ
ဖြစ်ခဲ့တာ လေးနှစ်ကျော်ကျော်ပဲ ... လေးနှစ်ကျော်ချစ်ခဲ့
တဲ့ သံယောဇဉ်တွေကို ဘယ်လောက် နာကြည်းတဲ့
ဓားနဲ့ဖြတ်ဖြတ် ... မပြတ်တောက်နိုင်သေးဘူး ...”

“ကောင်းပြီ၊ ကိုယ် နားလည်တယ် ... ကိုယ် မင်းရဲ့
အချစ်ဦး ဖြစ်ခွင့်မရတဲ့အတွက် ကိုယ် စိတ်မခုမိဘူး၊
ရင်မနာဘူး ...

မင်းရဲ့နှလုံးသားကို သူ လေးနှစ်ကျော် သိမ်းပိုက်
ပိုင်ဆိုင်ဖူးခဲ့တာကိုလည်း ကိုယ် အဟောင်းအမြင်းရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မခံယူဘူး ... ကိုယ့်အတွက်တော့ မင်းက အသစ်ပဲ ... ကိုယ်လိုချင်တာ မင်း ကိုယ့်ကို လက်ထပ်ခွင့်ပေးတာကိုပဲ ...”

“ဒါပေမယ့် ကိုနေ၊ ကျွန်မ မဖြစ်နိုင်ဘူး ...”

“ဟာ ... မငြင်းလိုက်ပါနဲ့ ... ချက်ချင်းကြီး မငြင်းပါနဲ့ကွယ်၊ ကိုယ် နှစ်ချက်ပြောမယ်၊ တစ် ... မင်း သူ့ကို သစ္စာဖောက်တာ မဟုတ်ဘူး၊ ဒါကို ကိုယ်နားအလည်ဆုံးပဲ၊ နှစ် ... မင်း လှေနံနှစ်ဖက် နင်းခဲ့တာ မဟုတ်ဘူးဆိုတာ ကိုယ် အသိဆုံးပဲ ...

သူနဲ့မင်း ပြတ်သွားခဲ့ပြီးသား၊ သူ့ဘေးမှာတောင် အခြားမိန်းမ အသစ်ရှိနေပြီ ... မင်းမှာလည်း အသစ်ထပ်ပြီး ရွေးချယ်ခွင့်ရှိတယ်၊ ဘာမှ လိပ်ပြာမလုံစရာမရှိဘူး ... မင်းလုပ်သမျှ ရိုးသားပြီးသားပါ ...”

ထွဋ်ရဲ့ မျက်နှာကို စာမရီ မြင်ယောင်လာသည်။ ထိမထင်၊ မခိုးမခန့် မျက်နှာထား ...။ လျှောင်ပြောင်ရိပ်ထွေသော အပြုံးများ ...။ တစ်ဘက်သားကို ဆတ်ဆတ်ခါ နာစေတတ်





သာ စကားလုံးများ စီးဆင်းလျက်ရှိသော နှုတ်ခမ်းများ ...။

သူ့ကို မပြတ်နိုင်သေးပေမယ့် သူနှင့် ပြန်ပေါင်းဖို့ ဆိုတာလည်း မဖြစ်နိုင်တော့တာကို သိနေပြီ။ သူ့ဘေး ရှိနေသော စဝ်နန္ဒီသည် သာမန်သမားရိုးကျ မိန်းမတစ်ယောက် မဟုတ်တာကိုလည်း ဒီနေ့ သိမြင်ခဲ့ပြီ။ တစ်သက် း အနိုင်ရခဲ့သော၊ လိုတာရခဲ့သော၊ အရှုံးမပေးတတ်သော က်နှာ။ ထွဋ်ကို ချစ်လို့ လက်တွဲခဲ့ပြီးမှတော့ ... တော်ရုံနှင့် လွှတ်တော့မယ် မဟုတ်တာကို သူမ မျက်လုံးများဖြင့်မင် မရီ ရိပ်မိခဲ့ပြီ။

အက်ကြောင်းခပ်ကြီးကြီးဖြင့် တစ်ခြမ်းစီ ကွဲအက်သော စာမရီနှင့် ထွဋ်ရဲ့ ကြားမှ ကွာဟသော ကွက်လပ်တွင် စ်ယောက်ယောက်က အလျှော့ပေး၍ ပြန်လည်မစေ့စပ် ရွေ့ ထိုကွက်လပ်မှာ ကြီးသထက် ကြီးမားလာဖို့သာ တော့သည်။

အက်ကြောင်းသည် အကောင်းပကတိ ပြန်တေ့ က်ဖို့တော့ လမ်းမမြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပေးပါ စာမရီ ရယ်၊ နှလုံးသားမအားသေးရင်တောင် ဦးနှောက်နဲ့ပဲ စဉ်းစားပါ ... ကိုယ် ကျေနပ်တယ် ..."

"ကောင်းပြီ ကိုနေ ... ကျွန်မ စဉ်းစားပါ့မယ် ..."

သူ့မျက်နှာ ပြုံးသွားသည်ကို သူမ ငေးကြည့်နေမိသည်။ ဘာတွေဖြစ်ကုန်တာပါလိမ့်။ မထင်မှတ်သော အကြောင်းအရာများ ... ဘယ်လိုထောင့်ချိုးတွေကနေ လှည့်ပတ်ဝင်ရောက်လာတာပါလိမ့် ...။

သူမ လိုက်မမိနိုင်တော့ချေ။





အခန်း(၇)

ထိုနေ့က မီးပွိုင့်တွင် စာမရီ့ကားဘေးသို့ ... ဆိုင်ကယ်လ် မြင့်မြင့်ကြီးကြီး လာထိုးရပ်သည်မို့ ရုတ်တရက် လှည့်ကြည့်မိတော့ ထွန်း ဖြစ်နေသည်။ မီးပွိုင့် မီးနီနေချိန်အတွင်း ... သူမနှင့်သူ တစ်ယောက်ကိုတစ်ယောက် ကြာမြင့်စွာ အကြည့်မလွှဲဖယ်နိုင်ကြအောင် ငေးမောနေမိကြသည်။

သူကစပြီး စာမရီ့ကို ခေါ်စေ့ချင်သည်။ သူ တောင်းပန်ကျေအေးခဲ့မယ်ဆိုလျှင် ... စာမရီ သူ့ကို ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပင် အဆင်သင့် ဖြစ်သွားမိတဲ့အထိ ထိုခဏတာကလေးတွင် သူ့အကြည့်များအောက်၌ စာမရီ အရည်ပျော်သွားခဲ့ခြင်း ဖြစ်သည်။

ထွန်းညီသည် ... သူမကို တစ်ယောက်တည်း ပြန်တွေ့လိုက်ရချိန်တွင် စိတ်နှလုံးများ ရုတ်တရက်ပျော့ပျောင်း သွားလျက် ... သူမကို စပြီးနှုတ်ဆက်တောင်းပန်ဖို့ မျှော်လင့် လိုက်မိသည်။

"ငါ သစ္စာဖောက်ခဲ့မိတာကို ဝန်ခံပါတယ်၊ ဒါပေမယ့် ငါ နင့်ကိုပဲ ချစ်နေဆဲပဲ ထွန်း ... နင့်ဆီကို ငါ ပြန် လာမယ်ဆိုရင် နင် ရင်ဖွင့်ကြိုနေမှာလားဟင် ..."

ဟုသော သူမနှုတ်မှ ထွက်ခဲ့လျှင် ... သူ ချက်ချင်း ပင် ခွင့်လွှတ်ကျေအေးလိုက်ဖို့ အဆင်သင့် ပြင်ထားလိုက်မိ သည်အထိ နှလုံးသားသည် နူးညံ့စွာခုန်လျက်ရှိသည်။

ထိုအချိန်တွင် ဖျတ်ခနဲ မီးစိမ်းသွား၏။ ထွန်းညီ သည် စာမရီ့ ကားနောက်မှ ပါလာခဲ့သည်။

စာမရီသည် ရင်ခုန်သံတွေပင် အသစ်ပြန်လည်





လတ်ဆတ်လာသည်။ သူ့ မျက်နှာအရိပ်ကဲကို နှစ်ပေါင်းရှည် ကြာ မငြိုးတမ်းဖတ်ခဲ့၊ အဲလွတ်ရခဲ့သူမို့ ... ထွန်း၏ စိတ်တွေ ပျောင်းနွဲ့ညင်သာလျက် ရှိတာကို သူမ ခန့်မှန်းမိသည်။

ထိုခဏတွင် တစ်ဘက်မှ ကားတစ်စီး ဖြတ်ကျော် တက်လာခဲ့ပြီး ... လုပမာထန်သော မျက်နှာတစ်ခု ထွက် လာကာ ...

"ထွန်းညီ ..."

ဟူသော ခေါ်သံက ... စာမရီ့ကိုရော သူ့ကိုပါ ရုတ်တရက် အိပ်မက်ထဲမှ ဆွဲထုတ်လိုက်သလို ပုတ်နှိုးလိုက် လေသည်။ စဝ်နန္ဒီ ...

"ရှေ့မှာရပ်လိုက် ... ပြောစရာရှိတယ် ..."

ဟု သူမက ကားပေါ်မှ အမိန့်ပေးသံစွက်သော အသံချိုကြည်ကြည်ဖြင့် လှမ်းပြောလေသည်။ ထွန်းက သူမ ဆီသို့ တစ်ချက်ပြန်၍ လှည့်ကြည့်ဆဲ ... စာမရီသည် သံတို ဝင်လာကာ လီဗာကို တအားဆောင့်နင်းလျက် သူ့ကိုကျော် ဖြတ်တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် ပြန်လည်ခက်ထန် အေးစက်သွားခဲ့ ပြန်လေပြီ ...။

ထွန်းညီသည် ကျော်တက်သွားသော စာမရီ့ ကားနောက်သို့ ဆက်လိုက်ချင်သေးသော်လည်း လမ်းဘေးတွင် ထိုးရပ်ထားသော စစ်နန္ဒီ ကားဘေးတွင် ဆိုင်ကယ်လ်ကို ထိုးရပ်လိုက်ရသည်။

"ဘာပြောမလို့လဲ မိစဝ် ..."

ဟု သူမေးလိုက်ဆဲ ... စစ်နန္ဒီသည် ပခုံးကလေး တွန့်၍ မချိုမချဉ်ပြုံးကာ ...

"ခုနတုန်းကတော့ ပြောစရာရှိတယ်၊ ဒါပေမယ့် ခုမရှိ တော့ဘူး"

ဟု ဖြေလေသည်။

"ဟို့ အခု ... ကော်ဖီဆိုင်သွားမလို့ ... ထွန်းညီ လိုက်ခဲ့ပါလား ... အေးအေးဆေးဆေး စကားပြောကြတာ ပေါ့ ..."

"ဟာ ... ကိုယ် အခု မအားသေးဘူး ... ကိစ္စလေးတစ်ခု





ရှိလို့ ... ပြီးရင် မင်းဆိုင်ကို ကိုယ်လာခဲ့မယ်လေ၊ မိစဝ် သွားနှင့်လိုက် ..."

"မင်းကိစ္စက ဘာလဲ၊ စာမရီ့နောက် လိုက်မလို့မှုလား၊ ခုနက မင်း သူ့ကားနောက် လိုက်နေတာ တို့မသိဘူး မထင်နဲ့ ထွန်းညီ၊ တို့ ကြိုပြောထားတယ်နော်၊ တို့က အရှုံးဆိုတာကို နားကိုမလည်ဘူး

မင်းရဲ့ အချစ်ဦး မဖြစ်ခဲ့ရတာကို အရှုံးလို့ မသတ်မှတ်ဘူး၊ ကံကြမ္မာရဲ့ တော့လှဲ့ကလေးပဲလို့ ခံယူတယ်၊ အိုကေ ...

အေး ... ဒါပေမယ့် မင်းကို လက်ထပ်ခွင့်တော့ တို့ ရမှဖြစ်မယ်၊ နေစမ်းပါဦး ထွန်းညီ ... မင်း တို့ကို ဘာဖြစ်လို့ ခုထက်ထိ လက်ထပ်ဖို့ ခွင့်မတောင်းသေးတာလဲ၊ ဒါမျိုးက မေ့စရာတော့ မဟုတ်ဘူးနော်၊ ပြီးတော့ မိန်းကလေးက စပြောရမယ့်ကိစ္စလည်း မဟုတ်ဘူး ... မဟုတ်ဆုံးကတော့ ခုလို လမ်းမပေါ်မှာ ပြောဖို့မဟုတ်တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး ... မင်းကို သစ္စာဖောက်သွားပြီးဖြစ်
မိန်းမတစ်ယောက်နောက်ကို မင်း ဘာဖြစ်လို့ တကော
ကောက် လိုက်ချင်နေရတာလဲ ထွန်းညီ ... အဲ့ဒါ
အဓိပ္ပာယ်မရှိဘူးလို့ ထင်တာပဲ ... သူ့မှာလည်း
လူနဲ့သူ ဖြစ်နေပြီမှလား ..."

စဝ်နန္ဒီ၏ စကားလုံးများက ပျော့ပျောင်း
နေသော သူ့နှလုံးသားကို ရုတ်တရက် ဆုပ်ညှစ်ပစ်
လိုက်သလို ပြင်းပြစွာ နာကျင်သွားသည်။

"ကိုယ် ပြောပြီးပြီလေ၊ သူ့ကို ဘယ်တော့မှ အလွ
မပေးဘူးလို့၊ တရိရိနဲ့ စိတ်ဆင်းရဲ နာကျင်နေရအော
ကိုယ်လိုက်လုပ်နေမှာပဲလို့ ..."

"အဲ့ဒီလို လုပ်တော့ မင်းမှာ ဘာအကျိုးရှိမှာလဲ ..."

"မိစဝ် ... ကိုယ် အကျိုးရှိဖို့ လုပ်နေတာ မဟုတ်ဘူ
ကိုယ့်ကို သစ္စာဖောက်သွားတဲ့ မိန်းမကို ပညာပေး
တာ၊ လက်စားချေနေတာကွ ..."

သူ ဒေါသဖြင့် ပူလောင်စပ်ခါးလာသည်။ အ





ဟောင်းကို အဆွခံနေရသဖြင့် ကြွလာသလို ခံစားရကာ
နာကျင်လာသည်။

"ဒါဆို မင်းကရော သူ့ကို သစ္စာပြန်မဖောက်ဘူးလား
ကဲ ..."

စဝ်နန္ဒီက ခပ်ထေ့ထေ့မေးလျှင် ... သူ အဖြေရ
ကျပ်သွားကာ ... မချင့်မရဲကြီး ခံစားလိုက်ရသည်။ သူ
တိတ်သွားသည်ကို အနိုင်ယူဟန် မျက်နှာပေးဖြင့် စဝ်နန္ဒီက ...

"ဖြေလေ ..."

ဟု ဆိုလျှင် သူ ခပ်ဆတ်ဆတ်ဖြင့် ...

"မဖြေဘူးကွာ၊ မဖြေတော့ မင်း ဘာဖြစ်ချင်သလဲ ..."

ဟု အရွဲ့တိုက်ပစ်လိုက်သည်။

"မဖြေလဲ ဘာမှ မဖြစ်ပါဘူး ... ဒါပေမယ့် လောက
မှာ တန်ရာတန်ကြေးဆိုတာ နေရာတိုင်းမှာရှိတယ်
ထွန်းညီ ...

မင်း မိန်းမတစ်ယောက်ကို သစ္စာဖောက်ကြေး
အဖြစ် ... ကိုယ့်ကို လက်ထပ်ရလိမ့်မယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ဘူး ... ဟု သူ စိတ်ထဲကသာ အော်ပစ်လိုက်မိသည်။ မထင်မှတ်ဘဲ ခလုတ်တိုက်လဲခဲ့ပြီးမှ လဲမိသောနေရာသည် နွံတစ်ခု ဖြစ်နေမှန်း ရှုန်းလေ၊ နစ်လေ ဖြစ်မှန်းမသိ ဖြစ်လာမှပင် သိတော့သည်။ သူ ခုထက်ထိ ဘယ်လိုရုန်းထွက်ရမည် မသိသေးပေ။

စဝ်နန္ဒီသည် ကားပေါ်သို့ ပြန်တက်သွားပြီး ... သူ့ကို ရှုံ့ရှည့်ငင်စွာ စိုက်ကြည့်၍ ...

"စဝ်နန္ဒီတော့ မင်းနဲ့ကျမှပဲ ရာဇဝင်ရိုင်းရတော့မယ် ထင်ပါရဲ့ ထွန်းညီ ...

ယောကျ်ားတကာက လက်ထပ်ခွင့်တောင်းသမျှကို ရက်ရက်စက်စက် ငြင်းပယ်ခဲ့သမျှ ... မင်းနဲ့ကျမှပဲ တို့ ခံလိုက်ရတယ် ... မင်း ဘယ်လောက်ဆိုးတဲ့လူဆိုးလဲ ... ကြည့်စမ်း ... တို့တော့ ဝဋ်လည်တာဖြစ်မယ် ..."

ဟု အပြုံးထဲမှာ နာကြည်းရိပ် ရောနှောလျက် သူမကပြောကာ ကားကို တရကြမ်း မောင်းထွက်သွားခဲ့သည်။





တကယ်တော့ ဒီဇာတ်လမ်းတွင် စဝ်နန္ဒီသည် ပြစ်ကင်းသူ သက်သက်ဖြစ်သည်။ ပထမတရားခံက သူယ်တိုင်ဖြစ်ပြီး ... ဒုတိယတရားခံကတော့ စာမရီ ဖြစ်သည်။

သူ မျှော်လင့်ထားသလို မိစဝ်သည် သူ့ကိုာင်ပြီး လမ်းခွဲပြတ်စဲဖို့ဝေးစွ၊ လက်ထပ်ဖို့အထိပင် ရည်ယ်တောင်းဆိုလာသောအခါ ... သူ ချောင်ပိတ်မိတော့မည်ကို ိမိနားလည်လာသည်။

အပျက်ပျက်နှင့်တော့ သူ နာခေါင်းသွေး မထွက်င်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးထဲသို့ သူမ ဝင်လာကတည်း

စာမရိက ကောင်းစွာမှတ်မိလေသည်။ ပို၍မှတ်မိသည်

သူမ၏မျက်လုံးများထဲမှ အနိုင်ယူလိုဓာနှင့် အထက်စီး

ရိပ်၊ ဘာကိုမှ ဂရုမစိုက်သော အရိပ်တို့ကို စာမရိ မမေ့မ

မှတ်မိခြင်း ဖြစ်လေသည်။

ဆိုင်ထဲသို့ သူမ တစ်ယောက်တည်း ဝင်လာသ

ဟန်မှာ ... ပစ္စည်းဝယ်ဖို့ ရည်ရွယ်ချက်မျိုးနှင့် မဟုတ်ဘဲ

စာမရိ ဆီမှ တစ်ခုခုလိုချင်သော ရည်ရွယ်ချက်မျိုး အပြ

ရှိဟန်ပေါ်လေသည်။

စာမရိ ထိုင်နေခဲ့သော ဆိုင်နောက်ဘက် အခ

ထောင့်ကလေးဆီသို့ သူမက တန်းတန်းမတ်မတ် လျှော

လာပုံမှာ စစ်ချီလာပုံမျိုးနှင့် တူသည်။ ရင်ကို မတ်ထားလျ





ပသော မျက်နှာထက်တွင် ယုံကြည်စိတ်ချမှုအပြည့်ဖြင့်

ာထားသည်။

"တို့ကို မှတ်မိမယ် ထင်ပါရဲ့ ... စဝ်နန္ဒီပါ ..."

သူမက စတင်၍ နှုတ်ဆက်လျှင် ... စာမရိသည်

တ်ထဲက လှုပ်ရှားနေသော်လည်း ထိုလှုပ်ရှားမှုကို မျက်နှာ

သို့ မရောက်စေဘဲ ...

"အင်း၊ မှတ်မိပါတယ်၊ ဘာကိစ္စများရှိလဲ မသိဘူး ..."

"ဩော် ... ပစ္စည်းလုလုကလေးတွေ အခု ရှစ်ရာလောက်

လိုချင်လို့ပါ ... သူ့ဆိုင်မှာများ ရနိုင်မလားလို့ ..."

"အခု ရှစ်ရာတောင်၊ ဘယ်လိုပစ္စည်းမျိုးလဲ ..."

စာမရိ စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားမိသည်။

သွားရိုးသားရိုး မဟုတ်တော့ဘူး ... ဟု ချက်ချင်းရိပ်မိလိုက်

သည်။

သူမက ခက်မာသောအပြုံးကို ပြုံးလျက် ...

"မင်္ဂလာဆောင်မှာ ပြန်ကမ်းဖို့ လက်ဆောင်ပစ္စည်း

ကလေးတွေပါ ... ဥပမာ ကြွေနဲ့လုပ်ထားတဲ့ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကောင်မလေး စုံတွဲရုပ်ကလေးတွေတို့၊ ပန်းခြံ
ကလေးတွေတို့၊ အစုံပေါ့ ...”

ဟု ပြောလိုက်သည်။ ဒီတော့မှ ... ပြော
သူမ မဏ္ဍပ်တိုင် လာတက်ပြနေတာကို: ... ဟု သေချာ
သည်။ အမိပ္ပာယ်က သူမနှင့်ထွန်းတို့ လက်ထပ်တော့
ဆိုတဲ့ အမိပ္ပာယ်ပေါ့လေ။

စာမရီသည် ရုတ်တရက် မခံချိ၊ မခံသာ ဖြစ်
သည်။ သူတို့ တကယ်ပဲ လက်ထပ်တော့မှလား ... ဆိုတာ
သိချင်စိတ်က ရင်ထဲမှာ အုံကြွပြင်းပြလာသည်။

“ရနိုင်မလား စာမရီ ... တကယ်က ဒီပစ္စည်းမျိုး
ပိုင်တဲ့ Super Market မှာလည်း ရနိုင်ပါတယ်၊
မဟုတ် စင်ကာပူကို လှမ်းမှာရင်လည်း ရပါ
ဒါပေမယ့် သူ့ဆိုင်ကို အားပေးချင်ရဲ့ သက်သက်

မဖြစ်နိုင်ပါ။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်
အကြောင်းပြချက် ဖြစ်သည်။ စာမရီသည် စိတ်ထဲ
တဆတ်ဆတ်ဖြင့် မခံချင်စိတ်တွေ နိုးကြားလာသည်။





“ရပါတယ်၊ တို့ မှာပေးမယ်လေ၊ အခု ရှစ်ရာပေါ့ ...
ဘယ်တော့လောက် လိုချင်တာလဲ ...”

တကယ်တော့ သူတို့နှစ်ယောက် ဘယ်တော့
လောက် မင်္ဂလာဆောင်ဖြစ်မလဲ ... ဆိုတာကို စာမရီ သိချင်
ခြင်းဖြစ်သည်။

“မြန်နိုင်လေ ကောင်းလေပဲ၊ ထွန်းညီ ကတော့ စာမရီ
သိတဲ့အတိုင်း စိတ်မြန်တယ်လေ ... သူက လိုချင်ရင်
ချက်ချင်း ... သိတယ်မဟုတ်လား ... ထွန်းညီက ပွင့်လဲ
ပွင့်လင်းတယ်၊ သူနဲ့ ထွန်းညီရဲ့ ဇာတ်လမ်းကို တို့ကို
အကုန်ဖွင့်ပြောပြထားတာပဲ ... တို့ကလဲ နားလည်မှု
ရှိပါတယ် ...

အချစ်ဦးဖြစ်ဖို့ မလိုဘူး ... လက်ထပ်ဖြစ်တဲ့
မိန်းကလေးပဲ ဖြစ်ချင်တယ်လို့ ... အဲ့ဒါ အရေးကြီးတာ
နော် ...”

စာမရီ ထင်သည့်အတိုင်း ... စဝ်နန္ဒီ လာရိုင်း
ပြီဆိုတာကို ခံစားသိမြင်လိုက်သည်။ ရုတ်တရက် ဘာဆိုလို



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ရမည်မသိ။ ကိုယ့်ဘက်တွင် ထွင့်က ရှိသည်မဟုတ်တော့ ဘာကို အနိုင်အထက် ရင့်ကျော့ပြီး ပြောရပါမည်နည်း။

တစ်ခါတစ်ခါတော့ လောကကြီးက အတော်အံ့ဩဖို့ ကောင်းလှသည်။ ကိုယ်က သူ့အပေါ် ငဲ့ညှာထောက်ထားခဲ့ဖူးပေမယ့် သူ့ဘက်က တုံ့ပြန်ပုံမှာ ကိုယ့်အပေါ် မငဲ့ညှာတဲ့အပြင် ... ဖိနှိပ်နှိမ်ချပြီး အနိုင်ပိုင်းပုံမျိုး ဖြစ်နေသည်။ သူမက အင်မတန် အနိုင်ရလိုဇော ပြင်းထန်နေပုံပေါ်သည်။ စာမရီ့ကိုလည်း တစ်နည်းတစ်ဖုံ စိတ်မချနိုင် ဖြစ်နေပုံပေါ်သည်။ စာမရီနှင့် ထွင့် တစ်နည်းနည်းနှင့် ပြန်ပြီးပြေလည်စေ့စပ်သွားမိမှာကို သူမ စိုးရိမ်နေပုံရသည်။

စာမရီသည် တစ်ခါတစ်ရံတွင် ထွင့်ကို တိတ်တဆိတ် ပြန်လည်မျှော်လင့် တမ်းတမိတာကို ဝန်ခံပါသည်။ သူ့ကို တစ်နေ့မှ မမေ့ခဲ့။ ဥပေက္ခာမပြုခဲ့။ လျစ်လျူမရှုခဲ့။ သူ့ကို နားကြည်း၍ ဆတ်ဆတ်ခါ နာရသော အချိန်များကို ဖယ်နုတ်လျှင် ... ကျန်အချိန်တိုင်း သူ့ကို နာကျင်စွာ လွမ်းဆွတ်စုံမက်မိမြဲ ဖြစ်သည်။ အဆုံးအရှုံးကို ကြေကွဲနှမြောရမြဲ





ဖြစ်သည်။ သူ ရက်စက်ရိုင်းပျသမျှ ... ခွင့်မလွှတ် မကျေအေးရခြင်းသည် တဒင်္ဂသာခံပြီး ... သူ့ကွယ်ရာတွင် ဝမ်းနည်းအားငယ်ရမြဲ ဖြစ်ရသည်။

စဝ်နန္ဒီသည် စင်တန်းကလေးတွေပေါ်မှ လက်ဆောင်ပစ္စည်း အလှအဆန်းကလေးတွေကို ကိုင်တွယ်ကြည့်နေရင်း ...

"ယောကျ်ားတွေက တကယ် အံ့ဩဖို့ ကောင်းတယ်နော်၊ သူတို့ဘဝမှာ မိန်းမတစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲ ချစ်ခဲ့တယ်ဆိုတာ ခပ်ရှားရှားရယ် ... သူတို့ချစ်တာကတစ်ယောက်၊ လက်ထပ်တာကတစ်ယောက်နော် ..."

ဟု ပြောသေးသည်။

"ဟုတ်မှာပေါ့ ... ကျွန်မတော့ သိပ်စိတ်မဝင်စားလှပါဘူး ... ဒါဆို ကျွန်မ စာရင်းဖွင့်ထားလိုက်မယ်နော်၊ ကြွေထည်အရုပ်ကလေးတွေ ရှစ်ရာပေါ့ ... စရံငွေတော့ ထားခဲ့ပေးပါ ... တော်ကြာ မသေချာရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... သိပ်သေချာတာပေါ့ ..."

သူမ မျက်လုံးများ စူးခနဲ လက်ကာ ချက်ချင်းပင် ခပ်ဆတ်ဆတ် တုံ့ပြန်လေသည်။ ထို့နောက် ထောင်တန်တစ်အုပ်ကို စားပွဲပေါ်သို့ ပစ်ချကာ ...

"အကျေပေးခဲ့မယ် ..."

ဟု ဆိုလေသည်။ ဘယ်မိန်းမကမှတော့ ... အလကားသက်သက် ငွေဖြုန်းလိမ့်မည် မဟုတ်ပါ။ သူတို့ လက်ထပ်ဖို့ ညှိနှိုင်းတဲ့အဆင့်တောင် ရောက်နေပြီ ထင်ပါရဲ့။ ထွင့်ဟာ စဝ်နန္ဒီလို အဘက်ဘက်က ပြည့်စုံပြီး ချောမောသို့ပင် စွမ်း ပြည့်စုံလွန်းလှသော မိန်းကလေးကို လက်ထပ်ဖို့အထိ စိတ်ကူးပြောင်းလဲသွားခဲ့ပြီ ...။

ထိုအတွေးနှင့်ပင် စာမရိ ... မျှော်လင့်ချက်များ ပျက်ပြားဆိတ်သုဉ်းကာ ကစဉ့်ကလျား ဖြစ်ကုန်သည်။ သူ့ကို တကယ် ဆုံးရှုံးရတော့မည်။ တစ်သက်လုံး သူစိမ်းတွေ ဖြစ်ကြရတော့မည်။ ထိုအတွေးဖြင့်ပင် နှလုံးသားသည် တစ်စစီ ပြန့်ကျဲသွားလေသည်။





စဝ်နန္ဒီ ပြန်သွားသောအခါ သူမသည် ဆောက်တည်ရာမဲ့ အရုပ်ကြိုးပြတ်သလို စိတ်လေလွင့်ကာ ကျန်ခဲ့ရသည်။ ဘာလုပ်ရမယ်မသိ။ ရင်ထဲမှာ ဆူပွက်နေသည်။

သူတို့ လက်ထပ်ဖြစ်ကြတော့မယ် ... ဟူသော စကားများ ရင်ထဲတွင် ဗလောင်ဆူကာ ပွဲတင်ထပ်နေသည်။

ထွင့် ... နင် တကယ် ရက်စက်တယ်။

နင် တကယ် လုပ်ရက်တယ်။

သူမ စိတ်ရှိလက်ရှိ အော်ဟစ်ငိုယို ပေါက်ကွဲချင်လာသည်။ ဆိုင်မှာ ဆက်နေချင်စိတ် မရှိတော့ဘဲ ... အိမ်ပြန်မယ်ပြင်ဆဲ ... လင်းနေ ရောက်လာလေသည်။

"ပြန်တော့မလို့လား စာမရိ ..."

ဟု သူက မေးသည်။ အခုမှ ကူကယ်ရာရသွားဟန်ဖြင့် ... သူမက သူ့ကို အားကိုးတကြီး မော့ကြည့်ကာ...

"အတော်ပဲ ... တစ်နေရာရာ သွားရအောင် ကိုနေ၊ ကျွန်မ ကိုနေ့ဆီမှာ ရင်ဖွင့်ချင်လို့"

ဟု ပြောလိုက်သည်။ သူက လိုလိုလားလားပင် ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... သွားစို့"

ဟု ဖေးဖေးမမ ခေါ်ယူသည်။ ဘုတ်ကလပ်ထဲသို့ သူက ခေါ်လာလေသည်။ လေ့လျော့နေသူမှတစ်ပါး ... လူရှင်းတိတ်ဆိတ်သော ရေစပ်ပတ်ဝန်းကျင်တွင် သူမ ပို၍ အထီးကျန် ကြေကွဲလာသည်။

"ကဲ ... ဘာတွေ ခံစားနေရသလဲ၊ စာမရီ ... ကိုယ့်ကို ကြိုက်သလောက် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်နိုင်တယ်၊ ကိုယ် ကူညီဖြေရှင်းပေးမယ် ... စာမရီနဲ့အတူ မျှဝေ ခံစားပေးမယ်"

"သူ ... သူ ... လက်ထပ်တော့မယ်တဲ့ ကိုနေ ... တကယ်သစ္စာဖောက်ခဲ့တဲ့သူက ဘယ်သူလဲ၊ အပြစ်မှန် သမျှ ကျွန်မပေါ် ပုံချစွပ်စွဲပြီး ... နောက်ဆုံးကျတော့ ကျွန်မကို စွန့်ပစ်သွားတာ ဘယ်သူလဲ ...

လေးနှစ်ကျော် နှောင်ဖွဲ့ခဲ့တဲ့ သံယောဇဉ်ကြိုးတွေကို တစ်ချက်တည်း ဖြတ်တောက်သွားခဲ့တာ ဘယ်သူလဲ ...





ကျွန်မ သူ့ကို သိပ်နာကြည်းတာပဲ၊ ခွင့်မလွှတ်ချင် လောက်အောင်ပဲ၊ ကျွန်မကိုတော့ အမျိုးမျိုး အရှက်ခွဲ စော်ကားလိုက်ရတာ၊ ဘယ်လောက်တရားမျှတမှု မရှိတဲ့ ယောကျ်ားလဲ ..."

စာမရီသည် ပြောလည်းပြော ... မျက်ရည်လည်း ကျလာကာ ... ရှိုက်ကြီးတငင် ငိုယိုပေါက်ကွဲလေတော့သည်။ သူက သူမကို အလိုက်သင့် ထွေးပွေ့လာသည်ကို မရုန်းဆန်မိ။ ညင်သာယုယသော အထိအတွေ့၊ အချော့အမြူနှင့် နွေးထွေး လုံခြုံသော အကြင်နာတာရားသည် ရုတ်တရက် အကာအကွယ် မဲ့နေသော သူမ၏ နှလုံးသား ဟာလာဟင်းလင်းအပေါ် လွှမ်းခြုံလိုက်သလို ရှိလေသည်။

"နားလည်တယ်၊ စာမရီ သူ့အပေါ် သံယောဇဉ်မကုန် သေးတာကို ကိုယ် ခံစားပေးလို့ရတယ် ... ဒါ မိန်းက လေးတိုင်းရဲ့ အရှုံးပဲ စာမရီ၊ ယောကျ်ားတွေက ပြတ် သားတယ်၊ ရွေးချယ်ခွင့်၊ ပြောင်းလဲခွင့် ရှိတယ်၊ မဲ့ မညှာ ရက်စက်နိုင်တဲ့ နှလုံးသားရှိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေက သနားဖို့ ကောင်းတယ်၊ အပြောင်းအလဲ ဆိုတာကို သိပ်ကြောက်ကြတယ်၊ ရွေးချယ်ပြီးရင် ဒါကို အသေပဲ ဆုပ်တွယ်ဖက်ထားချင်တော့တာ ... အဲဒါ အရှုံးပဲ စာမရီ ...

မိန်းကလေးတစ်ယောက် ယောကျ်ားတစ်ယောက်ကို ဘဝအတွက် ရွေးချယ်ရတယ်ဆိုတာ မှောက်ထားတဲ့ ဖဲချပ်တစ်ခုကို လှန်ရသလိုပဲ ... သိပ်ကြောက်စရာကောင်းတယ် ... ဒီဖဲချပ်ကို ကိုယ်ရွေးချယ်လိုက်မိပြီ ... ကိုယ့်ကို ဒုက္ခပေးမယ့်၊ ဘဝပျက်စေမယ့် ဖဲချပ်တစ်ချပ်ဆိုရင် သူ ဘာဆက်လုပ်မလဲ၊ ဒီဖဲချပ်ကိုပဲ မြဲမြဲဆုပ်ကိုင်ပြီး အရှုံးခံမလား ... မလိုချင်တဲ့ ဖဲချပ်ကို လွှင့်ပစ်ပြီး နောက်ထပ် ဖဲချပ်ဆွဲရွေးခွင့် မရှိတော့ဘူးလား... မရှိဘူးဆိုရင် လုံးဝ အဓိပ္ပာယ်မရှိဘူး စာမရီ ...

ယောကျ်ားတွေကျတော့ အဲဒီလို အခွင့်အရေး လုံးဝ အပြည့်ရှိတယ် ... ဒါ မတရားဘူး ... မိန်းမတွေမှာလဲ ရှိရမယ် ... ရှိကိုရှိသင့်တယ်။ ကိုယ်ပြောတာ





နားလည်ရဲ့လား စာမရီ ... ကိုယ် မြူဆွယ်ဖြားယောင်းနေတယ်လို့ စာမရီ ထင်ချင်ထင်လိုက်ပါ ...

စာမရီ့ လက်ထဲက အသုံးမကျတဲ့ ဖဲချပ်ကို လွှင့်ပစ်ပြီး ... နောက်ထပ် ဖဲချပ်အသစ်တစ်ချပ် ရွေးချယ်ဖို့ ဒီမှာ စာမရီ့ရှေ့မှာ အဆင်သင့်ပဲ ...

ဦးနှောက်သုံးစမ်းပါကွာ ... ဘာဖြစ်လို့ ယောကျ်ားတစ်ယောက်ကို အရှုံးပေးချင်ရတာလဲ၊ သူ့ အလဲထိုးတာကို မရှုမလှ ခွေကျပြီး ပြန်မထူရပ်နိုင်တော့တာလဲ ... လဲကျသွားပြီးသူတိုင်း ပြန်ထူမတ်ဖို့ အခွင့်အရေးရှိပါတယ် ... ကိုယ်ကဆို မင်းကို လက်တောင်ကမ်းပေးနေတာကွာ ..."

လင်းနေ၏ အသံမှာ ... သူမရဲ့ နှလုံးသားကို ...ို့မြူသိမ်းသွင်းနေသလို ရှိသည်။

ထွန်းရဲ့ ရက်စက်လှစွာသော အစွန့်ပစ်ကို ခံရ...န်တွင် ... အားငယ်ညှိုးချုံးလျက်ရှိသော သူမ နှလုံးသား...ာ ဒဏ်ရာအနာတရများဖြင့် ကျိုးပဲ့သွေးယိုစီးလျက်ရှိဆဲ



www.burmeseclassic.com

www.burmeseclassic.com



လင်းနေ၏ အယုအယ၊ အချော့အမြှူ၊ အကြင်နာတို့မှာ ဒဏ်ရာကို ကုသပေးသော ကုထုံးတစ်ရပ် ဖြစ်လာသေ သည်။

ငါ ဒီလောက် အထီးမကျန်သေးပါလား။ ရှုံး ပစ်ခံရပေမယ့် ... အမြတ်တနိုး ကယ်ဆယ်တန်ဖိုးထားမည့်သူ ရှိနေတာပဲ ... ဟု သူမ တွေးစပြုလာသည်။

လင်းနေ၏ မျက်နှာကို မော့ကြည့်မိစဉ် တိမ်းညွတ်ယိမ်းမူးဖွယ် ကောင်းလောက်အောင်ပင် ရှင်းကြည် လင်းစိုလျက် ... ညှို့ယူချော့မြှူလျက်ရှိသည်။ နီထွေးသေ နှုတ်ခမ်းများက ပြုံးညှို့ရီလျက်။

စာမရီသည် သူ့လက်များကို ဖြန့်းခနဲ ပေါ်ပေါ် လာသော အားကိုးနိုးကြွသည့်စိတ်ဖြင့် ဆုပ်တွဲလိုက်မိရာ သူက ယုယုယယ၊ တင်းတင်းမြဲမြဲစွာ ပြန်လည်ဆုပ်ကိုင်သ ယူထားလိုက်သည်။

"မင်း ဘယ်တော့မှ နောင်တ မရစေရပါဘူးလို့ ကို ကတိပေးတယ် စာမရီ ...





ကိုယ်ဟာ မင်းကို ဘယ်တော့မှ သစ္စာမဖောက် ဘူး ... ဘယ်တော့မှ မစွန့်ပစ်ဘူး ..."

ဟု သူက လေးလေးနက်နက် ပြောသည်ကို တိမ်းမူးယိမ်းနွဲ့သောစိတ်ဖြင့် ယုံကြည့်လိုက်သည်။

သူက စွန့်ပစ်လိုက်မှတော့ ဘာကို မျှော်ကိုးငံ့လင့် နေစရာ ရှိပါတော့သလဲ။ ဦးနှောက်က ညွှန်ပြနေသည့် ဘဝ အတွက် အကောင်းဆုံး အဖော်ကိုပဲ ရွေးချယ်လိုက်တော့မည်။

"ကျွန်မ မမှားဘူး ထင်ပါတယ်နော် ... သူ စွန့်ပစ် လိုက်တဲ့ မိနပ်အစုပ်ကို ကိုနေက ကောက်ယူတန်ဖိုး ထားတာပါနော် ..."

ဟု ပြောမိရင်း စိတ်မလုံခြုံ လာမိသည်နှင့် လင်းနေ၏ ပခုံးစွန်းမှာ ခေါင်းကို မှေးမှီခိုတွယ်လိုက်မိလေ သည်။ လင်းနေက သူမ၏ နဖူးကလေးကို သူ့ လက်ချောင်း ထိပ်ကလေးများဖြင့် ညင်ညင်သာသာ ပုတ်ပေးလျက်ရှိကာ...

"ကိုယ်တို့ လက်ထပ်ကြစို့နော် ... အချိန် သိပ်မဆွဲချင် ဘူး ... မင်းကို ပိုင်ဆိုင်ရဖို့က ကိုယ့်အတွက် ဒီပေ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလို့ပါ ...”

ဟု တောင်းဆိုသည်။

သူမက ပြုံးလိုက်မိသေးသည်။ ချစ်သူတစ်ယောက်ကို လေးနှစ်ကျော် ချစ်ခင်နှောင်ဖွဲ့ပြီးတာတောင် ... စွန့်လွှတ်ဆုံးရှုံးခံရလျှင် ... ဘာမှ မခိုင်တည် မမြဲမြံသော လောကတွင် ... လက်ထပ်သင့်သူ တစ်ယောက်ကို တိုတောင်းလှသော ကာလကလေးအတွင်းမှာ လက်ထပ်ဖြစ်ဖို့ ရွေးချယ်မိတာ မဆန်းတော့ပါ။

သူမသည် လေလွင့်အားငယ်နေမည့် အသည်းကွဲ မိန်းမတစ်ယောက်ရဲ့ ဘဝထက် ... ရွေးချယ်သင့်တာကို ရွေးချယ်လိုက်နိုင်သော လောက၏ ပရိယာယ် မာယာများ အကြားတွင် နေထိုင်တတ်ပြီဖြစ်သော မိန်းမတစ်ယောက်ရဲ့ ဘဝကိုသာ ရွေးချယ်တော့မည်။

တာမရီသည် ဘဝအသစ်ကို ရွေးချယ်လိုက်မိသည့် အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှပါသည်။

သူမက ငိုယိုပေါက်ကွဲမိခဲ့စဉ်က ... ပါးပြင်ပေါ်





တွင် စွန်းကျံလျက်ရှိသော မျက်ရည်တို့ကို အပြီးသတ်သုတ်သင်ကာ ... လင်းနေကို ခေါင်းညိတ်ပြလိုက်သည်။

“အမယ်လေး၊ ကိုယ် ပျော်လိုက်တာကွာ ...”

လင်းနေသည် ပျော်ရွှင်စွာ ပြုံးရယ်လျက် ... သူမကို နွေးထွေးမြဲမြံသော လက်များဖြင့် ပွေ့ဖက်ထားလိုက်သည်။

သူမ ရင်ထဲတွင် လုံခြုံနွေးထွေးသွားသည် ...။

ထွန်း ...

ငါတို့နှစ်ယောက်ဟာ ချစ်သူနှစ်ယောက် ဘဝကနေ စိမ်းခေါ်သူနှစ်ယောက်အဖြစ် ပြောင်းလဲကြစို့ ...။

နင့်ရဲ့အရင် ငါ လက်ထပ်ပြမယ် ...


ဒါမှ ... နင့်ကို ငါ တစ်သက်လုံး အနိုင်ရမယ်။ နင်စွန့်ပစ်လိုက်တဲ့သူအဖြစ် ငါ မကျန်ရစ်ဘူးဆိုတာကို သက်သေပြမယ် ...။ ငါ နင့်ကို အနိုင်ရချင်တယ် ...။



www.burmeseclassic.com

www.burmeseclassic.com










# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com









အခန်း(၈)

လင်းနေသည် လောကတွင် သူ ဘာလိုချင်သည်ကို တိကျစွာသိ၍ ... ရအောင်လည်း သေသပ်ပါးနပ်စွာ ယူတတ်သူဖြစ်ကြောင်း သူမ သိခွင့်ရလိုက်ချိန်တွင် ... သူမတို့ ညှော်ခန်းတွင် ဖေဖေ၊ မေမေတို့နှင့်တကွ လင်းနေ၏ မိဘနှစ်ပါးအပြင် ဂုဏ်သရေရှိ လူကြီးနှစ်ယောက် စုံညီနေပြီ ...။

လူကြီးစုံရာဖြင့် လာရောက်ကြောင်းလမ်းမည်ဟု လင်းနေပြောခဲ့စဉ်က သူမသည် ဒီလောက်အမြန်ကြီး ရောက်လာလိမ့်မယ်လို့ မထင်မိ။ လင်းနေသည် အရာရာကို သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာ စံနစ်တကျ စီစဥ်ခဲ့ပြီး ...ဒီမနက်ကျမှ ဒီညနေ သူတို့လာခဲ့မည်ဟု အသိပေးပြောခဲ့တာဖြစ်သည်။ သူမအဖို့ ရှောင်ငြင်းဖို့ အချိန်မရသလို၊ ပြင်ဆင်ရန်ပင် အချိန်မရလိုက်။

"ဘာဖြစ်လို့များ ဒီလောက်အလောတကြီး စီစဥ်ရတာလဲဟယ် ..."

ဟုသာ အံ့သြတကြီး ပြောနိုင်သည်။

"ကိုယ် လက်ဦးထားချင်တာလည်းပါတယ်။ စာမရီ့ကို စိတ်မချတာလည်းပါတယ်။ ပြီးတော့ ကိုယ် လိုချင်တဲ့အရာကို ကိုယ်သိပြီးမှတော့ ... ဘာကို အချိန်ဆွဲစရာလိုသလဲကွာ ... စာမရီ ကိုယ့်လက်ထဲ ပိုင်ပိုင်နိုင်နိုင်ရောက်မှပဲ ကိုယ် စိတ်ချနိုင်တော့မှာ ..."

ဟု သူကဆိုလျှင် အကဲပိုလှချည့်ဟု သူမ မဆိုချင်တော့။ သူမ ကိုယ်တိုင်ပင် လောကရဲ့ မသေချာသောလှည့်ကွက်ကို စံနစ်တကျ၊ လှလှပပလှည့်စားခံခဲ့ရပြီးပြီ။ လေးနှစ်ကျော်ကာလလုံးလုံး ချစ်ခင်စုံမက်၊ မက်မောတွယ်တာခဲ့ရသော ချစ်သူကို ဘယ်လိုအကြောင်းမျိုးနှင့်မှ သူမ ဆုံးရှုံး





ရလိမ့်မည်မဟုတ် ဟု ... အသေအချာပင် ယုံကြည်ခဲ့မိသူဖြစ်သည်။

နှောင်ဖွဲ့တည်ဆောက်ခဲ့သည်မှာ ... အနှစ်နှစ်အလလ၊ အထပ်ထပ် ဖြစ်သော်လည်း ... စင်းစင်းပြေလျော့ခဲ့ရဖို့ကျတော့ ... နာရီပိုင်း၊ ရက်ပိုင်းကလေးအတွင်းဖြစ်ခဲ့တာဘယ်လောက်အံ့သြဖို့ ကောင်းပါသနည်း ...။ ခုတော့ ကြိုးများချည်နှောင်ခဲ့သမျှ ပြတ်တောက်ခဲ့ရပြီ။

နှောက်ထပ်ကြိုးသစ်တစ်ချောင်းသည် ... လျင်မြန်သော အဟုန်ဖြင့် အခိုင်အမာ ရစ်ပတ်တုပ်နှောင်ဖို့ ပြင်ဆင်လေပြီ။

"ဒီနေ့ကတော့ ... နှစ်ဖက်မိဘသားစုချင်း ကြောင်းလမ်းကြတဲ့ပွဲကလေးပါ ... လူငယ်ချင်းလည်း နှစ်လိုကြည်ဖြူကြတာမို့ လာရောက်စေ့စပ်နားဖောက်တာ ဖြစ်ပါတယ် ...

သားကတော့ တစ်ခါတည်း စေ့စပ်ချင်တယ်ဆိုပါတယ်။ စေ့စပ်လက်စွပ်ကလေးတွေပါ အရန်သင့်



www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့ပါတယ် … တကယ်လို့ အိမ်မှာ မလုပ်ချင်လို့ ဟိုတယ်တစ်ခုခုမှာ စေ့စပ်ချင်တယ်ဆိုလည်း ကျွန်တော်တို့ ရက်ညှိနှိုင်းပြီး စီစဉ်ကြတာပေါ့ ခင်ဗျာ"

"အို၊ ကျွန်မတို့ နားလည်ပါတယ်၊ ဟိုတယ်မှာမှလို့ မကောင်းဆိုပါဘူး … ခုလို မိဘချင်း စုံစုံညီညီနဲ့ လာရောက် ကြောင်းလမ်းတာကို ကျွန်မတို့ လက်ခံပါတယ် သမီးသဘောကရော ဘယ်လိုလဲ စာမရီ"

ထွဋ်နှင့် လေးနှစ်ကျော် ချစ်ခင်စုံမက်ခဲ့ပြီး … ထွဋ့် အိမ်အဝင်အထွက်ရှိခဲ့တာ၊ မကြာခင်ကမှ ပြဿနာတက်ကြတာ၊ ပြီးတော့ လင်းနေ ပေါ်ပေါက်လာတာကို မေမေက အသိဆုံး ဖြစ်လေသည်။ လူငယ်တွေရဲ့ အရှုပ်အထွေး အရေးအခင်းမှာ ဝင်ရောက်စွက်ဖက်ခြင်း မရှိသော၊ သမီးအပေါ် နားလည်စာနာပေးတတ်သော၊ တယူသန်မဆန်းဖြတ်ဘဲ မှုမှုတတတွေးခေါ်ကာ အကြံဉာဏ်သာ ပေးလေ့ရှိသော မိဘမျိုးနှင့် ပေါင်းသင်းစုံဖက်ခွင့်ရသည်မှာ … နည်းနှောလှသည် ကံတရားမဟုတ်။





"သမီး မငြင်းပါဘူး မေမေ …"

ဟု သူမ ခပ်တိုးတိုးသာဖြေလိုက်သည်။ ထိုခဏတွင် ထွဋ်ကို ပြင်းပြင်းပြပြ သတိရသွားလေသည်။ ထွဋ်သိရင် ဘယ်လိုခံစားမှာပါလိမ့်။ သူမ ထွဋ်ကို မရှုံးချင်ပါ။ ထွဋ် အနိုင်ပိုင်းသွားမှာကိုလည်း မခံစားနိုင်ပါ။

"ကောင်းတာပေါ့ကွယ် … ဒါဖြင့် ဒီနေ့ စေ့စပ်ကြောင်းလမ်းပွဲကလေး အထမြောက်သွားအောင် သားကိုလင်းနေနဲ့ သမီးစာမရီကို စေ့စပ်လက်စွပ် စွပ်ပေးဖို့ ဆရာဝန်ကြီးဦးလှနိုင်တို့ ဇနီးမောင်နှံကိုပဲ အကူအညီ တောင်းပါရစေ …"

လှပသောကတ္တီပါဘူး ပြာပြာကလေးတွေထဲတွင် တစ်ပွင့်တည်းသော စိန်ပွင့်မြှုပ်နှံထားသည့် စေ့စပ်မောင်းကွင်း လက်စွပ်ကလေးကို လူကြီးစုံတွဲက သူနှင့် စာမရီ၏ လက်သူကြွယ်အသီးသီးမှာ စွပ်ပေးလိုက်ကြလေသည်။ နှစ်ဖက်မိဘရဲ့ လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။

"စေ့စပ်ပွဲ အောင်မြင်အထမြောက်သွားပါပြီခင်ဗျာ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ညစာစားဖို့ ကြွကြပါရှင် ..."

လူကြီးတွေ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီးပင် ထမင်းစားခန်းသို့ ထ,သွားကြသည်။

စာမရီသည် လက်စွပ်ကလေးကို အသာငုံ့ကြည့်ကာ ...

"မြန်လိုက်တာနော် ..."

ဟု အိပ်မက်ထဲမှာပင် ယောင်ယမ်းသူလို ရေရွတ်လိုက်မိသည်။ သူက ချိုချိုကြည်ကြည်ကလေးပင် ပြုံးနေကာ ...

"Cupid (မြားနတ်မောင်)ကလေးက ခပ်မြန်မြန်ပဲ ကောင်းပါတယ်ဆိုပြီး မြားကိုခွင်းလိုက်တာကိုး"

ဟု ရွှင်ရွှင်ကလေး ပြောသည်။

"ကိုနေ ကိုယ်တိုင်ပစ်တဲ့မြားပါကွာ ... Cupid တောင် မျက်စိလည်နေမှာ ... ခုလောက်ဆို ဒီလူ တော်တော် လျင်တဲ့ ငနဲပဲလို့ ပြောနေမှာ"

"ပြောပစေ ... ပြောပစေ ... လက်ထပ်ဖို့ရက်ကိုလည်း





သိပ်မခြားဘဲ စီစဉ်ရအောင် မေမေတို့ကို ပြောခိုင်းလိုက်မယ် ... သိလား ... ကိုယ်တော့ ဒီမိန်းကလေးကို မြန်မြန် လိုချင်လှပြီ ... တကယ် ဣန္ဒြေမဆည်နိုင် ဖြစ်နေတာ သိလား"

"တော်ပြီ ကိုနေ၊ သိပ်ပိုတာပဲ"

"တစ်ရက်၊ နှစ်ရက်နေရင် သတင်းစာထဲ စေ့စပ်ကြောင်း လမ်းပြီးစီးကြောင်း သတင်းပါလာလိမ့်မယ် ... စောင့်ဖတ် သိလား ..."

"ဟုတ်လား ... ဘယ်ထဲမှာလဲ ... ကြေးမုံလား ... မြန်မာ့အလင်းလား ..."

"နှစ်စောင်စလုံးပဲ စာမရီ - မဖတ်မိလိုက်တဲ့သူ မရှိအောင် ကြော်ငြာလိုက်တာ ... စာမရီ့ကို ကိုယ် တံဆိပ်တပ်ထားလိုက်တာ ... ကျွန်တော့် ပစ္စည်းကလေးပါ ... မပြစ်မှားရပေ ... ဟား ဟား ..."

လင်းနေ တကယ်ပျော်နေသည်ကို လွတ်လပ်ပေါ့ပါးသော သူ့မျက်နှာ၊ သူ့အပြုံးအရယ်များဖြင့် ခံစားမိ



www.burmeseclassic.com

www.burmeseclassic.com



ကာ ... ထိုအပျော်သည် သူမထံသို့ ကူးစက်စီးဆင်းလာခဲ့ပါသည်။

ဒါကို သစ္စာဖောက်ခြင်း ခေါ်ပါသလား ...။ သူမ စေ့စပ်မိခဲ့သော ယောကျ်ားသည် သူမ တသသစွဲလမ်းမြတ်နိုးခဲ့သော သူမရဲ့ချစ်သူ မဟုတ်ခြင်းကိုလေ ...။

အဖြစ်အပျက်တွေမှာ ... လျှင်မြန်လွန်းလှသဖြင့် သူမပင် လိုက်မမီတော့သော အခြေအနေဖြစ်သည်။

ထမင်းအတူစားရင်း ... ရင်နှီးခင်မင်သွားကြသော လူကြီးတွေက စကားပင် အမျှင်မဖြတ်နိုင်တော့ပေ။

"သားကတော့ စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲကို သိပ်မခြားစေချင်ဘူးလို့ မအေကို ကြိုပြီးသင်ပေးထားတာနော် ... လက်ထပ်ဖို့ရက်ကလေးပါ တစ်ခါတည်း ညှိနှိုင်းလိုက်ရရင် မကောင်းဘူးလား ...

ရက်သတ်မှတ်လိုက်တော့ ဟိုတယ်ဒိတ်က အစ တခြား ကိုယ် စီစဉ်စရာ ရှိတာတွေပါ စီစဉ်လို့ရတာပေါ့"





လင်းနေ့၏ မေမေက ပြောလေသည်။ စာမရီ့မေမေက စာမရီ့ကို တစ်ချက်လှမ်းကြည့်ကာ ...

"ကောင်းသားပဲ၊ သမီးတို့လူငယ်တွေရဲ့ သဘောဆန္ဒတွေလည်း ပြောပြလေ၊ မေမေတို့ လူကြီးတွေက သမီးတို့ ဖြစ်ချင်တာလေးတွေကို ဖြစ်အောင် စီစဉ်ပေးဖို့ တာဝန်ရှိတာ ..."

ဟု ပြောသည်။စာမရီသည် ရုတ်တရက် ဘာပြောရမည်မသိ၊ အချိန်ကိုလည်း သိပ်မဆွဲထားချင်။ ထွဋ်တို့က ဘယ်တော့မင်္ဂလာပွဲလုပ်မည်ဆိုတာကို သေသေချာချာ သိရသည်မဟုတ်။

ထွဋ်ကို ဆုံးရှုံးရတော့မည့်အတူတူ ... လင်းနေ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့်အတူတူတော့ ... အချိန်သိပ်ဆွဲမထားခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု တွေးလေသည်။

အချစ်ပေါ်တွင် သစ္စာရှိရှိသေခဲ့သလောက် အချစ်က သူမအပေါ် ပြန်၍သစ္စာမရှိသောအခါ အချစ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သူမ အယုံအကြည်မထားချင်တော့၊ မျှော်လင့်ကိုးစားခြင်းလည်း မရှိချင်တော့။

အချစ်ကို အရှုံ့တိုက်ရင်းကပင် ... လက်ထပ်သို့ အထိတောင် ဖြစ်လာခဲ့ပြီ ...။

"ကျွန်တော်ကတော့ စေ့စပ်ပြီး နှစ်လလောက်ပဲ အချိန်ယူချင်တယ်၊ လက်ထပ်ဖို့အတွက် စီစဉ်စရာရှိတာတွေ စီစဉ်တာကလည်း နှစ်လဆို လုံလောက်ပါတယ်"

ဟု လင်းနေက သူဖြစ်ချင်တာကို ခပ်သွက်သွက် ဝင်ပြောလေသည်။

"တွေ့လား၊ သားက သိပ်လောနေတာ ... သူ ဘယ်လိုဖြစ်နေတယ် မသိဘူး ... တစ်ခါမှလည်း မချစ်ဖူးတော့ အချစ်ရူးဖြစ်နေတာထင်တယ် တွေ့လား ..."

ဟု သူ့မေမေက သားကို ချစ်စနိုး စ,နောက်လျှင် ကျန်လူတွေက ဝိုင်း၍ရယ်မောကြသည်။ သူက ရက်ပုံမပေါ်ခေ

"စာမရီ ... ပြက္ခဒိန် သွားယူပေးလိုက်လေ ... ရက်သတ်မှတ်ရအောင် ..."





ဟု သူမကိုပင် တိုက်တိုက်တွန်းတွန်းနှင့် ပြက္ခဒိန် သွားယူခိုင်းနေသေးသည်။

"ဟာ ... ဘယ်လိုဖြစ်နေလဲ ... ဣန္ဒြေရရလေး နေပါဦး"

"မနေပါဘူး ... ဒါဖြင့် ကိုယ် ထ,ယူရမလား ... ပြော"

"ကဲပါ ... ယူပေးမယ် ..."

စာမရီသည် ပြက္ခဒိန် သွားယူပေးရသည်။ လူကြီးတွေက အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြရင်း၊ ရက်ကောင်းရက်မြတ်ကို ရွေးချယ်ကြရင်း ... နောက်နှစ်လ အကြာ ... ပထမဆုံးပတ်၏ တနင်္ဂနွေနေ့ကို ရွေးချယ်သတ်မှတ်လိုက်လေသည်။

စာမရီသည် နောင်တရသည်လည်း မဟုတ်၊ သို့သော် စိတ်ထဲတွင်လည်း လုံးဝပီပြင်လွတ်မြောက်ခြင်း မရှိ။ ဘာကိုရင်ဆိုင်ရဦးမည် မသိ ... ဟူသော ရင်ထင့်ခြင်းသည်သာ ... ရင်ထဲတွင် တစစ်စစ်မြည်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်၏ စူးရှထန်ပြင်းသော မျက်လုံးနက်မှောင်များကို မကြာခဏ မြင်ယောင်လိုက်တိုင်း ... နှလုံးသားသည် လေမုန်တိုင်းထဲ လွင့်စင်သွားသလို မြောက်လွင့်သွားလေသည်။

ထွင့်သာသိရင် ... ဟူသော ကြောင့်ကြစိတ်သည် သူမ တစ်ကိုယ်လုံးကို ရစ်နှောင်ထားခဲ့သည်။





သတင်းစာထဲရှိ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းသော ကော်လံအကွက်ကို မင်နီခပ်ထူထူဖြင့် ခပ်ကြမ်းကြမ်းဝိုင်းကာ သူ့ရှေ့သို့ ပစ်ချပေးလိုက်သူမှာ စပ်နန္ဒီ ဖြစ်သည်။

သူ့မျက်လုံးများထဲ လျှပ်စီးပြိုးပြက်သွားသလို ...လက်ဖြာရသွားကာ နှင့်ခနဲပင် သီးသွားလေသည်။

"မင်းရဲ့ Ex. girl friend (ရည်းစားဟောင်း) တောင် စေ့စပ်သွားပြီနော် ..."

ဟု စပ်နန္ဒီက ခနီးခနဲ့ရေရွတ်လျက် သူ့ကို ...က်ကြည့်နေသည်။ သူ ရုတ်တရက် မီးဟုန်းခနဲ တောက်သလို ...းခနဲထ ရပ်ပစ်လိုက်သည်။ သူ့တစ်ကိုယ်လုံး အက်ဆစ် ...င် အပက်ခံရသလို စူးရှစပ်ဖျဉ်းစွာ လောင်ကျွမ်းလိုက်စား ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ စာမရီ ... မင်း မျက်နှာပြောင်လှချည်လား
ကွ ... စေ့တောင်စေ့စပ်လိုက်ပြီ ..."

"မင်း ကြေကွဲသလား ထွန်းညီ ... မင်းကို သစ္စာဖော
သွားပြီးတဲ့ မိန်းမတစ်ယောက်အပေါ် ခုချိန်ထိ မင်းသ
ဆူနေသေးတာ ... တို့ လိုက်လို့တောင် မမီတော့ဘူ

မင်းနဲ့ ပြတ်သွားပြီးတဲ့နောက် သူ ဘယ်သူ
မဆို စေ့စပ်ခွင့်ရှိတယ် မဟုတ်ဘူးလား ...
ဘာဖြစ်နေတာလဲ"

"မိစပ် မင်းပါးစပ်လေး ခဏလောက် ပိတ်ထားပေး
ပါ၊ ကိုယ် ဒေါသထွက်နေတယ်နော် ..."

"ဒေါသထွက်နေရင်လည်း သွားသေလိုက်ပေါ့ -

ဟု သူမက ဆောင့်အင့်အင့်ရေရွတ်သွားကာ
သူ့ရှေ့မှ လှည့်ထွက်သွားလေသည်။ ရုတ်တရက် သူ့ရင်
ဝှန်းခနဲ လျယ်လောင်စွာ မြည်သွားသည်။ သတင်းစာက
ကို ကျစ်ကြေနေ့အောင် ဆုပ်ထားလျက် သူ တအားပြေ
ခဲ့သည်။





စပ်နန္ဒီ၏ ကော်ဖီဆိုင်ကလေးနှင့် စာမရီ၏
Gift Shop ကလေးမှာ မြို့လယ်ခေါင်တွင် သိပ်မဝေးလှစွာ
ည်ရှိသောကြောင့် ... သူ ပလက်ဖောင်းများတစ်လျှောက်
ပြတ်ပြေးလာခဲ့လေသည်။ တက္ကစီလည်း ငှားဖို့မလွယ်။ သူ
လောက်စိတ်လှုပ်ရှား ပေါက်ကွဲမတတ် ဖြစ်နေချိန်တွင်
သူ့ဆိုင်ကယ်လ်လည်း မမောင်းချင်ပေ။

အားသွန်ခွန်စိုက် ပြေးခဲ့ခြင်းသည် ... သူ့ခန္ဓာ
ကိုယ်တွင်းရှိ ဒဏ်ရာအနာတရများကို တစ်နည်းအားဖြင့်
လောင်ကျွမ်းစေသည် ...။ သူ့ရင်သည် ဟာလာဟင်းလင်း
င့်လျက်ရှိသည်။

တဝုန်းဝုန်းမြည်အောင်ပင် လေအဟုန်ကို ထိုးခွဲ
၍ သူ မောပန်းတကြီး ပြေးခဲ့ခြင်း ဖြစ်လေသည်။

စာမရီ၏ "Especially for You" ဆိုင်က
လေးထဲသို့ သူ ရောက်ရှိခဲ့ချိန်တွင် ... စာမရီကို လင်းနေနှင့်
အတူ ယှဉ်တွဲလျက် ပူပင်ခံစားချက် ကင်းမဲ့သော မျက်နှာဖြင့်
တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးကနေ မရပ်မနား ပြေးခဲ့ရသူမို့ — ရုတ်တရက် အမောဆို့ကာ ဗုန်းခနဲ ပြိုလဲကျမတတ်ဖြစ်ကာ အသက်ကို ခပ်ပြင်းပြင်း အငမ်းမရ ရှူနေလျက် စကားမပြော နိုင်။ သူ့တစ်ကိုယ်လုံး ချွေးများသည် ... ရေတဝလောင်းချ ထားသလို ရွှဲရွဲနစ်လျက်ရှိ၏ ...။

"ထွန်းညီ၊ နင် ဘာဖြစ်လာတာလဲ ..."

စာမရီက နားမလည်နိုင်သော မျက်နှာဖြင့် မျက်လုံး ကလေးတွေ ဝိုင်းစက်ကျယ်ဝန်းကာ ... တအံ့တသြ မေးလေသည်။

သူသည် အသက်ကို နင့်နေအောင် ရှူရှိုက်ရင်း စာမရီ့မျက်နှာကို လက်ညှိုးဖြင့်ထိုးကာ ...

"နင် ... နင် သစ္စာမရှိတဲ့ မိန်းမ စာမရီ၊ ငါ့ကို သစ္စာ ဖောက်ရဲတင်မကဘူး ... ဒီကောင်နဲ့ မျက်နှာပြောင်တိုက် ပြီး ဇာစပ်ရဲတယ် ... အရှက်မရှိတဲ့ မိန်းမ ... နင့်ကို ငါ လုံးဝခွင့်မပြုနိုင်ဘူး ... နင် ဒီကောင့်ကို လက်ထပ်ရဲ ထပ်ကြည့် ... နင်တို့နှစ်ယောက်လုံးကို ငါ့လက်နဲ့





သတ်ပြဖို့ ဝန်မလေးဘူး ... နားလည်လား ..."

ဟု မောနင့်နေသော အသံဖြင့် ပြောလေသည်။

စာမရီသည် ဆိုင်ထဲတွင် လှုရှင်းနေချိန်မို့ အနည်း ငယ် သက်သာရာရသွားလေသည်။ သူ ဤမျှ ရုပ်ပျက်ဆင်းမျက် ဖြစ်လာပုံကို ... ရုတ်တရက် အဓိပ္ပာယ် မခွဲခြားတတ်ဘဲ မင်သက်ကြောင်ငေးနေမိလေသည်။ သူမ ဘာမှ ပြန်မပြော နိုင်မိ ...

လင်းနေသည် ရှေ့သို့တိုးလာကာ ထွန်း၏ အင်္ကျီ ရင်ဘတ်ကို ဆွဲဆုပ်ကိုင်လိုက်ကာ ...

"ဟေ့ကောင် ... မင်း ငါ့ကို သတ်စမ်း ... ခု သတ် စမ်း ... ကဲ ... ငါတို့နှစ်ယောက် လက်ထပ်တော့မှာ၊ ဘယ်သူမှ တားမြစ်ပိတ်ပင်လို့ မရဘူး၊ ခြိမ်းခြောက် နှောင့်ယှက်လို့လည်း မရဘူး ...

မင်း ငါတို့နှစ်ယောက်ကို စော်ကားခဲ့တာ ရန်စခဲ့တာ အကြိမ်ကြိမ်ရှိပြီ ... ဒီတစ်ကြိမ်တော့ နောက်ဆုံးပဲ၊ မင်းနဲ့ငါ စာရင်းရှင်းရတော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသဖြင့် မာကျောအေးစက်စွာ ပြောလေသည်။ ဆိုင်ထဲရှိ ဆေးလ်ဂဲလ်ကလေးတစ်ချို့က အထိတ်တလန့် လှမ်းကြည့်နေသည်။

"ကိုနေ လွှတ်လိုက် .... လွှတ်လိုက်စမ်းပါ၊ တောင်းပန်ပါတယ်၊ ကျွန်မ ဆိုင်ထဲမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် မလုပ်ကြပါနဲ့ ...

ထွေး ... နင် သိပ်တရားလွန်နေပြီနော် .... နင်နဲ့ ငါ ဘာမှမဆိုင်တော့ဘူး ... ပြတ်ခဲ့ပြီးပြီ ... နင်နဲ့ငါ ကြားမှာ ဘာနှောင်ကြိုးမှ မရှိတော့ဘူး ... နင်းလည်း နင့်ဘဝနဲ့နင် ... နင် ကြိုက်တဲ့လူကို လက်ထပ်ခွင့်ရှိသလို ... ငါလဲ ငါ့ဘဝနဲ့ငါ ... ငါ လက်ထပ်ချင်တဲ့လူကို လက်ထပ်မှာပဲ ... နင်က ဘာလို့ ဒီလောက်ပေါက်ကွဲနေရတာလဲ ... ငါ့ကို နင် ဘာမှ စိုးမိုးခြယ်လှယ်ခွင့် မရှိဘူး ထွေး ... ငါ့လှမ်း ငါဖောက်ပြီး ငါ့ဘဝ ငါ ဆောက်တာ ... နင် ဘာမှ တားပိုင်ခွင့် မရှိဘူး ..."

စာမရီသည် ... ဒေါပာန်အပြည့်ဖြင့် မရပ်မနား





ပြောပစ်လိုက်သည်။ ထွေးသည် အသက်ကို ပြင်းထန်စွာရှူရင်း ...

"ရှိတယ် ... ငါ့မှာ တားပိုင်ခွင့်ရှိတယ် ... နင်က ငါ့ချစ်သူ ... ငါက ရိုးသားခဲ့သလောက် နင်က သစ္စာဖောက်လှည့်စားသွားခဲ့တာ ... နင့်ကို ငါ ဘယ်တော့မှ လွှတ်မြောက်ခွင့် မပေးနိုင်ဘူး ...

လွယ်လွယ်လေးနဲ့ နင် ရင်ခွင်ခုန်ကူးလို့ မရဘူး ... အဲ့ဒီအရသာဟာ ဘယ်လောက်ခါးသီးတုန်လှုပ်ဖွယ်ကောင်းတယ်ဆိုတာ နင် ကျကျနနကြီး ခံစားရဦးမယ် ... အဲ့ဒီခံစားချက်ကို ငါ နင့်ကို လက်ဆောင်အဖြစ် ပေးကိုပေးရဦးမယ် ... နင် မယူလို့ကို မရဘူး နင် မယူချင်လို့လည်းမရဘူး"

ဟု ခါးသီးမာကျောသော အသံဖြင့် ပြောလေသည်။ စာမရီသည် သူ၏ပြင်းရှခက်ထန်သော စိတ်ဓာတ်ကို နာကျင်တုန်လှုပ်စွာဖြင့် ... ရင်ထဲတွင် နင့်မောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနေသည် ... တောက်တစ်ချက်ပြင်းထန်စွာ ခေါက်လျက် ...

"မင်းရဲ့ခံယူချက်က အတော်အောက်တန်းကျတာပဲ ... ကိုယ့်လှောင်အိမ်ထဲမှာ မပျော်ပိုက်နိုင်တဲ့ ငှက်ကလေးတစ်ကောင်ကို အတောင်ချိုးထားပစ်ချင်တဲ့ စေတနာပဲ ..."

ဟု ပြောလေသည်။ သူ့မျက်လုံးများသည် ဝင်းခနဲ တောက်သွားပြီး ... စူးစူးရှရှ တစ်ချက်ဖြိုးကာ ...

"မှန်တယ်၊ မင်းဥပမာ မှန်တယ် ... ဒါပေမယ့် မပြည့်စုံသေးဘူး ... ငါက မင်းရဲ့ ဥပမာထက် ပိုခါးသီးရက်စက်တဲ့ တုံ့ပြန်မှုမျိုး သူ့ကို ပေးချင်တာ"

ဟု ပြောလေသည်။ အဲ့ဒီလောက်တောင်ပဲလား ဟု သူမ ရင်ထဲ နင့်သီးနာကျင် သွားလေသည် ...။

"ထွဋ် ... နင့်ကို ငါ မေးမယ်၊ ဒီပွဲမှာ ဘယ်သူကစပြီး သစ္စာဖောက်ခဲ့တာလဲ၊ ဘယ်သူကစပြီး တရားမမျှခဲ့တာလဲ ...





နင့်ဆီမှာတော့ အပြစ်မှန်သမျှ လုံးဝကင်းရှင်းတယ်ပေါ့ ဟုတ်လား ထွဋ် ..."

သူမ အသံမှာ ခါးအက်ကွဲရှနေခဲ့သည်။ ရင်ထဲမှာ အခံရခက်မှုဖြင့် ဆတ်ဆတ်ခါလာသည်။

"အေး ... ငါ့အပြစ်ဟာ ယောကျ်ားတစ်ယောက် သာမန်ခလုတ်တိုက်လဲတဲ့ ဖြစ်ရိုးဖြစ်စဉ် အပြစ်မျိုးပဲ၊ နင့်အပြစ်က မိန်းမတစ်ယောက်ရဲ့ ရှိသမျှ ဂုဏ်သိက္ခာဆိုတဲ့ ဝတ်ရုံကြီးကို လွှာချပစ်လိုက်တဲ့ အပြစ်မျိုး ... အခု နင့်မှာ ဘာဂုဏ်သရေမှ မရှိဘူး ... သစ္စာတရားလည်း မရှိဘူး ...

စိတ်ခံစားမှုကလေးတစ်ခုနဲ့ ဘဝတစ်ခုလုံးကို လဲရဲတဲ့ နင့်ကို ငါ လုံးဝရွံရှာချတယ် ... အထင်လဲသေးတယ် ..."

စာမရီသည် ဒူးများခွေညွတ်မတတ် တုန်ယင်ချည့်နဲ့လာလေသည်။ သူ့ရဲ့ ရက်စက်ရင့်သီးမှုသည် အရှိန်ငြိးငြိးတောက်လောင်နေသော မီးလျှံတစ်ခုပမာ ... စာမရီ့ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် လောင်မြိုက်လျက်ရှိသည်။

တစ်ချိန်က ချစ်မြတ်နိုးစုံမက်ခဲ့ကြသော မျက်ဝန်းနှစ်စုံသည် နာကြည်းသောသင်္ကေတနှစ်စုံအဖြစ်သို့ ခါးသီးစွာ ပြောင်းလဲသွားကြသည်။

"ထွင့်ညီ ... နင် မှတ်ထားလိုက်ပါ ... နင် အထင်သေးတဲ့ မိန်းမတစ်ယောက်ဆီကအချစ်ဆိုတာကို နင်ဘယ်တော့မှ မမျှော်လင့်နဲ့တော့ ,..

ငါ နင့်ကို အရင်အချိန်တွေတုန်းက နာကြည်းရုံသာ နာကြည်းနေခဲ့တာ၊ ခုတော့ နင့်ကို မုန်းသွားပြီ... ငါ လေးနှစ်ကျော်လုံးလုံး ချစ်ခဲ့မှုးတဲ့ ယောကျ်ားဟာ... ကိုယ့်အပြစ်အပေါ် တာဝန်မယူတတ်တဲ့အပြင်၊ အပြစ်မှန်သမျှ သူများအပေါ် ပုံချလွှဲပြောင်း ပစ်တတ်တဲ့ ယောကျ်ားဆိုတာ သိရတော့မှပဲ ငါ သူ့ကို မုန်းခွင့်ရလိုက်တယ် ...

ငါဟာ နင့်ရဲ့ ဇွပ်စွဲစော်ကားတဲ့ စကားတွေကို ဖြေရှင်းဖို့ လူ့လောကထဲ ရောက်လာခဲ့တာ မဟုတ်ဘူး





ထွင့်ညီ ... နင် သတ္တိရှိမယ်ဆိုရင် ငါ့ရဲ့ မင်္ဂလာပွဲကို တက်ဖြစ်အောင်တက်ပါ ... နင့်ကို ငါ ရဲရဲဝံ့ဝံ့ ဖိတ်မယ်၊ သစ္စာမရှိတဲ့မိန်းမ ... ရင်ခွင်ကူးတဲ့မိန်းမ ... အရှက်သိက္ခာမရှိတဲ့မိန်းမရဲ့ မင်္ဂလာပွဲကို နင် တက်ရောက်ချီးမြှင့်ပါ ... ဟုတ်ပြီလား ..."

သူနှင့် သူမကြားတွင် စေ့စပ်ကျေအေးဖို့ မလိုအပ်တော့ ...။ နားလည်ခွင့်လွှတ်ဖို့ မလိုအပ်တော့ ... ဟု သူမ စိတ်ကြေညာလိုက်သည်။ ချစ်သူအဖြစ်က ရပ်စဲပြတ်တောက်ခဲ့ပြီမို့ ... ရန်သူတွေအဖြစ် ကူးပြောင်းခဲ့တယ်ဆိုရင် ဝမ်းနည်းကြေကွဲစရာ မရှိတော့ပြီ။ ဒီထက်ပိုပြီးတော့လည်း ကြေကွဲဖို့ မရှိတော့ပါဘူး ဟု တွေးသည်။

သူမ၏ စကားလုံးများသည် သူ့ကို နာအောင် ပေါက်လိုက်သလိုပင် ထိရောက်လှသည် ...။

"နင် လက်ထပ်ရဲရင် လက်ထပ်ကြည့်စမ်း ... အဲ့ဒီပွဲကို ငါ ရအောင်ဖျက်မယ်၊ ဘဝချင်း လောင်းကြေထပ်ရဲ သလား စာမရီ ... ငါ့ကို စိန်မခေါ်နဲ့နော် ... ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ပျက်မှာကို လုံးဝဂရုမစိုက်တော့ဘူး ... အနည်းဆုံး ငါ ထောင်ထဲရောက်ရုံပဲ ...

နင် လက်ထပ်ကြည့်လိုက်စမ်းပါ ... နင့်ဘဝ အပျက်ပဲ ..."

ဟု သူက ကြိမ်းဝါးလေသည်။

"အိုကေ ... ဟောကောင် မင်းထွက်သွားတော့ ... ငါနဲ့ သူ အမြန်ဆုံးလက်ထပ်ဖို့ မင်းကို ကတိပေးတယ်"

ဒီတစ်ခါဝင်ပြောသူမှာ ... လင်းနေဖြစ်သည်။ သူမ ရင်ထဲတွင် ဘာစကားလုံးမှ မကျန်တော့သလို ရုတ်တရက် ဆိတ်သုဥ်းခြောက်ကပ်သွားသည်။

ထွင့်သည် ... မဲ့ပြုံးတစ်ခုကို နှုတ်ခမ်းပေါ်တွင် တပ်ဆင်ကာ ...

"ကောင်းပြီ ... စိန်လိုက်ကွာ ... ဟုတ်လား ..."

ဟုဆိုပြီး စင်ကလေးပေါ်ရှိ အလှပဆုံးသော ကြွေအိုးကလေးကို လှမ်းယူကာ လှည့်ပတ်ကြည့်ရှုပြီးမှ ကြမ်းပြင်ဆီသို့ ချခွဲပစ်လိုက်လေသည်။





"ဘဝတစ်ခု ကွဲကြေဖို့ဆိုတာ ... ပန်းအိုးတစ်အိုး ခွဲရသလိုပဲ ... မခက်ပါဘူးကွာ ..."

ဟု ခနိုးခနဲ့ ဆိုသွားကာ ... လေအဟုန်လို လျှင်မြန်ခြင်းဖြင့် ဆိုင်ကလေးထဲမှ သူ ထွက်ခွာသွားတော့လေသည်။ လင်းနေသည် ... တစ်စစီကွဲရှသွားသော ပန်းအိုးကလေးကို စိုက်ကြည့်ကာ ...

"ဒီကောင် ရည်ရည်လည်လည် စော်ကားတယ်ကွာ၊ စာမရီနဲ့ လင်းနေရဲ့ ဘဝဆိုတာ ဒီလို ပန်းအိုးတစ်အိုးမှ မဟုတ်ဘဲ ..."

ဟု မခံချိမခံသာ ဆိုလေသည်။ ထို့နောက် စာမရီ့မျက်နှာကို စေ့စေ့စပ်စပ် ဖတ်ရှုသလိုကြည့်ကာ ...

"စာမရီ၊ စိတ်အနှောင့်အယှက် ဖြစ်နေတယ် မဟုတ်လား ... အဲ့ဒီစိတ်ကို လွှင့်ပစ်လိုက်စမ်းပါကွာ ... ကဲ လာ ကိုယ်တို့ ဟိုတယ်ဒိတ် သွားယူကြစို့ ..."

ဟု ဆိုလျက် သူမလက်ကို လှမ်း၍ ဆွဲယူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လက်တွေ အေးစက်နေတာပဲ ... တစ်ခုခု သူ့ကို ကြောက်နေတာလား"

ဟု မေးသည်။ သူမက ပခုံးကလေးကို အသာတွန့်လိုက်ကာ ...

"အို ... မကြောက်ပါဘူး ... ဘာဖြစ်လို့ ကြောက်ရမှာလဲ ..."

ဟု မခံချင်စိတ်ဖြင့် ခပ်ဆတ်ဆတ် ပြောလိုက်သည်။ လင်းနေက ပြုံးကာ ...

"ကိုယ့်ကို လက်ထပ်မှာ သေချာပါတယ်နော် ..."

ဟု မေးသည်ကို ခေါင်းညိတ်ပြီး ...

"သေချာတယ် ..."

ဟု ပြန်ဖြေလိုက်လေသည် ...။





အခန်း(၉)

ဘယ်ဟိုတယ်ကို ရွေးချယ်ရကောင်းမှန်း သူမ တို့နှစ်ယောက် ကားပေါ်မှာတိုင်ပင်လာကြသည်။

"Sedonaပဲ ကောင်းမယ်ထင်တယ် စာမရဲ့ ... ကိုယ့်လက်ထဲမှာလည်း ဒေါ်လာအဆင်သင့် ရှိနေတာ ..."

"ကျွန်မကတော့ အင်းလျားလိပ်(ခ်)မှာဖြစ်ဖြစ် ... မြရိပ်ညိုမှာဖြစ်ဖြစ် ... မြန်မာဆန်ဆန်ကလေးပဲ ဆောင်ချင်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကောင်းပြီ ... ဒါဆို အဲ့ဒီဟိုတယ် သုံးခုစလုံးမှာ သွားစုံစမ်းမယ်၊ အဆင်အပြေဆုံးကို ရွေးတာပေါ့"

ဟု သူက ဆုံးဖြတ်ပေးသည်။ ထိုအချိန်တွင် ထွန်းညီ၏ ဆိုင်ကယ်လ်အနက်ရောင် မြင့်မြင့်ကြီးကို သူမက စတင်သတိထားမိသွားတာ ဖြစ်သည်။

"ကြည့်စမ်း ... ကိုနေ ...အဲ့ဒီဆိုင်ကယ်လ်ဟာ ထွန်းညီပဲ ... သူ လိုက်လာပြန်ပြီ ..."

သူမ ရင်ထဲတွင် ဓာဒိတ်ဒိတ်အခုန်မြန်လာသည်။

လင်းနေက အေးအေးဆေးဆေးပင်။

"ကိုယ် သိပါတယ်၊ ဒီကောင့်ဆိုင်ကယ်လ်က စာမရီ လမ်းထိပ်မှာကတည်းက ပါလာတာ ... ဂရုစိုက်မနေနဲ့"

"ထွန်းညီက ပြောတဲ့အတိုင်းလုပ်တဲ့အကျင့် အရမ်းရှိတယ် ... ဘာတွေ နှောင့်ယှက်ဖျက်ဆီးဦးမလဲ မသိဘူး"

ဟု သူမက ပူပူပန်ပန် ပြောမိသည်။

"သူ ဘာဖျက်ဆီးလို့ရမှာလဲ ... လုံးဝအခွင့်အလမ်းမရှိတဲ့ ကိစ္စပဲ ဒီကောင်အလွန်ဆုံး နှောင့်ယှက်ရင် ပါးစပ်နဲ့





ပေါ့ ... ပါးစပ်နဲ့ ခြိမ်းခြောက်တာကတော့ လူတိုင်းလုပ်တတ်ပါတယ်ကွာ ... မကြောက်ပါနဲ့ ..."

"ထွန်းညီကို လျှော့မတွက်ထားနဲ့ ကိုနေ ... သူက ဘာကိုမှ ငဲ့ညှာထောက်ထားမှာ မဟုတ်ဘူး ... တဇွတ်ထိုး၊ တဇောက်ကန်းသမား ..."

လေးနှစ်ကျော်လုံးလုံး အလွတ်ရ ကျေညက်ခဲ့သော သူ့စရိုက်ကို သူမစိတ်ထဲ မသိစိတ်ဖြင့် ကြောက်ရွံ့လှုပ်လျက် ရှိသည်။ လင်းနေက ... အပြုံးအရယ် မပျက်

"ကဲ ... သူ ဘာလုပ်နိုင်မလဲ ... စာမရီ ခန့်မှန်းကြည့်လေ ... ဟိုတယ်ကို ဒိတ်မပေးနဲ့လို့ သူ ခြိမ်းခြောက်မလား ... ဟား ဟား ရယ်ရတယ် ... စာမရီ ကိုယ်သာ သူ့ကို ကြောက်ခဲ့ရင် စာမရီ့ကို လက်ထပ်တဲ့အထိတောင် ဖြစ်လာမှာ မဟုတ်ဘူး ... စိတ်အေးအေးထားပါကွာ ..."

သူတို့ ဟိုတယ်တွေမှာ ... မေးမြန်း စုံစမ်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ထွင့်ညီသည် တကောက်ကောက် လိုက်လေသ[illegible]
နှုတ်ဖြင့် စတင်နှောင့်ယှက်ခြင်း မရှိသေးသော်လည်း ထို[illegible]
တိတ်နည်းကပင် စာမရီ့ကို အကြီးအကျယ် စိတ်အ[illegible]
အယှက် ဖြစ်စေပါသည်။

သူ လိုက်ပါနေခြင်းက နောက်ကျောမလုံသ[illegible]
ခံစားရစေသည်။ သူ့မျက်နှာသည် ကျောက်စိုင်ကျောက်[illegible]
တစ်ခုလို အေးစက်မာကျောကာ အသက်ကင်းမဲ့လျက် ရှိ[illegible]

နောက်ဆုံးတော့ မြရိပ်ညိုဟိုတယ်ကို ရွေး[illegible]
လိုက်လေသည် ...။ ဟိုတယ်ဒိတ် ရခဲ့ပြီမို့ ... လင်း[illegible]
ဖိတ်စာအပ်ဖို့ ဖိတ်စာရိုက်သော ပုံနှိပ်တိုက်သို့ ခရီးဆက်[illegible]
သည်။ ထွင့်ညီက တကောက်ကောက်ပါမြဲ ...။

အမျိုးမျိုးသော ဖိတ်စာများကို သူနှင့်[illegible]
ခေါင်းချင်းဆိုင်ကာ ရွေးချယ်ကြဆဲ ထွင့်ညီသည် [illegible]
မကမ်းရှိ ခုံတစ်ခုံတွင်ထိုင်ကာ ... သူမနှင့် လင်းနေ[illegible]
စူးရှဖြာလက်သော အကြည့်စူးစူးများဖြင့် လှမ်း၍ စိုက်[illegible]
နေခဲ့သည်။ သူ့အကြည့်ကို သူမ အမှတ်တမဲ့ လှည့်ကြည့်[illegible]





[illegible]ဆိုင်ရစဉ်တွင် သူမ ကျောရိုးတစ်လျှောက် ရိုးတွင်းချဉ်ဆီထိ
[illegible]တက်သွားခဲ့ကာ ကြက်သီးမွေးညှင်းများပင် စိမ့်ဖြာသွားလေ
[illegible]သည်။

နောက်ဆုံးတော့ အနှစ်သက်ဆုံး ဖိတ်စာတစ်ခု
[illegible] ရွေးချယ်ရရှိခဲ့သည်။ လင်းနေက ဖိတ်စာရိုက်ရန်စာကို
[illegible]ရွက်တစ်ရွက်တွင် ချရေးပေးနေသည်။

စာမရီသည် နောက်ဆုံးစိတ်ကူး ရူးသွပ်ခြင်းဖြင့်
[illegible]တို့သားနေရာတွင် ထွင့်ညီကို စိတ်ကူးထဲမှ အစားထိုး
[illegible]ယောင်ကြည့်မိလေသည် ...။ သူမတို့၏ အချစ်သည်
[illegible]ကြောင့်များ နှလောက်မခိုင်မြဲခဲ့ရတာပါလိမ့် ...။ ချစ်ပြီး
[illegible] ဘာကြောင့်များ မုန်းသွားခဲ့ရတာပါလိမ့် ...။ ချစ်သူ
[illegible]ဘာဝကနေ ဘယ်လိုကြောင့်များ ငြိုးသူရန်ဖက်တွေ အဖြစ်
[illegible] ပြောင်းလဲသွားရတာပါလိမ့် ...။

သူမ တွေးရင်း နှလုံးသားသည် အက်ဖြာလာခဲ့
[illegible]သည် ...။ သူ့ကို ချစ်သော အချစ်တွေကို အကြောက်
[illegible]စ်မျိုးက ဖုံးအုပ်လွှမ်းခြုံသွားခဲ့သည်။ စုံမက်,မက်မောခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကို မခံချင်စိတ် အပြည့်တို့က ... လိုးဖြတ်သုတ်သင်[illegible]
သည်။

ခုတော့လည်း ဘာမှ မကျန်တော့သလိုပင်[illegible]

ဖိတ်စာကိုစွပြီးတော့ ... လင်းနေက ...

"စာမရီ ပင်ပန်းနေပြီ ... အေးအေးဆေးဆေး အ[illegible] ယူရင်း တစ်ခုခု သွားစားရအောင် ..."

မှ ဆိုကာ ဟိုတယ်တစ်ခုဆီသို့ ခေါ်လာသ[illegible] အထိ ထွဋ်ညီ လိုက်ပါမြဲ ...။

"ဘယ်လိုစိတ်ကူးနဲ့ သူ တကောက်ကောက် လိုက်[illegible] တယ် မသိဘူး ကိုနေ ..."

မခံစားနိုင်တော့သည့် အဆုံးတွင် သူမက ဖွင့်[illegible] မိသည်။ လင်းနေက သွေးအေးစိတ်ရှည်စွာပင် ...

"သူ ကိုယ်တို့ကို လာပြီးရန်မစသရွေ့တော့ ... ကိုယ်[illegible] တုံ့ပြန်စရာ မလိုသေးဘူး စာမရီ၊ ဥပေက္ခာပြု[illegible] လိုက်စမ်းပါ"

ဟုသာ ဖြေသည် ...။ ဟိုတယ်သို့သန့်ခန်း[illegible]





လင်းနေက ရွေးချယ်လိုက်သဖြင့် ထွဋ်မျက်နှာကို မမြင်ရတော့သော်လည်း ... သူ စိတ်ရှည်လက်ရှည်ဖြင့် စောင့်နေဦးမည်ဆိုတာကို သူမက ခံစားမိလေသည်။

ပြဿနာက ဟိုတယ်မှ အထွက်တွင် စတင်လေသည် ...။ သူမနှင့် လင်းနေ ကားပါကင်နေရာသို့ အလာ အသင့်စောင့်ဆိုင်းလျက်ရှိသော ထွဋ်က စတင်၍ ...

"စာမရီနဲ့ လက်ထပ်ဖို့ အတော်သေချာနေပြီပေါ့ ... ဟုတ်လား ... ဒါပေမယ့် မင်း သတိထားနော် ... ငါနဲ့တောင် လေးနှစ်လုံးလုံး ချစ်ပြီးမှ သစ္စာဖောက်သွားရဲတဲ့ မိန်းမမျိုးဟာ ... လက်ထပ်ခါနီးမှာလည်း ... တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သေးတယ်နော် ... ဥပမာကွာ သူ မင်းကိုပစ်ထားခဲ့ပြီး ငါ့နောက်ကို လိုက်မလာဘူးလို့ မင်း သေချာစိတ်ချနိုင်သလား ...

ဥပမာကွာ ... မင်းရုတ်တရက် Accident တစ်ခုခုနဲ့ မာလကသွားမယ်ဆိုရင်ကော ... သူ့ကို မင်း ရနိုင်မယ်ထင်သလား ... သေချာတာတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မင်း မရစေရဘူး ... ဒါပဲ”

ဟု လင်းနေ၏ မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောသောအခါ လင်းနေသည် ရုတ်တရက် ထွင့်၏ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လေသည်။ အရှိန်ဖြင့် သူ နောက်သို့ ယိုင်မြို့လန်ကျမတတ် ဖြစ်သွားပြီး ချက်ချင်းပင် ပြန်လည်ထူ မတ်လိုက်ကာ လင်းနေကို တမဟုတ်ချင်းပင် ပြန်လှန်တွန်း ပစ်လေသည်။

“တော်ကြတော့ ... တော်ကြတော့နော် ... ရန်မဖြစ်ကြနဲ့၊ ဒါ ရန်ဖြစ်နေရမယ့်နေရာ မဟုတ်ဘူး ...”

စာမရီက တုန်လှုပ်ဒေါသဖြင့် အော်ပစ်လိုက်သည်။ ထွင့်သည် လင်းနေနှင့် အကြည့်ခြင်း စူးစိုက်ယှဉ်ပြိုင်နေရာမှ ... သူမဘက်သို့ ဖြုန်းခနဲ လှည့်လာသည်။

သူမနှင့် မျက်နှာချင်းဆိုင်လိုက်ပြီးမှ သူမမျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ကာ သူ့အင်္ကျီရင်ဘတ်နှစ်စကို ဆောင့်ဆွဲရင်ဖွင့်ပစ်လိုက်သည်။

“နင် ငါ့ရင်ခွင်ဆီ ပြန်လာခဲ့မယ်ဆိုရင် ငါ လက်ခံတယ်၊





ရင်ဖွင့်ပြီး ငါ ကြိုနေမယ် ... နင် ငါ့ကို တစ်ကြိမ်သစ္စာ ဖောက်ဖူးတယ်ဆိုတာကို ငါ မေ့ပစ်မယ် ...

ငါ မဟုတ်တဲ့ တခြားယောကျ်ားကိုတော့ နင် လုံးဝလက်မထပ်ရဘူး၊ ငါ ခွင့်မပြုနိုင်ဘူး ...”

ဟု မယုံနိုင်လောက်အောင် ပြင်းရှအက်ကွဲနေသော အသံဖြင့်ဆိုလျှင် စာမရီသည် ရုတ်တရက် အလစ်တွင် အရိုက်ထိုးခံလိုက်ရသလို အငိုက်မိ အောင့်မျက်သွားလေသည်။ ထိုစက္ကန့်ပိုင်းကလေးအတွင်းမှာပင် ရူးသွားဖို့ လုံလောက်သော စကားလုံးတွေဖြစ်သည်။

“ဟော့ကောင်၊ မင်း သွေးရူးသွေးတန်းတွေ လာပြောမနေနဲ့ကွာ ... မင်း မရှက်ဘူးလား ... ဇာတ်သိမ်းပြီးသွားတဲ့ ပြဇာတ်တစ်ပုဒ်ကို ပြန်ကချင်နေလို့ မရတော့ဘူးကွ၊ အားလုံးပြီးသွားပြီ ... လာ ... စာမရီ ... ကားပေါ်တက်”

လင်းနေက ကြားဖြတ်၍ ဝင်ပြောကာ ... သူမ လက်ကို ဆောင့်ဆွဲလိုက်သည်။ ထွင့်က လင်းနေ၏ လက်ကို ဆွဲဖြုတ်၍ သူမကို သွားခွင့်မပြုဘဲ ပိတ်၍ကာဆီးထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"စာမရီ ... မင်းကို ကိုယ် ချစ်နေတုန်းပဲ ... နားလည်လား ဘယ်လိုမှ မုန်းလို့မရဘူး ... ငါ့ဘဝမှာ မင်းကို အချစ်ဆုံးပဲ ... မင်းကို ငါ အဆုံးရှုံးမခံနိုင်ဘူး ..."

ဟု သူက တင်းမာအေးခဲသော အသံဖြင့် ဆက်ပြောနေသည်။ စာမရီသည် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ရင်ပွင့်လုမတတ် ဖြစ်နေသည်။ ပူနွေးသော မျက်ရည်များသည် သူမ မျက်လုံးနှင့်အပြည့်အသိပ် ဖြစ်လာသည်။

"ငါ မယုံဘူး ... နင် လိမ်တာ ... နင့်လောက် မတရားတဲ့လူ ... အတ္တကြီးတဲ့လူ ... တစ်ကိုယ်ကောင်းဆန်တဲ့လူ ... ကိုယ့်အပြစ် ကိုယ်တာဝန်မယူတတ်တဲ့ လူမျိုးကို ငါ မယုံဘူး ...

ငါသိတယ် ... နင် ငါ့ကို အဆုံးရှုံးမခံနိုင်တာ မဟုတ်ဘူး ... နင့်ကိုယ်နင် အရှုံးမခံချင်တာ ... နားလည်လား ... နင်က ငါ့ကို အနိုင်ပိုင်းချင်တာ ... နင်က ဦးအောင်လက်ထပ်ပြီး ငါ့ကို ကျန်ရစ်ခဲ့တဲ့သူ ဖြစ်အောင် နင် ထားပစ်ခဲ့ချင်တာ ...





အခု ငါ လက်ဦးသွားတော့ နင် မခံမရပ်နိုင်ဖြစ်နေတာ ... သွေးရူးသွေးတန်း ဖြစ်နေတာ ... ငါက ချန်ရစ်ခဲ့လို့ နင် ကျန်ရစ်တဲ့သူ မဖြစ်ချင်တာ ... ဟုတ်တယ်မလား ..."

စာမရီသည် ရင်ထဲတွင် ဆူဝေလာပြီး ဗလုံးဗထွေး ပြောလိုက်သည်။ ထွန်းသည် ပျာပျာသလဲ ဖြစ်လာကာ ... မျက်နှာတစ်ပြင်လုံး တောက်ပလျက် ...

"ငါ ဘယ်သူ့ကို လက်ထပ်ရမှာလဲ ... နင် မဟုတ်တဲ့ ဘယ်မိန်းမကိုမှ ငါ လက်မထပ်ဘူး ... ငါ ကျိန်ဆိုတယ်၊ ကျိန်ပြရမလား ..."

ဟု အော်လိုက်စဉ် သူမ မျက်လုံးများ ပြာဝေသွားသည်။ မယုံကြည်နိုင်မှုနှင့်၊ မျက်စိမှိတ်၍ ယုံကြည်လိုက်ချင်စိတ်သည် ပြင်းထန်စွာ တိုက်ပွဲဖြစ်ကုန်သည်။

"စာမရီ သွားကြစို့ကွာ ... ဒီကောင် သက်သက်မင်းကို နှူးနှပ်နေတာ ..."

လင်းနေသည် ထွန်းကို ကိုယ်ဖြင့် တွန်းတိုက်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ရှားကာ သူမကို ကားပေါ်သို့ မရောက်ရောက်အောင် ဆွဲခေါ်တွန်းပို့ပြီး ကားတံခါးကို ပိတ်ပစ်လိုက်သည်။

စာမရီသည် ကားပြတင်းမှနေ၍ သူ့မျက်နှာကို အငမ်းမရ လိုက်ကြည့်မိသည်။ သူ တကယ်ပြောနေတာလား၊ မာယာသုံးပြီး ပြောခဲ့တာလားဆိုတာကို ခုအချိန်မှာ သူမ မခွဲခြားတတ်တော့ပေ။

အရာရာ ယုံကြည်စိတ်ချခဲ့ရသော ချစ်သူသည် အချိန်မရွေး အနိုင်ပိုင်းနိုင်သည့် ပြိုင်ဘက်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်မှာ မယုံကြည်နိုင်စရာပင်။

"စာမရီ … သွေးဆူချိန်မှာ ဘာကိုမှ မယုံလိုက်ပါနဲ့ကွာ၊ ကိုယ် စာမရီ့ကို သတိပေးနေတာပါ …

ဒီကောင် ကိုယ်တို့ မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်မယ်လို့ ကြွေးကြော်ထားပြီးသား၊ အဲ့ဒါကို မင်း မမေ့လိုက်ပါနဲ့ …

ခုအချိန်မှာ သူက မင်းရဲ့ချစ်သူ မဟုတ်တော့ဘူး၊ မင်းရဲ့ဘဝကို ပြောင်းလဲပစ်ဖို့ ကြိုးစားနေတဲ့လူပဲ …





သုတကတော့ နည်းလမ်းတစ်မျိုးကို ပြောင်းလဲသုံးစွဲခဲ့သည်။ သူမ ဆဲလ်ဖုန်းကို မကြာခဏဆက်သည်။ သူမနှင့် စကားပြောခွင့်ရဖို့ ကြိုးစားသည်။ အကြိမ်များစွာပင် သူ ရှုံးနိမ့်ခဲ့ပါသည်။

နောက်ဆုံးတော့ သုတက သူမရဲ့ကားနောက်မှ တကောက်ကောက်လိုက်သောနည်းကို ပြောင်းသုံးခဲ့သည်။ ဒါကို သူမ သိမြင်သွားတော့ တုံ့ပြန်ခဲ့ပုံမှာ ရက်စက်ပြင်းထန်လှသည်။ သူမနောက်မှ လိုက်လာသော သုတကားကို ကျော်တက်ဖို့ အချက်ပေးသဖြင့် သုတက ဝမ်းသာအားရ ကျော်တက်မိစဉ် တစ်ဖက်မျက်နှာချင်းဆိုင်မှ ကားတစ်စင်း ဝင်လာသည်ကို နောက်ကျမှပင် သိခွင့်ရလိုက်သည်။

သုတ ကားခေါင်းပိုင်း တစ်ခြမ်းလုံး ပျက်စီးသွားခဲ့ကာ … လူကတော့ စတီယာရင်နှင့် ရင်ဘတ်ဆောင့်မိကာ ရင်ဘတ်အောင့်သော ဒဏ်ရာသာ ရခဲ့သည်။

"တော်တော်ရက်စက်ပြီး … အကျင့်ယုတ်တဲ့ မိန်းမကွာ၊ ငါ့ကို တမင် ဒုက္ခရောက်အောင် ပညာပေးလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ငြိမ်လာသောအခါ မျက်ရည်များလည်း သွေ့ခြောက်စ,ပြုလာသည်။

"စိတ်ချပါ ကိုနေ ... ကျွန်မ သူ့ကို မယုံပါဘူး ... ကိုနေ ဘာမှစိတ်မပူနဲ့ ... ကိုနေနဲ့ကျွန်မရဲ့ မင်္ဂလာပွဲဟာ ဘယ်လိုအကြောင်းမျိုးနဲ့မှ မပျက်နိုင်ဘူး ...

အခုပဲ ဖိတ်တယ်ဒိတ်ရော၊ ဖိတ်စာရိုက်တာရော ပြီးခဲ့ပြီပဲ ... ကိုနေ ဘာကိုစိုးရိမ်နေတာလဲ ..."

ဟု သူမက ထိန်းပြီးပြောလိုက်သည်။ လင်းနေသည် သူမ၏ လက်ဖဝါးတစ်ဖက်ကို နွေးထွေးလုံခြုံသော လက်များဖြင့် ဖိအုပ်ဆုပ်ကိုင်ထားရင်း ...

"ကိုယ့်ဘဝမှာ ဂုဏ်သိက္ခာဆိုတာကို ဘယ်တော့မှ မပွန်းရှ၊ မထိခိုက်မိအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တာပါ စာမရီ ..."

ဟု ပြောလေသည်။ သူမက ပြုံးပြီး ...

"စိတ်ချပါကွယ်၊ ကိုနေ့ဂုဏ်သိက္ခာကို စာမရီ့လက်နဲ့ မဖွဲ့မိစေရပါဘူး ... ကတိပေးပါတယ် ..."





"ကျေးဇူးတင်တယ် စာမရီ ... ဒီနေ့ နားလိုက်တော့၊ အိမ်ပြန်လိုက်ပို့ပေးမယ် ... မနက်ဖြန် ... ကိုယ်ရဲ့ အိမ်အသစ်ကလေး စာမရီ့ကို လိုက်ပြမယ် ... ပရိဘောဂတွေ စာမရီ့စိတ်တိုင်းကျ လိုက်ဝယ် ... ပြီးတော့ သတို့သမီး၊ သတို့သားဝတ်စုံချုပ်ဖို့နဲ့ မိတ်ကပ် ... ပန်းအလှပြင်ဖို့ သွားရမယ် ... တီးဝိုင်းနဲ့အဆိုတော်တွေ ငှားဖို့ရယ် မှတ်တမ်းတင်ဗီဒီယိုနဲ့ ဓာတ်ပုံအတွက် သွားပြောရမယ် ..."

ဟု သူက အစီအစဉ်တွေဆွဲဆဲ ...။ လင်းနေ လောက် နေရာတကာ အကွက်စေ့တာ ... ထောင့်စေ့တာ မရှိတော့ဟု သူမ ထင်သည်။

သူမ အိမ်သို့ရောက်လျှင် ...

"ကဲ ... စာမရီ နားတော့နော်၊ ကိုယ် မဝင်တော့ဘူး"

ဟု လင်းနေက နှုတ်ဆက်ကာ ပြန်သွားသည်။ သူမ တကယ်ပဲ စိတ်မောပန်းနုံးချိနေတာ သေချာပါသည်။ ရေနွေးစိမ်ရင်း အနားယူဖို့ ပြင်ဆင်ဆဲ ဖုန်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



Gift Shop မှ ကောင်မလေးဖြစ်သည်။

"မမ ... ဗန်ကောက်ကမှာထားတဲ့ ပစ္စည်းတွေ ရောက်ပြီ တဲ့ ... မင်္ဂလာဆောင်ပြန် ကမ်းမယ့် လက်ဆောင် အရုပ်ကလေးတွေလေ ... အခု ရှစ်ရာ ..."

"သြော် ... အေး အေး ... စာရင်းစာအုပ်ထဲမှာ မှာထားတဲ့ အမျိုးသမီး စပ်နန္ဒီရဲ့ ဖုန်းနံပါတ် အစ်မကို ရှာပေးစမ်းပါ ... သူ့ကို ဖုန်းဆက်ရမယ် ..."

ကောင်မလေးက ဟဲန်း(ဒ်)ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြပါသည်။ သူမသည် ထိုဖုန်းနံပါတ်သို့ ချက်ချင်းပင် ဆက်သွယ်လိုက်သည်။

"ပြောပါ ..."

"Especially For You Gife Shop ကပါ ... ကျွန်မ စာမရီပါ ... စပ်နန္ဒီ ... မှာထားတဲ့ လက်ဆောင်ပစ္စည်း ကလေးတွေ အခုရှစ်ရာ ရောက်လာပါပြီ ... မနက်ဖြန်ဆို ဆိုင်မှာ လာယူလို့ရပြီဆိုတာ အကြောင်းကြားတာပါ"

"သြော် ... စာမရီလား ... အိုကေ ... အိုကေ ...





လာယူတာပေါ့ ... ဒီမှာ ကိုယ်လည်း အလုပ်နည်းနည်း ရှုပ်နေတယ် ... မင်္ဂလာကိစ္စလေ ... ထွင့်ညီက မင်္ဂလာ မွဲကို ခပ်မြန်မြန်ကလေး လုပ်ချင်တယ်ဆိုတာနဲ့ ဟင်း ဟင်း ဟင်း ..."

တစ်ဘက်က ခနိုးခနဲ့အသံကြောင့် သူမ ရင်ထဲသို့ ရေခဲရေနှင့် လှမ်းပက်လိုက်သလို အေးခဲထုံကျဉ်သွား၏။

ကြည့်စမ်း ... ထွင့်ညီဟာ တစ်ဘက်မှာ စပ်နန္ဒီနဲ့ လက်ထပ်ဖို့ တိတ်တဆိတ် ကျိတ်စီစဉ်နေရင်းကတောင် သူမကို ဖြားယောင်းနှောင့်ယှက်နိုင်သေးသည်။ ဘယ်လောက် အံ့သြစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါလဲ ...။ နာကြည်းမှု အစိုင်အခဲသည် ... မီးတောင်တစ်ခုပမာ ... ပေါက်ကွဲလုမတတ် ဖြစ်လာသည် ...။

"ဒါပဲနော် စာမရီ ... ကျေးဇူးပါပဲ ... ဖိတ်စာရမှပဲ ဖိတ်တော့မယ်"

ဟုဆိုကာ တစ်ဘက်မှ ဖုန်းချသွားသည်။ သူမ ရင်ထဲတွင် ဆတ်ဆတ်ခါနာကျင်လျက် ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ညီကို ဘယ်တုန်းကမှ မကြောက်ဖူးသော အကြောက်တစ်မျိုးဖြင့် ကြောက်ရွံ့စက်ဆုပ်လာသည် ...။

သူ့ကို ယုံကြည်မိတော့မတတ် မိုက်မှားတော့မည့် နှလုံးသားကို အချိန်မီစွာပင် ပြင်ဆင်ထိန်းချုပ်လိုက်နိုင်လေသည်။





## အခန်း(၁၀)

ပြင်းထန်တကာ့ အပြင်းထန်ဆုံးတွင် ... တစ်သက်လုံးက
န်းသိမ်းမြှင့်တင်ခဲ့သော ဂုဏ်သိက္ခာကို တစ်ယောက်ယောက်
 ရည်ရွယ်ချက်တစ်မျိုးဖြင့် ထိပါးစော်ကားခဲ့တာကို ခံရခြင်း
စ်သည် ...။

အဲဒီနေ့သည် ထွင့်ညီဆီက မမျှော်လင့်သော
သီးစက်ဆုပ်ဖွယ် အမှန်တရားဆိုတာကို သိမြင်လိုက်ရ
သည့်နေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မိစပ်ကို တစ်ခုဝန်ခံမှ ဖြစ်တော့မယ် ... ဝန်ခံရရင် ဒီအမှားကြီးထဲမှာ မိစပ်ရော ကိုယ်ပါ နစ်မြုပ် နေဦးမှာပဲ ...

စာမရီကို တကယ်ဆုံးရှုံးရတော့မယ်ဆိုတာ သိမှပဲ သူ့ကို ကိုယ် ဘယ်လောက်ချစ်နေခဲ့တယ်ဆိုတာ သိလိုက်ရတယ် မိစပ် ... ကိုယ် သူ့ကို လုံးဝအဆုံးရှုံး နိုင်လောက်အောင်ကို တစ်ဘဝလုံး ဘဲ ချစ်တာ ..."

ဟု သူက ဖွင့်ပြောခဲ့စဉ်က ... စပ်နန္ဒသည် မာနဖြင့် ခေါင်းက ဆတ်ခနဲ ထောင်သွားခဲ့သည်။

"ထွင့်ညီ မင်း ဘယ်လိုမျက်နှာပြောင်ပုံမျိုးနဲ့ ပြောလို တာလဲ။ ခုအချိန်မှာ တို့က မင်းရဲ့ လက်ရှိချစ်သူ မင်းရဲ့ old flame (ရည်းစားဟောင်း)ကို အဆုံးရှုံး နိုင်လောက်အောင် ငြိတွယ်နေပါတယ်ဆိုတော့ တို့ ဘာဖြစ်သွားသလဲ ... တို့က ဘာလဲ ... တို့က ဘာ ပေးရမှာလဲ ..."

ဟု ဆတ်ဆတ်ထိမခံနိုင်သံဖြင့် သူမ ပြောလို





ဝန်ခံသည်။ သူ့မျက်လုံးများတွင် သူမအပေါ် အားနာငဲ့ညှာသော အရိပ်မျိုး သူမ မတွေ့ရပေ။ ရဲဝံ့ပြတ်သားသော မာကျောမှုတစ်မျိုးကို သူမ ရင်ဆိုင်ရသည်။ သူမ၏ မာနသည် ချက်ချင်းပင် တလူလူလွင့်လာတော့သည်။

"ကိုယ် ပြောပြီးပြီလေ ... ကိုယ် မင်းဆီမှာ ဝန်ခံနေတာ ... အစကတော့ ဝန်မခံတော့ဘူးလို့ ဆုံးဖြတ်ထားတာပဲ ... မင်းရဲ့မာနနဲ့ ဂုဏ်သိက္ခာကို စော်ကားမိရာကျမှာစိုးလို့ ...

ဒါပေမယ့် ခုအချိန်မှာ ကိုယ့်အတွက် ထွက်ပေါက် မရှိတော့ဘူး ... ကိုယ် ထွက်ပေါက်တစ်ခုတော့ ရှာမှ ဖြစ်မယ် ... နို့မို့ဆို ချောင်ပိတ်မိသူ တစ်ယောက်ရဲ့ အသက်ရှူရကျပ်ပုံမျိုး ကိုယ် ခံစားနေရလို့ ...

ကိုယ် စာမရီ့ကို မရရအောင် ပြန်ကြိုးစားမှဖြစ်တော့မယ်၊ သူများလက်ထဲပါသွားမှာကို ကိုယ် မကြည့်နေနိုင်တော့ဘူး ...

တကယ်က သူကစပြီး သစ္စာဖောက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ကိုယ်တို့နှစ်ယောက်မှာ ကိုယ်ကစပြီး သူ့ကို သစ္စာဖောက်ခဲ့မိတာပါ ... အဲ့ဒါကိုလည်း သူ့ဆီမှာ ကိုယ် ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ပါတယ် ... ဝန်ခံခဲ့မိလို့လည်း ကိုယ်တို့နှစ်ယောက် နှာခေါင်းသွေးထွက်ခဲ့တာ ...”

“ထွန်းညီ မင်း ဘာတွေပြောနေတာလဲ၊ ကိုယ် နားမ ေထာင်ချင်ဘူးနော် ... ကိုယ် ဘာကိုကြားချင်တယ်ဆို တာ မင်း သိပါတယ် ... ကိုယ် ဘယ်လောက်မာနကြီးတဲ့ မိန်းမတစ်ယောက်လဲဆိုတာ မင်း အသိဆုံးနော် ထွန်းညီ”

“အေး ... အဲ့ဒီလို မင်းက မာနသိပ်ကြီးတဲ့ မိန်းမတစ် ယောက်ဖြစ်ခဲ့လို့ ... ကိုယ် စနှမ်းခဲ့တာပဲ၊ မင်းသာ မာနသိပ်မကြီးဘူးဆိုရင် ... မင်းကို ချစ်မိတဲ့၊ ချဉ်းကပ် မိတဲ့ ယောကျ်ားတွေကို စော်စော်ကားကား မငြင်းပယ် ခဲ့ဘူးဆိုရင်၊ ဘယ်ယောကျ်ားမှ ချဉ်းကပ်လို့ ... လောက်အောင် မမာကျော မရင့်သီးခဲ့ဘူးဆိုရင် ဒီဇာတ် လမ်းတွေ ဖြစ်လာစရာအကြောင်း မရှိဘူး မိစဝ် ...”





“ဘာ ... ထွန်းညီ ... မင်း ...”

ရုတ်တရက် သူမတစ်ကိုယ်လုံးသို့ လျှပ်စစ်ဓာတ် တစ်ခု စီးဝင်သွားသလို သူမ ကျဉ်ရှုတုန်ခါသွားသည်။

“ဟုတ်တယ် မိစဝ်၊ ပြဿနာတွေက အဲ့ဒီက စ,ခဲ့တာ ပဲ ... ယောကျ်ားတစ်ယောက်ရဲ့ မာနနဲ့ မခံချင်စိတ်က စတင်ခဲ့တာပဲ ... အားလုံးရှုပ်ထွေးကုန်တာပဲ ...”

“ဩော် ... တို့က အရှုံးဖြစ်ခဲ့တာပေါ့ ... လှည့်စား ခံခဲ့ရတာပေါ့ ... မင်းရဲ့သားကောင် ဖြစ်ခဲ့ရတာပေါ့၊ တို့နှလုံးသားကို တစ်စစီ ခြေမွပစ်မယ့် လူတစ်ယောက် ရဲ့ လက်ထဲကိုမှ တို့ နှလုံးသားကို ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့ အပ်နှင်းပုံအပ်ခဲ့မိတာပေါ့ ...

အချစ်ဟာ ... ကစားနည်းတစ်ခုနဲ့ တူသလား ထွန်းညီ ... မင်း တို့ကိုကြည့်စမ်း ... တို့မျက်လုံးကို ကြည့်ပြီး ... ရဲရဲဝံ့ဝံ့ဖြေစမ်း ...”

ထွန်းညီက ... စက္ကန့်မဆိုင်းပင် သူမကို ရဲဝံ့စူးရှ စွာကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဟာ ကစားနည်းတစ်ခု လုံးဝ မဟုတ်ဘူး မိစင် ... ဒါပေမယ့် မသေချာတဲ့ အလှည့်အပြောင်းတွေ တော့ ပါဝင်တယ်"

ဟု အဖြေပေးသည်။

"အချစ်မှာ လက်စားချေခြင်းဆိုတာရော ရှိသင့်သလား"

သူမက ထပ်မေးသည်။ သူက ပခုံးတစ်ချက် မသိမသာ တွန့်လိုက်သည်။

"မရှိသင့်ဘူး ... အခု ကိုယ်မှားနေတာ အဲ့ဒီစိတ်ကြောင့်ပဲ ... လက်စားချေချင်စိတ် ... အရှုံးတိုက်လိုစိတ် မခံချင်စိတ်တွေက အချစ်ကို ဖျက်ဆီးပစ်ခဲ့တာပဲ ..."

"ဒါပေမယ့် အပေးအယူဆိုတာတော့ ရှိသင့်တယ် ထွန်းညီ ... မင်း တို့ကို အသုံးချခဲ့ပြီးပြီ ... ဒီတစ်ခါ တို့ မင်းကို တစ်လှည့်ပြန်ပြီး အသုံးချရမယ့် အလှည့်ပဲ..."

မင်းအလှည့်ကျရင် မနှဲ့စတမ်းပေါ့ ... တို့ရှေ့က မင်းထွက်သွား ... ထွက်မသွားခင် သေသေချာချာ နားထောင်သွားစမ်းပါ ထွန်းညီ ... မင်းကို တို့ မပိုင်





မရသလို၊ မင်းချစ်သူကိုလည်း မင်း တစ်သက်လုံး ဘယ်တော့မှ မရစေရဘူး ထွန်းညီ ... ဒါ တို့ရဲ့ ကျိန်စာပဲ ... တို့က အဆိပ်မဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်တာ သေချာတယ် သိလား ... မင်း သိစေရမယ်"

ထို့နောက်မှစ၍ စပ်နန္ဒီ၏ ပုံပြင်ကလေး စတင်ခဲ့တာဖြစ်သည်။ ပုံပြင်ကလေး၏ အဓိက လားရာမှာ စာမရီ့ဆီသို့ ဖြစ်လေသည်။

စာမရီသည် ထွန်းညီကို အမြဲနာကြည်းနေရမည်။ ခွင့်မလွှတ်နိုင် ဖြစ်နေရမည်။ ထွန်းညီက စာမရီ့ကို အမြဲလှည့်ဖြားလိမ်လည်နေသည် ... ဟု သူမ ယုံကြည်နေရမည်။

ထိုပုံပြင်ကလေး ပီပြင်အသက်ဝင်ဖို့ သူမ များများ စားစား မစိုက်ထုတ်ရ၊ မရင်းနှီးမမြှုပ်နှံရ။

ငွေတစ်သိန်းနှင့် ... ယုတ္တိရှိရှိ စကားလုံးတစ်ချို့သာ သူမ ရင်းနှီးစိုက်ထုတ်ရလေသည်။ စာမရီ့နှလုံးသားကို တည့်တည့်ထိမှန်သော ပုံပြင်ကလေးလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေများသည် ... ပေါက်ကွဲမှုတစ်ရပ်ဖြစ် ထွန်းရန်အတွက် လောင်စာများ စုပုံခဲ့သလို တရိပ်ရိပ် တင်းမာလာခဲ့သည်။ ထိုမနက်ပိုင်းတွင် စာမရီသည် Especially For You။သို့သွားကာ ... စဝ်နန္ဒီ မှာထားသော ကြွေရုပ်ကလေးများကို သူမကိုယ်တိုင်ပေးဖို့ စောင့်နေလိုက်သည်။ လင်းနေက ...

"ကိုယ်တို့လည်း အားတာမဟုတ်ဘဲနဲ့ကွာ ... ဒီပစ္စည်းကို ဘာလို့ ကိုယ်တိုင်ပေးချင်ရတာလဲ ... ဆိုင်က မိန်းကလေးတစ်ယောက်ကို မှာထားလိုက်လည်း ရတာပဲ ..."

ဟု ဆိုသေးသည်။ သူမက ...

"ကိုနေ မမြင်ဘူးလား၊ ထွန်းညီက ဆိုင်ရှေ့မှာ အဆင်သင့်စောင့်နေတာ ... သူ ဒီနေ့လည်း ကျွန်မတို့ သွားတဲ့





နောက်ကို တကောက်ကောက်လိုက်ပြီး နောင့်ယှက်ဦးမှာပဲ ... ဒီနေ့ သူ့မိန်းမ ပစ္စည်းလာယူရင် သူနဲ့တွေ့မယ်၊ အဲ့ဒီအချိန်မှာ ကျွန်မတို့ သူ့ကို မျက်ချည်ဖြတ်ပြီး ထွက်ကြမယ် ..."

ဟု ဆင်ခြေတက်လိုက်သည်။ ထင်သည့်အတိုင်း ဖြစ်မလာခဲ့ဘဲ စဝ်နန္ဒီက ပစ္စည်းတွေကို ကိုယ်တိုင် လာမယူဘဲ တခြားလူတစ်ယောက်ကိုသာ လွှတ်လိုက်လေသည်။ စဝ်နန္ဒီက ဖုန်းနှင့်ဆက်ပြီး ...

"ဆောရီးပဲ စာမရီ ... တို့ မင်္ဂလာဆောင်အတွက် တခြားချိန်းထားတာလေးတွေ ရှိနေလို့ မလာနိုင်တော့ဘူးကွယ်၊ လူတစ်ယောက် လွှတ်လိုက်မယ်၊ သူ့ကိုသာ ပေးလိုက်ပါ ..."

ဟု ပြောသည်။

"ကျွန်မတို့ဆိုင်ရှေ့မှာ ... ထွန်းညီ ရောက်နေတယ် ... သူ့ကို ပေးလိုက်ရင်ရော ဖြစ်မလား မစဝ်နန္ဒီ"

"ဟင့်အင်း၊ သူ့ကို မပေးနဲ့၊ ဒီကိစ္စတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လွဲထားတာ၊ သူ့ အခုစိတ်ဝင်စားနေတာက စာမရီတို့နှစ်ယောက်ကို နှောင့်ယှက်ဖို့ပဲ ...”

“လုံးဝကို အဓိပ္ပာယ်မရှိဘူး”

စာမရီသည် ... စိတ်မျက်ကျဉ်ရှစွာ ဖုန်းချပစ်လိုက်သည်။ စာမရီ့ကို နှောင့်ယှက်မည့် အကြံအစည်ကိုပင် စပ်နန္ဒီ သိပြီးဖြစ်နေပြီဆိုတော့ ... သူဟာ ဘယ်လောက်ပွင့်လင်းရက်စက်သလဲ ...

“ကိုနေ သွားကြစို့ ... စပ်နန္ဒီ မလာတော့ဘူး ...”

“ကိုယ် ပြောသားပဲ၊ စာမရီက အချိန်ဖြုန်းတာကိုး”

လင်းနေနှင့်အတူ စာမရီ ထွက်လာခဲ့သည်။ ထွင့်သည် ရှေ့သို့ရောက်လာကာ ...

“စာမရီ၊ မင်း ရှေ့ဆက်ပြီး ဘာမှမလုပ်နဲ့တော့လို့ ငါ ပြောနေတယ်နော် ...”

ဟု အေးခဲသောအသံဖြင့် ပြောသည်။ သူမက ပို၍နာကြည်းလာခဲ့ကာ ...

“ဖြစ်နိုင်ရင် ငါက ဒီနေ့ချက်ချင်းတောင် နှစ်ဦးသဘော





တူ လက်ထပ်လိုက်ချင်တာ၊ နင် နားလည်လား ထွင့်ညီ၊ နင် ငါ့ရှေ့က ဖယ်လိုက် ... နင့်မျက်နှာကို ငါ လုံးဝ မမြင်ချင်ဘူး ... နင့်ဇာက်ဖဲကို ငါ မသိဘူး များ နင် ထင်နေသလား ... နင် သိပ်ကောက်ကျစ်ယုတ်မာတယ် ထွင့်ညီ ... နင်နဲ့ ချစ်သူဖြစ်ခဲ့ဖူးတာကိုတောင် ငါ့ကိုယ်ငါ စက်ဆုပ်လို့ မဆုံးတော့ဘူး ...”

“ဘာတွေပြောနေတာလဲ၊ ငါ ဘာကောက်ကျစ်ယုတ်မာလို့လဲ၊ ငါ စွန့်ပစ်လိုက်မိတဲ့ ငါ့ချစ်သူကို ငါ အချိန်မရွေး ပြန်ကောက်ယူခွင့် ရှိတယ် ...

ဘာတွေလဲ၊ ဘာဇာက်ဖဲတွေလဲ ... ငါ့မှာ ဘာဇာက်ဖဲတွေမှမရှိဘူး ... ငါ လိုချင်တာ တစ်ခုပဲရှိတယ် ... အဲဒါ နင်ပဲ ... နင့်ကို ငါ အဆုံးရှုံး မခံနိုင်ဘူးလို့ ဘယ်နှခါ ငါ ပြောရမလဲ ...”

“တောက် ... မင်း တော်တော်တရားလွန် စော်ကားနေပြီ ထွင့်ညီ၊ မိန်းမတစ်ယောက်ဟာ စွန့်ပစ်ချင်တိုင်း စွန့်ပစ်ပြီး ... အချိန်မရွေး ပြန်ကောက်ချင်တိုင်း ပြန်ကောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ရတဲ့ ပစ္စည်းတစ်ခု မဟုတ်ဘူးကွ ... နားလည်လား၊ သူ့မှာ ခံစားချက်ရှိတယ် ... နာကြည်းချက်ရှိတယ် ... အမှတ်သည်းခြေရှိတယ် ...

မင်းလည်း မင်းဘဝနဲ့မင်း ဖြစ်နေပြီ ... ငါတို့ကို သဲနဲ့ လိုက်ပက်နေတာကို ရပ်တန်းကရပ်လိုက်ပါတော့"

"မင်း ဝင်မပါနဲ့ ဟောကောင်၊ မင်းအသံ ငါ မကြားချင်ဘူး ... စာမရီ ... နင် ငါ့ကို ဒီနေ့တစ်နေ့ပဲ အချိန်ပေးပါ ... နင်နဲ့ငါကြားက အဖုအထုံးတွေ ... အရောင်ရင့်ရင့်တွေကို ... ငါ ကြိုးစားပြီး ဖြေခွင့် ဖျက်ခွင့်ပေးပါ ... နင်နဲ့ငါ ညှိကြမယ် ... ဒီတစ်ရက်ပဲ ငါ့ကို အချိန်ပေးစမ်းပါ ..."

"လုံးဝ မဖြစ်နိုင်ဘူး ... မဖြစ်နိုင်တော့ဘူး ထွန်းညီ၊ နင့်ပုံပြင်ကို ရပ်လိုက်တော့ ... ငါ နားခါးလှပြီ ... နင်လဲ လွတ်မြောက်ခဲ့ပြီးပြီ၊ ငါ့ကိုလဲ လွတ်မြောက်ခွင့်ပေးပါတော့ဟာ ... ငါ မောလှပြီ သိလား ..."

"ငါ ဘယ်မှာလွတ်မြောက်လို့လဲ၊ နင့်နှလုံးသားနဲ့





ငါ့နှလုံးသား ချည်နှောင်ထားသရွေ့ ငါ မလွတ်မြောက်သေးဘူး စာမရီ၊ နင် ဘယ်လောက်ပဲ ဟန်ဆောင်ထားထား ... နင် ငါနဲ့ မပြတ်သေးဘူးဆိုတာ ... နင့်မျက်လုံးတွေကို ဟန်ဆောင်လို့မရဘူး ..."

"တောက် ... ပြဿနာပဲကွာ ... စာမရီ ... လာ ... ကား ပေါ်တက်တော့ ... ကိုယ် သည်းခံနိုင်တဲ့စည်းကျော်နေပြီ ..."

လင်းနေသည် စာမရီ့လက်ကို ခပ်တင်းတင်းဆွဲကာ ကားပေါ်သို့ တက်သည်။

"ဒီကောင် ဘာဖြစ်ချင်တာလဲဆိုတာ ကိုယ်သိတယ် စာမရီ ... ကိုယ့်ကို စိတ်ပျက်ပြီး နောက်ဆုတ်သွားစေချင်တာ ... ကိုယ်နဲ့စာမရီ မင်္ဂလာမဆောင်ဖြစ်အောင် လိုက်ဖျက်နေတာ ..."

"ကျွန်မ သိသားပဲ ကိုနေ ..."

"ဒီပုံအတိုင်းဆို လက်ထပ်တဲ့အထိ သူ လိုက်နှောင့်ယှက်နေဦးမှာပဲ ... မထူးတော့ပါဘူးကွာ ... စာမရီကို



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ ကိုယ် ခိုးပြေးတော့မယ် ... ဒီကောင်က ဆိုင်ကယ်လ်ပဲ၊ ဘယ်အထိလိုက်နိုင်မလဲ ... ကိုယ်တို့ နှစ်ယောက် ခိုးပြေးပြီး လက်ထပ်လိုက်ကြမှ ဒီကောင့် ရန် အေးသွားမယ် ...”

“ဖြစ်ပါ့မလား ကိုနေရယ်၊ မိဘတွေက စိတ်ဆိုးကြမှာပေါ့ ... လက်ထပ်ဖို့ ဒီလောက်ကြည်ဖြူလိုက်လျော ထားပါရက်နဲ့ ခိုးပြေးကြတယ်ဆိုရင် သူတို့ကို စော်ကားသလို ဖြစ်မှာပေါ့ ...”

“လက်ထပ်မယ့် အချိန်အတွင်း ထွဋ်ညီ ဆိုတဲ့ ကောင်က စာမရီ့ကို ကားတင်မပြေးဘူးလို့ ကိုယ် စိတ်ချမထားနိုင်ဘူး စာမရီ၊ ခုတောင် ဒီလောက်လိုက် နှောင့်ယှက် နေတာ မင်းအမြင်ပဲ ...

အချိန်မရွေး သူ ဒုက္ခပေးနိုင်တယ် ... အဲဒီတော့မှ ကိုယ် ရင်ကျိုးရမှာ စာမရီ၊ ကိုယ် လက်ဦးမှု ရထားချင် တယ် ... ဒီကောင့်ကို ကိုယ် စိတ်မချတော့ဘူး၊ သူ တစ်ခုခု မလုပ်ဘူးလို့ မပြောနိုင်ဘူး ... ဒီတစ်ရက်တည်း





ပါ စာမရီရယ် ... ကိုယ်တို့နှစ်ယောက် ပြည့်လောက် အထိ သွားကြမယ် ... ဟိုမှာ နှစ်ဦးသဘောတူ လက်ထပ်ကြမယ် ... မနက်ဖြန်ကျတော့ ပြန်လာကြတာ ပေါ့ ... ကိုယ်တို့ စေ့စပ်ထားပြီးသားပဲ ... ဒီကောင် မိုက်ရူးရဲကို ကိုယ် စိတ်ချမထားနိုင်ဘူး ...”

လင်းနေက ခံစားချက်တွေ ပြင်းပြင်းထက်သန်လာ သည်။ သူမ နောက်သို့ လှည့်ကြည့်မိတော့လည်း ... ထွဋ်ရဲ့ ဆိုင်ကယ်လ်ဖြင့် ကပ်ပါလာတာကို မြင်ရသည်။

စာမရီ့ ရင်ထဲတွင် တစ်ခုခုကို စိုးရိမ်ကြောက် သန့်နေသော ကြောက်စိတ်သည် ပြန်လည်ဦးမော့လာသည်။ အထူးသဖြင့် လေးနှစ်ကျော် ပတ်သက်ချစ်မြတ်နိုးခဲ့သော ထွဋ်ရဲ့ တစ်ဖွတ်ထိုး၊ တံခေါက်ကန်း အရွဲ့တိုက်တတ်သောစိတ် ကို သူမ ကောင်းစွာကျေညက်ခဲ့ပြီး ဖြစ်သည်။

လက်ထပ်မည့် ရက်ပိုင်းအတောအတွင်းမှာ ... သူ တစ်ခုခု မကြံစည်ဘူးဟု သူမ အာမ,မခံနိုင်။ ထွဋ်သည် ခန့်မှန်းရယူလိုသောဇော ပြင်းထန်လျက်ရှိသူ ဖြစ်သည်။ ဘာမ



www.burmeseclassic.com

www.burmeseclassic.com



ဆို လုပ်ရဲ့သူ၊ လုပ်ဝံ့သူ ... ဘယ်သူ့မျက်နှာကိုမှ ထောက်ထား ငဲ့ညှာမည့်သူ မဟုတ်တာကို သူမ အလွတ်ရခဲ့ပြီ ဖြစ်သည်။ သူမ ကိုယ်တိုင်ပင် ထွန်းကို စိတ်မချနိုင်။ ထွန်းသည် ... မစား ရမယ့်အမဲ သဲနဲ့ပက်ဖို့လည်း ဝန်မလေးသူ ဖြစ်သည်။

"ကဲ ... ကိုနေ့ သဘောပဲကွယ်၊ ကျွန်မ မတားချင်တော့ဘူး"

"အိုကေ ..."

လင်းနေသည် ... ပြင်းပြထက်သန်သော ပျော်ရွှင်ခြင်းဖြင့် ကားကို အရှိန်မြှင့်လိုက်သည်။ ထွန်းညီ၏ ဆိုင်ကယ်လ်သည် ... ထပ်တူညီမျှသော အရှိန်ဖြင့် ထက်ကြပ်လိုက်ပါလာလေသည်။

ကားသည် မြို့ထဲမှထွက်ပြီး ပြည်လမ်းတောက် လျှောက် ထွက်လာခဲ့ပြီဆိုလျှင် ထွန်းညီလည်း ရိပ်မိလောက်ပြ

ဆိုင်ကယ်လ်သည် ကားကို ကျော်တက်လာကာ ကားရှေ့မှ အမျိုးမျိုး နှောင့်ယှက် ကာဆီးလာတော့သည်။ လင်းနေက ကျော်တက်သွားလိုက် ... အရှိန်ကိုမြှင့်လိုက် ...





ထွန်းညီက ကျော်တက်လာလိုက် ... ရှေ့ကနေ မြွေလိမ်မြွေကောက်သဖွယ် ဆိုင်ကယ်လ်ကို ကစား၍ ... မောင်းလို့မရအောင် နှောင့်ယှက်လိုက်နှင့် ... အမျိုးမျိုးလုပ်နေကာ အခြေနေသည် တစ်စထက်တစ်စ တင်းမာပေါက်ကွဲလာသည်။

"တောက် ... ဒီကောင် ရှေ့ကနေ သက်သက်ရန်စနေတာတွေ့လား ..."

"ရှောင်မောင်းပါ ကိုနေရယ် ... အသည်းယားစရာကောင်းလိုက်တာ ... ဒုက္ခပါပဲ ..."

"မောင်းလို့မှ မရတာကွာ ... ရှေ့ကနေ အမျိုးမျိုးနှောင့်ယှက်နေတာ ... ဆင်းပြီးရိုက်လိုက်မှပဲ ... ပြဿနာအေးသွားမှာပဲ ..."

"မလုပ်နဲ့ ... မလုပ်နဲ့ ကိုနေ ..."

တဖြည်းဖြည်းနှင့် ကားသည် ထောက်ကြန့်လွန်းလာသည်။ လင်းနေသည် အရှိန်ကို ပိုမြှင့်၍ မောင်းသည်။ ထွန်းသည် မရမကကျော်တက်၍ ရှေ့မှ အမျိုးမျိုးနှောင့်ယှက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ နှလုံးသားထဲ ထူမှုဆူပွက်လာသည်။ တခ
ခုခု ဖြစ်တော့မည် ဟူသော ... အန္တရာယ်အချက်ပေး ခေါင်း
လောင်းသည် ခေါင်းထဲမှာ ဆူညံစွာ မြည်ဟည်းလျက်ရှိ
သည်။

အဖြစ်အပျက်သည် ထိုခဏတွင် လျှပ်တပြက်
အတွင်း လျင်မြန်စွာ ဖြစ်ပျက်သွားသည် ...။

တစ်ကြိမ်တွင် သူတို့နှစ်ယောက်စလုံးရဲ့ ရှေ့
ကားကြီးတစ်စင်းကို ကျော်တက်စဉ် ... ထွန်းညီ၏ ဆိုင်ကယ်
က အရင်ကျော်တက်သွားပြီး ... သူ့နောက်မှ လင်းနေ
လိုက်ကျော်သည်။ လင်းနေသည် ထွန်းညီကိုပါ တစ်ခါတည်း
ကျော်ဖို့ စိတ်ကူးဖြင့် အရှိန်ကို အရမ်းမြှင့်ထားသည်။ ထို
အချိန်တွင် မျက်နှာချင်းဆိုင်မှ ကားတစ်စင်းလည်း အရှိန်ပြင်း
ဝင်လာသည်။ ထွန်းရဲ့ ဆိုင်ကယ်လ်သာ မရှိလျှင် ကားကြီး
သို့ အသာတိုးဝင်လို့ ရပါသော်လည်း ... ထွန်းညီက ဆိုင်
ကယ်လ်ကို မဖယ်ပေးဘဲ ပိတ်မောင်းနေသည် ...။ မျက်
ချင်းဆိုင်တည့်တည့်မှ ကားက ဝင်လာနေပြီ ...။





"ကိုနေ ... ဘယ်ဘက်ဘေးကို ဆွဲချလိုက်တော့ ...
ရှောင်တော့ ... မလွတ်တော့ဘူး ကိုနေ ..."

စာမရီသည် မျက်လုံးများ ပြာဝေလာကာ လည်
ချောင်းကွဲမတတ် အော်ဟစ်သတိပေးလိုက်သည်။ ဒီတော့မှ
ကိုနေက သတိဝင်လာကာ၊ ဘယ်ဘက်သို့ ကားကို တအား
ဆွဲချသွားသည်။ ဖြစ်ချင်တော့ ထိုဘယ်ဘက်တွင် ကုက္ကိုပင်
ကြီးတစ်ပင် ရှိသည်။

"အား ... သွားပြီ ..."

စာမရီသည် မျက်လုံးစုံမှိတ်ကာ ... တအားကျယ်
အော်လိုက်သည် ...။ ပြင်းထန်လှသော တိုက်ခိုက်သံကျယ်ကြီး
ကို သူမ ကြားလိုက်ရသည် ...။ လင်းခနဲပွင့်ထွက်လွင့်စင်ပြီး
မှ ... မှောင်မိုက်တိတ်ဆိတ်သွားတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

သူမ သတိရချိန်တွင် သူမ ပထမဆုံး မြင်ရသည့် မျက်နှာ... ထွန်းညီ၏ စိုးရိမ်တကြီးမျက်နှာ ဖြစ်သည်။

"စာမရီ ... စာမရီ ..."

ဟု သူတတွတ်တွတ် ခေါ်နေသည်။

"ကိုနေရော၊ ကိုနေ ..."

သူမ တစ်ကိုယ်လုံး နာကျင်တုန်လှုပ်နေသည်... ဦးခေါင်းတစ်ခုလုံး အစိပ်စိပ်ကွဲအက်ဖြာထွက်နေသလို ... ခဲနာကျင်နေသည်။





"နင့်ကိုယ်နင်သာ ဂရုစိုက်စမ်းပါ စာမရီ ... အခု နင် တိုက်နယ်ဆေးရုံကလေးပေါ်မှာ ... ဖြစ်ဖြစ်ချင်း နင့်ကို ဆိုင်ကယ်လ်ပေါ်တင်ပြီး ဆေးရုံကို ငါ အမြန်ဆုံး ခေါ်လာတာ ... ဟိုကောင်ကို ငါ စိတ်မဝင်စားဘူး၊ သူ သေသေ၊ ရှင်ရှင် ငါ ဂရုမစိုက်ဘူး ... ငါ ဂရုစိုက်တာ နင်ပဲ စာမရီ ... ငါ စိုးရိမ်တာ နင်ပဲ ..."

သူမသည် နာကျင်လွန်းသဖြင့် ... မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။ အံကိုတင်းတင်းကြိတ်ထားမိသည်။

"နင် သူ့ကို သတ်တာပဲ၊ နင် သူ့ကို ပစ်ထားခဲ့တာ နင့်မှာ လူစိတ်မှ ရှိရဲ့လား ထွန်းညီ ... ဒီ accident ဖြစ်ရတာလဲ နင့်ကြောင့်ပဲ ... အားလုံး နင် တရားခံပဲ၊ ကိုနေ တစ်ခုခုဖြစ်လို့ကတော့ နင့်ကို ငါ တစ်သက်လုံး ခွင့်မလွှတ်ဘူး ... သေတဲ့အထိ ခွင့်မလွှတ်ဘူး မှတ်ထား"

"ငါ့ဆိုင်ကယ်လ်နဲ့ ဘယ်လိုလုပ်ပြီး နှစ်ယောက်စလုံး ကို ကယ်လို့ရမလဲ စာမရီ ... ငါ တစ်ယောက်ကိုပဲ ရွေးချယ်ပြီး ကယ်ရမှာ ... နင့်ကိုပဲ ငါ ရွေးချယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ဒီဆေးရုံရောက်မှ ငါ အကျိုးအကြောင်း ပြောပြရတယ် ... သူတို့ ကားလွှတ်ပြီး သွားသယ်နေပြီ ထီတာက ဒီကောင့်ဘက်နဲ့ သစ်ပင်နဲ့ တိုက်မိတာ၊ နင့်ဘက်က လွှတ်နေတာ ... ဒီကောင့်ဒဏ်ရာက ပိုပြင်းပုံရတယ် ...”

“တော်တော့ ... ဆက်မပြောနဲ့တော့ ... ငါ နင့်အသံကို ဆက်ကြားနိုင်စွမ်း မရှိတော့ဘူး ... ငါ သူ့ကို စိတ်ပူတယ် ... ငါ လိုက်သွားချင်တယ် ...”

စာမရီသည် ပုပ်နံဇောဖြင့် ... ခုတင်ပေါ်မှ ကြိုးရုန်း၍ ထသည်။ မရ ...။ ဦးခေါင်းသည် ထက်ခြမ်းခွဲခံ လိုက်သလို နာကျင်ပြင်းပြသွားလေသည်။

“မရဘူး စာမရီ ... နင်က ခေါင်းနဲ့ ထိမိထားတာ ... ဆေးရုံကား သွားခေါ်နေပြီဆိုနေမှပဲ ... နင့် စိတ်အေးအေးထားစမ်း ...”

သူမ ဘယ်လိုမှ စိတ်မအေးနိုင်ပါ။ ကောင်းနေ တစ်ခုခုဖြစ်မှာကို စိုးရိမ်ပူပန်လို့ မဆုံးပေ။





စောင့်ရသောအချိန်များသည် ကြာရှည်လွန်းလှသည် ...။

“ငါ ရန်ကုန်ကို ဖုန်းဆက်အကြောင်းကြားလိုက်ပြီ စာမရီ ... နင့် အဖေနဲ့အမေ လိုက်လာလိမ့်မယ်၊ နင် တစ်မှေးလောက် အိပ်လိုက်ပါလား”

“ငါ မအိပ်နိုင်ဘူး ... ကိုရွှေ့ အခြေအနေကို ငါ မသိရမချင်း ဘယ်လိုမှ အိပ်လို့မရဘူး ... သိလား ထွေး၊ ညီ”

“ကျစ်”

ထွေးရှ်က မျက်မှောင်ကြုတ်၍ ကျွတ်ခေါက်ကာ သူမကို စိတ်မရှည်နိုင်သော အကြည့်မျိုးဖြင့် ကြည့်သည်။ သူမက မျက်လုံးများ မှိတ်ထားလိုက်သည်။ ရင်မောလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စောင့်မျှော်ရသော အချိန်သည် တစ်ချိန်တော့ ရောက်လာလေသည်။ ရုတ်ရုတ်သဲသဲ အသံများ၊ ထရော်လီသံနှင့် လူသံများကို ကြားရသည်။

လူနာက အသက်မရှိတော့ဘူး ... ဟူသော အသံသဲ့သဲ့ကို ကြားရသည်။ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားလေသည်။ စိုးရိမ်လွန်းလို့ အဆိုးဆုံးကို စိတ်ထဲက ကြားမိတာ ဖြစ်မှာပါလေ ... ဟု ဖြေတွေးမိသည်။

သိပ်မကြာပါ။ ဆရာဝန် ရောက်လာသည်။

"ကျန်တဲ့လူတစ်ယောက်ကိုတော့ မကယ်တင်လိုက်နိုင်တော့ဘူးဗျာ ... ကျွန်တော်တို့ ဆေးရုံကား ရောက်သွားချိန်မှာ လူနာအသက်မရှိတော့ဘူး ...





P.M (Post Mortem) လုပ်ကြည့်မှပဲ Cause of death ကို သိမယ် ... အပြင်မှာတော့ သွေးမထွက်အူး ကြည့်ရတာတော့ အတွင်းဒဏ်ရာ တစ်ခုခုရပြီး ကိုယ်တွင်းသွေးယိုစီးမှုကြောင့် ဖြစ်နိုင်တယ် ..."

ဟု ဆရာဝန်က ရှင်းပြလေသည်။

"ကျွန်မ ... ကျွန်မ သူ့ကို ကြည့်ပါရစေရှင် ..."

သူမ တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်လာသည်။

"ဖြစ်နိုင်ရင်တော့ မကြည့်တာ ကောင်းပါလိမ့်မယ်၊ ခင်ဗျားခေါင်းမှာလည်း ထိထားတယ် ... ဒဏ်ရာက စိတ်မချရသေးဘူး ... ကွဲတဲ့ဒဏ်ရာကို ချုပ်ထားပြီးရုံပဲ ရှိသေးတာ ..."

"ဟုတ်သားပဲ စာမရီ၊ သေပြီးတဲ့လူတစ်ယောက်ကို ကြည့်လို့လဲ ... သူ ပြန်ရှင်လာမှာမှ မဟုတ်တာ ..."

ဘယ်သူကမှ သူမကို ကြည့်ခွင့်မပေးချေ။ ဖေဖေနှင့်မေမေတို့ ရောက်လာတော့ ပိုတောင်ဆိုးသေးသည်။ ချက်ချင်းပင် သူမကို ပြန်ခေါ်သွားဖို့ စီစဉ်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့နှင့်အတူ ... လင်းနေ၏ မိဘတွေပါ လိုက်ပါလာကြသည်။

မြန်ဆန်လွန်းလှသော သေခြင်းတရားကို သူတို့ လက်မခံနိုင်ကြ။ အရူးမီးဝိုင်းဖြစ်လျက် ရှိလေသည်။

တာမရီသည် လင်းနေအတွက် နမြောတသ ယူကျုံးမရဖြစ်၍မဆုံး ...။ ထိုသို့ တွေးလိုက်တိုင်း နောက်ဆက်တွဲခံစားချက်မှာ ထွန်းညီကို ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းမျက်ရှုရခြင်း ဖြစ်လေသည် ...။

ထွန်းညီရဲ့ ပယောဂများစွာဖြင့် လင်းနေ သေဆုံးခဲ့ရခြင်း ဖြစ်လေသည်။





နောက်ဆုံးတော့ အရာရာသည် မယုံနိုင်လောက်ဖွယ် အဖြစ်အပျက်များဖြင့် ပြီးဆုံးခဲ့ရလေသည်။ လက်ထပ်တော့မည့်ဆဲဆဲ သေဆုံးခဲ့ရသော သတို့သားလောင်း၏ အဖြစ်ကို ကြားရသူတိုင်းက ရင်သပ်ရှုမော သနားကြင်နာလို့ မဆုံးကြပေ။

တာမရီသည် ... လင်းနေကို ချစ်ခင်စုံမက်ခဲ့သည် မဟုတ်ပေမယ့် ... သူ့ အသက်ရှင်ခဲ့စဉ် ကာလတစ်လျှောက်လုံး သူမအပေါ်တွင် သူမတူအောင် အလိုက်သိကောင်းမွန်ခဲ့သူ၊ သူမ၏ ခံစားချက်များကို နားလည်မှုပေးခဲ့သူ၊ သူမ၏ ဆန္ဒမှန်သမျှကို အနွံတာခံ ဖြည့်ဆည်းပေးခဲ့သူ အနီးစပ်ဆုံး အဖော်ကောင်း တစ်ယောက်အဖြစ် တသသဖြစ်လျက် ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ လူတိုင်း နှမြောတသကြေကွဲရသလိုပင် သူမလည်း ထပ်တူ နှမြောနာကျင်ရလေသည်။

ထိုနှမြောနာကျင်မှုအားလုံးတို့သည် ... ထွန်းညီ အပေါ် အမုန်းအမျက်၊ နာကြည်းမှုအဖြစ်သို့ ပြောင်း လဲသွားလေသည်။ ထွန်းညီသည် သူ့အပြစ်မှန်သမျှအတွက် သူမကို တောင်းပန်ဖို့ အသည်းအသန်ပင် ကြိုးစားအားထုတ်ခဲ့သည်။ သူမက သူ့မျက်နှာကိုပင် မြင်နိုင်စွမ်းမရှိ၊ သူ့အသံကိုပင် ကြားနိုင်စွမ်းမရှိ ...။

သူကတော့ သူမ ကြားနိုင်၊ မြင်နိုင်မည့် နည်းအမျိုးမျိုးကို သုံးခဲ့သည်။ သူ တောင်းပန်သမျှ အသံသွင်းထားသော တိပ်(ပ်)ခွေကို သူမထံသို့ မရောက်ရောက်အောင် ပို့သည်။

သူမက တိပ်ခွေကို သူ့ရှေ့မှာပင် ဖျက်ဆီးပစ်လိုက်သည်။ သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဖို့ထိ သူမ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်ကို သူ သိအောင် ကြေညာသည်။

လင်းနေ အပြစ်မဲ့စွာ သေဆုံးခဲ့ရသော အဖြစ်ကို တွေးမိတိုင်း ... သူမ နှလုံးသားများ အေးစက်မာကျောသွား





တတ်မြဲ၊ သူမ ခွင့်မလွှတ်တတ်တော့ဘူး ... ဟု ကိုယ့်ကိုယ်ကို ထင်မြင်လာသည်။

သူမက ခွင့်မလွှတ်နိုင်လေ ... သူက သူမဆီက ခွင့်လွှတ်ကျေအေးမှုကိုရဖို့ အသည်းအသန် နေ့နေ့ညည ကြိုးစားအားထုတ်လေ ဖြစ်လေသည်။

တစ်ကြိမ်တွင်တော့ သူမတို့ ထိပ်တိုက်ဆုံမိကြသည်။ သူ ... ဟု မမှတ်မိအောင် ရုပ်ဖျက်လာသောကြောင့် သူမ အငိုက်မိကာ ညှော်ခန်းဆီသို့ ဆင်းလာမိသည်။

"စာမရီ ... ငါ့ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါကွာ၊ ငါ တောင်းပန်ပါတယ် ... လင်းနေ သေတဲ့ကိစ္စဟာ ငါနဲ့ ဘာမှ မဆိုင်ပါဘူး ... ဒါပေမယ့် ငါ တမင်သက်သက် လုပ်သလိုဖြစ်ခဲ့တဲ့အတွက် ငါ တကယ် နောင်တရပါတယ် ...

ငါ့ဘဝမှာ နှင့်ကို သိပ်ချစ်လို့ လက်လွှတ်ဆုံးရှုံး မခံနိုင်တာကလွဲရင် အားလုံး အပြစ်ကင်းပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ရုပ်ဖျက်ထားသော နှုတ်ခမ်းမွေးတွေ မျက်မှန်တွေကို ဆွဲချွတ်ပြီး ရုတ်တရက် ဒူးထောက်ချလိုက်ကာ ပြောလေသည်။

"အပြစ်ကင်းတယ် ... ဟုတ်လား ... နင့်ကိုယ်နင် အပြစ်ကင်းတယ်လို့ နင့်ဘာသာ ဖြောင့်ချက်ပေးနေတာ၊ ငါကတော့ လင်းနေကိုသတ်တာ နင်ပဲ ... လို့ တစ်ထစ်ချစွပ်စွဲတယ်၊ နင် တမင်သက်သက် လုပ်ခဲ့တာ၊ နင့်ကိုငါ သိပ်မုန်းတယ်၊ နာကြည်းတယ်၊ နင့်ကိုငါ ခွင့်မလွှတ်တော့ဘူး ... နင် သေတဲ့အထိတောင် ငါ့ဆီက ခွင့်လွှတ်မှု နင် မရစေရဘူး ... ငါ ကျိန်လိုက်မယ် ... မှတ်ထားလိုက် ..."

ငါဟာ နင့်ကို သိပ်ချစ်ခဲ့တဲ့ စာမရီ မဟုတ်တော့ဘူး ထွဋ်ညီ ... နင့်ကြောင့် အပြစ်မဲ့တဲ့ လူတစ်ယောက် သေဆုံးခဲ့ရတဲ့အတွက် ... နင့်ကို ဘယ်တော့မှ မကျေအေးမယ့် စာမရီပဲ ..."

"စာမရီ ... စာမရီ ... ဒီလိုမလုပ်နဲ့ ... အဲဒီလို မလုပ်





ပါနဲ့ဟာ ... ငါ့ကို နင် ခွင့်လွှတ်ရမယ်၊ ဟိုအရင်လို ချစ်သူဘဝ ငါ ပြန်ရချင်တယ်၊ ငါ့ကို ပြန်ပေးပါ ... နင် ခွင့်လွှတ်တာကိုပဲ ငါ လိုချင်တယ် ... တခြားဘာကိုမှ မလိုချင်တော့ဘူး စာမရီ ... ငါ သိပ်ဆိုးခဲ့တယ်၊ မှန်တယ် ... လင်းနေကို သေစေချင်လောက်အောင် ငါ မုန်းတီးရန်ငြိုးထားခဲ့တယ် ... မှန်တယ် ... ဒါပေမယ့် သူ့ကို ငါ သတ်တာမဟုတ်ပါဘူးကွာ ... သူ့ဘာသာသူ သေခဲ့တာပါ ... ငါ့ကို ဒီတစ်ကြိမ်တော့ နောက်ဆုံးအနေနဲ့ ခွင့်လွှတ်နားလည်ပေးပါ ... ငါ တောင်းပန်ပါတယ် ..."

"ခွင့်မလွှတ်ဘူး ထွဋ်ညီ ... ခွင့်လွှတ်လို့မရတော့လောက်အောင် နင့်ကို ငါ သိပ်မုန်းသွားခဲ့ပြီ ... နင်နဲ့ ငါ ဘယ်တော့မှ ခွင့်လွှတ်ကျေအေးလို့ မရနိုင်တော့ဘူး၊ ငါက အစွန်းတစ်ဘက်မှာ ရောက်နေပြီ ..."

သူ့မျက်လုံးထဲတွင် မယုံကြည်နိုင်မှု၊ နာကျင်ကြေကွဲ စိုးရွံ့မှုများကို သိပ်သည်းစွာ သူမ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ရောင်သမ်းလက်လာသော သူ့မျက်လုံးများကို သူမ ကျောခိုင်းပစ်လိုက်သည်။

“နှင် ... ငါနဲ့ အဝေးဆုံးမှာ နေပါ၊ လမ်းမှာတွေ့ရင်တောင် ငါ့ကို နှုတ်မဆက်ပါနဲ့ ... ငါ့ဘဝမှာ ထွန်းညီဆိုတာ လင်းနေနဲ့ အတူတူပဲ တစ်ကြိမ်တည်း သေဆုံးသွားခဲ့ပြီ ...

နှင်ဟာ ငါ့နှလုံးသားမှာ ဘယ်တော့မှ ပြန်မရှင်တော့ဘူး ... သေလူပဲ”

“ဟင့်အင်း ... မဖြစ်ရဘူး ... နှင် ငါ့ကို တစ်ချိန်မှာတော့ ပြန်ပြီး ခွင့်လွှတ်လက်ခံလာစေရမယ် ... ဘယ်အချိန်ဖြစ်ဖြစ် အဲဒီအချိန်ထိ ငါ ကြိုးစားနေမှာပဲ၊ ငါ နှင့်ကို ဘယ်တော့မှ အဆုံးရှုံးမခံဘူး စာမရီ ...

ငါ နှင့်ကို သိပ်ချစ်တယ် ...”

“ငါကတော့ နှင့်ကို သိပ်မုန်းတယ် ထွန်းညီ ...”

“ချစ်တယ် ... ငါကတော့ နှင့်ကို သိပ်ချစ်တယ် ... နှင့်ဆီက ခွင့်လွှတ်ကျေအေးမှုကို မရမချင်း ငါ





တောင်းခံနေမှာပဲ ... နှင့်စိတ်တွေ အဲဒီလောက်တောင် မာကျောပြောင်းလဲသွားတာ ငါ ယုံကိုမယုံနိုင်ဘူး ... နှင် ငါ့ကို ခွင့်လွှတ်မှဖြစ်မယ် ...”

“ခွင့်မလွှတ်ဘူး ...”

စာမရီသည် အသံကုန် အော်ပစ်ခဲ့ကာ အိမ်ပေါ်သို့ တအားပြေးတက်လာခဲ့သည်။ ရင်ထဲတွင် ဆန့်ကျင်ဘက်ခံစားချက်နှစ်မျိုး ပြင်းထန်စွာ တိုက်ပွဲဖြစ်လျက်ရှိသည် ...။

အချစ်နှင့် အမုန်း ...

ခွင့်လွှတ်မှုနှင့် ... နာကြည်းမှု ...

တောင့်တမှုနှင့် ငြင်းဆန်ခါးသီးမှု ...

သူမ ရင်ထဲတွင် မူးနောက်ချာလည်လာသည်။ ရူးတော့မတတ် ဖြစ်လာသည်။ ထွက်ပေါက်မရှိ ချောင်ပိတ်မိလာသည်။

သူမ ထွက်ပြေးသွားချင်သည်။ ဒီနေရာမှ လွတ်ကင်းရှင်းသော နေရာတစ်ခုဆီသို့ ... တစ်ကိုယ်တည်း လွင့်စင်သွားချင်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ပြီဖြစ်သော လင်းနေ၏ အရိပ်တွေသည်

နေရာတကာမှ သူမကို စောင့်ကြည့်နေသည်။

ထွန်ရှုံကို ခွင့်လွှတ်လိုက်လျှင် လင်းနေအသေ

ရက်ရက်စက်စက် မတရားရာကျမှာကို သူမ စိုးရွံ့ကြောက်

လေသည်။





## အခန်း(၁၂)

ကို ထွက်ပေါက်တစ်ခု ရှာဖွေပေးခဲ့ကြသူတွေမှာ ...

တို့ သူငယ်ချင်းတစ်အုပ် ဖြစ်လေသည်။

"လင်းနေအတွက် နင် ခံစားနေရမယ်ဆိုတာ ငါတို့

သိပါတယ်ဟယ် ... အခုဟာက မယ်သီတာက ...

ရှေ့လဆို L.Aကို ထွက်တော့မှာဆိုတော့ သူငယ်ချင်း

တွေ ဂဲသရင်းနောက်ဆုံးအနေနဲ့ ချောင်းသာကို သွားကြ

မှာ ... နင် လိုက်ခဲ့ပါဟယ် ... ငါတို့ မိနီဘတ်(စ်)က

လေးတောင် ငှားပြီးပြီ၊ စိတ်ပြေလက်ပျောက်ပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သီဂိက ဆိုသည်။ သူမ ချက်ချင်းပင် ဝမ်းသာသွားကာ ...

"အေး ... လိုက်မယ် ... ငါလဲ စိတ်တွေဆင်းရဲပြီး ဒီကိုက်နေတာ ... အတော်ပဲဟယ် ... လိုက်မှာပေါ့ ... ဘယ်နေ့သွားမှာလဲ ..."

ဟု ချက်ချင်းပင် တက်တက်ကြွကြွ သဘောတူလိုက်လျောလိုက်လေသည်။

"အမယ်လေး ... တော်ပါသေးရဲ့ ... ငါက အတော့်ကို ချော့မော့သိမ်းသွင်း ခေါ်ယူရမယ် ထင်နေတာ ..."

"သူငယ်ချင်းတွေနဲ့ ပြန်ဆုံရမယ်ဆိုတော့ ... ငါ့စိတ်တွေ အတော်ပြောင်းလဲသွားမှာပဲ ..."

"အေးပါ ... အေးပါ ... လာမယ့်စနေနေ့ မနက်စောစော နင့်ကို လာခေါ်မယ်၊ အဆင်သင့်ပြင်ထားနော် ..."

သီဂိ ဖုန်းချသွားသည်။

ဖေဖေနှင့်မေမေကလည်း နှစ်လိုကြည်ဖြူစွာပင် လိုလားခွင့်ပြုလေသည်။





"သွားသင့်တာပေါ့ သမီးရယ်၊ သူငယ်ချင်းတွေနဲ့ပဲ"

ဟု ဆိုလေသည်။

စနေနေ့တွင် သူမက စိတ်လက်ရွှင်လန်းပေါ့ပါးစွာဖြင့် ခြံဝမှာပင် ထွက်စောင့်နေခဲ့သည်။ သီဂိတို့ ငှားလာသော မီနီဘတ်(စ်)ကလေးပေါ်တွင် သူငယ်ချင်းတွေ တစုတဝေး တပျော်တပါးကြီး ပါလာကြသည် ...။

"ငါ ကြိုပြောထားတယ်နော်၊ လင်းနေအကြောင်း မမေးကြေး၊ ထွန်းညီအကြောင်း မပြောကြေး ... ငါ အားလုံးမေ့ထားချင်တယ် ..."

ဟု သူမက စတင်ပြောထားလိုက်သဖြင့် သူငယ်ချင်းတွေက ... နားလည် သိတတ်စွာဖြင့် ဘာမှ မပြောကြတော့။

ရန်ကုန်မှ မထွက်ခင် စိတ်တိုင်းကျမှာ မုန့်ဝင်စားကြသေးသည်။ ထို့နောက် ကားဆက်ထွက်ခဲ့ကြပြီး ဘယ်လောက်မှ မကြာလိုက် ... ညောင်တုန်းလမ်းမပေါ်သို့ ရောက်လာချိန်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နောက်မှာ ဆိုင်ကယ်လ်တစ်စင်း ပါလာတ

ထွင့်ညီ များလား ..."

ဟု တ

သူမတို့ ကားနောက

သည်။ ထိုဆိုင်

"ကြည့်စမ်း သင်း လိုက်လာ လို

သတင်းအနံ့ခံပြီး ပါလာတယ်မသိဘူး င်

ဘာဖြစ်လို့ ဒီလောက်သည်းကြီးမည်းကြီး ဖွဲကောင်းနေ

တယ် မသိဘူး"

သူမ စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိသည်။

"ငါတို့ လုံးဝမပြောဘူးနော်၊ ထွင့်ညီနဲ့ အဆက်အသွယ်

ပြတ်နေတာတောင် ကြာလှပြီ"

"ငါတို့လည်း မပြောဘူး"

"အဖြစ်နိုင်ဆုံးကတော့ ဒီကောင် စာမရီ့အိမ်ကို ဖုန်း

ဆက်တယ် ထင်ပါတယ် ... အန်တီနဲ့တွေ့ပြီး စာမရီ

ချောင်းသာ သွားတယ်လို့ ပြောလိုက်လို့ ... ဒီလမ်း





ကြောင်းအတိုင်း လိုက်လာတာ ဖြစ်မယ် ... ငါတို့

စိတ်တိုင်းကျမှာ မုန့်ဝင်စားလိုက်တာ အချိန်ကြာသွား

တော့ ဒီကောင် မီလာတာနေမှာပေါ့ ..."

"ထားလိုက်ပါဟယ် ... သူ စာမရီ့ကို ပြန်လိုက်နေတာ

ဖြစ်မယ် ..."

စသဖြင့် သူ ၏ တစ်ယောက်တစ်

ာလုံ ရှုပွက်လာသည်။

ကို ဘယ်သူမှ မသိ

လွှတ်ဘူး ... လင်းနေ သေရတာ သူ့

င့် ..."

"ဟယ် ..."

အားလုံး တအံ့တသြ ဖြစ်သွားကြသည်။ သူမ၏

နည်းမှုဖြင့် တဆတ်ဆတ် တုန်ယင်လာသည်။

းလုံး နားမလည်နိုင်သော၊ အံ့အားသင့်

များဖြင့် သူမကို ဝိုင်း၍ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးထဲ မျက်ရည်များ ပြည့်လာသည်။ အားလုံး မနေ့က ဖြစ်ခဲ့သလို လတ်လတ်ဆတ်ဆတ် ပြန်ဖြစ်လာသည်။

လင်းနေ၏ အပြစ်ကင်းမဲ့၊ ကြည်လင်သန့်စင်သော မျက်နှာကို သူမ ပြန်မြင်လာသည်။ လင်းနေနှင့်အတူ အိပ်မက်ဆိုးထဲ ပါဝင်ခဲ့ရသော Accident ကို သွေးပျက်ခြောက်ချားစွာ ပြန်မြင်ယောင်လာသည်။ ကျယ်လောင်လှသော တိုက်ခိုက်မြည်ဟည်းသံကြီးကို ပြန်ကြားယောင်သည်။ လင်းနေရဲ့ နောက်ဆုံးမျက်နှာကိုပင် မတွေ့မမြင်လိုက်ရဘဲ လင်းနေ ပျောက်ဆုံးကြွေလွင့်ခဲ့ရတာကို ပြန်ခံစားလာသည်။ ထိုအာရုံတို့ဖြင့် သူမ ရူးမတတ် သွေးပျက်ခံစားလာရသည်။

ထွင့်ညီ၏ ဆိုင်ကယ်လ်သည် သူမတို့ကားကို အမီလိုက်လာသည်။ သူငယ်ချင်းအားလုံးက သူမနှင့် သူ့ရဲ့ အဖြစ်အပျက်ကို ပါဝင်စွက်ဖက်ခြင်း မရှိဘဲ ပွဲကြည့်ပရိသတ်သဖွယ် စိတ်ဝင်တစား ဝိုင်းကြည့်နေကြသည်။ ဆိုင်ကယ်လ်သည် ကားနှင့် ယှဉ်ရက်ဖြစ်လာသည်။ သူမသည် ကားပြတင်းဘက်မှာ ထိုင်နေခဲ့သောကြောင့် ဆိုင်ကယ်သံ ဆူညံစွာ ချဉ်း





ကပ်လာသည်ကို သိလေသည်။ သို့သော် ... သူမ လှည့်မကြည့်ဘဲ မျက်လုံးစုံမှိတ်ကာ အံတင်းတင်းကြိတ်ထားလေသည်။

"တာမရီ ... ငါ့ကို ခွင့်လွှတ်ပါကွာ ... နင် ခွင့်မလွှတ်မချင်း ငါ တောင်းပန်ပါတယ် ..."

သူက ဖဲလ်မက်ကို ချွတ်လိုက်ကာ လေကိုခွင်း၍ ကျယ်လောင်စွာ အော်ပြောသည်။

"ခွင့်မလွှတ်ဘူး၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ... လူမဆန်တဲ့လူနဲ့လည်း ပြန်မပတ်သက်ချင်တော့ဘူး"

သူမသည် ကိုယ့်ဘာသာကျိတ်၍ ရေရွတ်နေသည် ...။ လင်းနေနှင့် သူမတို့၏ ကားနောက်သို့ လိုက်၍ နှောင့်ယှက်ပြန်ပြီ ဟု နာကျင်စွာ တွေးသည်။

"တာမရီ ... ငါ နှင်းဆီ(၁၀၁)ပွင့်တိတိ ယူလာခဲ့တယ်၊ နင့်ကို ပေးချင်လို့ ... အဓိပ္ပာယ်ကတော့ ၁၀၁ ပွင့် နှင်းဆီဆိုတာ ထာဝရ ... ထာဝစဉ် ဆိုတဲ့ အဓိပ္ပာယ်ပဲ ... နင့်ကိုချစ်တဲ့ ငါ့အချစ်ရဲ့ အထိမ်းအမှတ် သင်္ကေတ ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကို ခွင့်လွှတ်ကျေအေးမယ်ဆိုရင် ... ငါ့ ပန်းတွေကို လက်ခံယူပေးပါကွာ ... နင် အဲ့ဒီလိုကြီး ဖြစ်နေတာကို ငါ မနေတတ်ဘူး"

သူ့ဆိုင်ကယ်လ်သည် သူရှိရာ ပြတင်းပေါက်နှင့် တည့်တည့်နီးကပ်လာသည် ...။ သူက ဟဲလ်မက်ကို လွှင့်ပစ်လိုက်ပြီး ... ပန်းနုလွလွနှင်းဆီပန်းစည်းကို ပြတင်းကနေ သူမဆီ လှမ်းပေးဖို့ အားထုတ်နေသည်မှာ သက်စွန့်ဆံဖျားနိုင်လှစွာ အသည်းထိတ်ရင်ဖို ဖြစ်လာသည်။ သူမ စကားမပြောဘဲ နေလို့မရတော့ ... သူ့ဘက်လှည့်လိုက်ကာ ...

"ငါ နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်၊ မကျေအေး တော့ဘူးလို့ ပြောပြီးပြီနော် ...

နင် ဘယ်လိုပဲ စွန့်စားစွန့်စား ... ငါ့နှလုံးသားက ခွင့်မလွှတ်တတ်တော့ဘူး၊ မချစ်တတ်တော့ဘူး ... အမုန်း၊ အမျက်၊ အငြိုးတွေပဲ ရှိတော့တယ် ... နားလည်လား ..."

ဟု သူမက အော်သလို ... တခြားပြတင်း





ပေါက်တွေမှ သီဂီတို့ ခင်မတို့ကလည်း ခေါင်းတွေ ပြူထုတ်ကာ စိုးရိမ်တကြီး လှမ်းအော်သတိပေးကြသည်။

"ထွဋ်ညီ ... နင် သိပ်စတန့်မထွင်နဲ့နော် ... အန္တရာယ် သိပ်များတယ် ... ဒီလိုကြီး ယှဉ်မောင်းမနေနဲ့ ... တစ်ဘက်က ကားလာရင် နင် သေလိမ့်မယ် ..."

"သေသေကွာ ... ငါ သေရဲတယ် ..."

သူက ဗိုပြီး မိုက်မဲခေါင်းမာလှသည်။ သွေးရူးသွေးတန်း ဖြစ်လာသည်။ လက်ထဲက နှင်းဆီပန်းစည်းကို ပြတင်းပေါက်မှတစ်ဆင့် စာမရီ့ထံသို့ လှမ်းပေးပြန်သည်။

နှင်းဆီနံ့တွေ သင်းခနဲ ထုံအီသွားသည် ...။ သူမက နှင်းဆီတွေကို ပုတ်ချလိုက်သည်။ သူ့ဆိုင်ကယ်လ် အနည်းငယ် လူးယိုင်သွားတော့ ... ကားပေါ်မှ သူငယ်ချင်းတွေရဲ့ အာမေဋိတ်သံတွေ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒုက္ခပါပဲ ... အသည်းယားလိုက်တာဟယ် ... ဒီကောင် တော့ သေတော့မှာပဲ၊ စိတ်ညစ်လိုက်တာနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"စာမရိုရယ် ... လှမ်းယှလိုက်စမ်းပါတော့ ... ဆိုင်ကယ်လ်များ မှောက်သွားလို့ကစော့တော့ဟယ် ..."

"သေ သေ ... မယှဘူး၊ ငါ သူနဲ့ မပတ်သက်ချင်တော့ပါဘူးလို့ ဘယ်နှခါပြောရမလဲ ... သူ့ဘာသာ အဲသဲမဲမဲ ဖြစ်နေတာ ... ငါနဲ့သူ ဘာမှ မဆိုင်တော့ဘူး"

ပဋိပက္ခသည် ပို၍ ပို၍ ပြင်းထန်လာသည်။ စာမရိသည် ... ဤဆိုင်ကယ်ဖြင့် သူ နှောင့်ယှက်အကျပ်ကိုင်ခဲ့ဖူးသဖြင့် လင်းနေ ဒုက္ခရောက်ရသည်ကို အာရုံထဲတွင် စွဲမြဲနေသဖြင့် ဘယ်လိုမှ စိတ်မလျှော့နိုင် ...။

တစ်ချက်တစ်ချက်တွေမှာ မျက်နှာချင်းဆိုင်မှ ကားတွေ ဝေါခနဲ၊ ဝေါခနဲ ဖြတ်ဖြတ်သွားကြလျှင် ကားနှစ်စီးကြားမှာ သူ ညပ်လုမတတ် ဖြစ်နေသည်မှာ အသက်ရှူမှားလောက်အောင် သည်းထိတ်ရင်ဖို ရှိလှသည်။

"တစ်ယောက်ယောက် လျှော့လိုက်ကြပါတော့ ... မဟုတ်ရင် တစ်ခုခုတော့ ဖြစ်တော့မယ်၊ ဒါမှ မဟုတ် ကားရပ်နိုင်းလိုက်တော့မယ် ..."





"မရပ်နဲ့၊ ဘာလို့ရပ်ရမှာလဲ ... ကားဆရာရေ ဆက်မောင်းပါ၊ သူ မလိုက်နိုင်အောင် အရှိန်မြှင့်ပြီးသာ ဆက်မောင်း ..."

"စာမရိ၊ နင် ဘယ်လိုဖြစ်လို့ ဒီလောက် အသည်းမာသွားရတာလဲ၊ ထွန်းညီက နင့်ချစ်သူဟောင်းပါဟယ်၊ သံယောဇဉ်လက်ကျန်ကလေးနဲ့ ခွင့်မလွှတ်နိုင်တော့ဘူးလား"

"ငါ အသည်းမာအောင် သူ ပုံသွင်းခဲ့တာ၊ ချစ်သူဟောင်းဆိုတဲ့ သမိုင်းကိုတောင် ငါ ဖျက်ဆီးပစ်ချင်တာ၊ ဘာသံယောဇဉ်မှ လက်ကျန်မရှိတော့ဘူး၊ လုပ်မနေနဲ့ လင်းနေကို သတ်တာ သူပဲ ... နင်တို့ သိလား ... ငါက ဒီအဖြစ်အပျက်ကို အစအဆုံး မျက်မြင်ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ ... ငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ မမေ့ပျောက်နိုင်ဘူး"

ကားပေါ်မှာ သူမနှင့် သိင်္ဂီတို့ အတိုက်အခံပြောနေကြသလို ထွန်းညီကလည်း ဖွဲလျှော့မည့်ဟန်မမြင် ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်လ်ကို သူမတို့ကားနှင့် ယှဉ်လျက်ကပ်ပါလာသည်။

"စာမရီ၊ နှင့်ဆီက ငါ အကြားချင်ဆုံး စကားဟာ ငါ့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားပဲကွာ၊ အဲ့ဒါ ကြားရရင် ငါ သေပျော်ပြီ ... နှင်းဆီတွေ လက်ခံ ပေးစမ်းပါဟာ ...နှင်ဟာ ငါ့ရဲ့ ထာဝရပါ ... နှင့်လောက် ဘာကမှ ငါ့ဘဝမှာ အရေးမပါဘူး ...

ခွင့်လွှတ်လိုက်ပါတော့ကွာ၊ ငါ့ကို ဒီတစ်ကြိမ် တော့ အခွင့်အရေးပေးပါဦး ... ငါ နှင့်ရဲ့ ချစ်သူဘဝက် ပြန်လိုချင်တယ်၊ ဒီတစ်ခါတော့ ငါ ဘာနဲ့မှ မလဲတော့ ဘူး ... မမိုက်တော့ဘူး ... သစ္စာလဲ မဖောက်တော့ ဘူး ..."

"နှင် သေလို့ရတယ် ထွန်းညီ၊ သေလိုက်တော့ ... အားလုံး အရာရာ နောက်ကျခဲ့ပြီးမှ နှင့် နောင်တတွေ ကတိတွေကို ငါ ဘာလုပ်ရမှာလဲ ... သေလိုက်တာ နှင့်အတွက် အကောင်းဆုံးထွက်ရပ်ပဲ ..."

စာမရီသည် ဒေါသတကြီး အော်ပစ်လိုက်သည်





စိတ်လိုက်မာန်ပါလွန်းသောကြောင့် မျက်လုံးများ စူးရဲပြင်း ထန်နေမှာ အသေအချာပဲ ဖြစ်သည်။ သူက တစ်ချက်မော့ ကြည့်ခိုက် ... သူမ၏ အမုန်းအမျက်ကို ခံစားလို့ရသွားသလို သူ့မျက်နှာတစ်ပြင်လုံး ညှိုးချုံးနွမ်းလျသွားသည်။

ထို့နောက် သူက နှင်းဆီပန်းစည်းကို တစ်ကြိမ် လှမ်းပေးပြန်သည်။

"ဒီလောက်တောင် ဖြစ်လှတာ ..."

သူမက နှင်းဆီပန်းစည်းကို ရုတ်တရက် လှမ်းယူ လိုက်ပြီး လမ်းမပေါ်သို့ ပစ်ပေါက်ချလိုက်သည်။ အဲ့ဒီအချိန်မှာ သူ ကစဉ့်ကလျား ဖြစ်သွားခြင်းဖြစ်သည် ...။ နှင်းဆီစည်းကို ပြန်ကောက်ဖို့ သူ အာရုံပြောင်းသွားကာ ... လမ်းမပေါ် ကြဲလွင့်နေသော နှင်းဆီတွေကို ပြန်လှည့်ကြည့်ဆဲ ... ဆိုင် ကယ်လ်သည် ယိမ်းယိုင်သွားကာ ... ရုတ်တရက် အရှိန် မထိန်းနိုင်ဘဲ ... ချော်ထွက်မှောက်ကျသွားလေသည်။

"အမယ်လေး ... သွားပြီ ... ဆိုင်ကယ်လ် မှောက်သွား ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နောက်မှာ ကားပါလာတယ် ... သွားပြီ ... သွားပြီ ... တိုက်မိပြီ ... ထွင့်ညီကို ကားတိုက်မိပြီ ..."

"ကားရပ်ပါ ... ကားရပ်ပါ ... ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး ... ပြဿနာတော့ ဖြစ်ကုန်ပြီ ..."

အသံတွေ ပွက်ပွက်ညံသွားသည့်ကြားတွင် စာမရီသည် ထုံထိုင်းကြောင်အ,သွားကာ မတုန်မလှုပ်ဖြစ်သွားသည်။ ကားပေါ်မှ လူတွေ ဝုန်းဒိုင်းကြဲ ဆင်းသွားကြသည်။ သူမ တစ်ယောက်တည်း ကျန်ရစ်ကာ ... နောက်သို့ (လမ်းမပေါ်သို့) လှည့်မကြည့်ရဲ ...။

"ကားတိုက်ပြီဟေ့ ..."

ဟု အော်ဟစ်ဆူညံသံတွေ ... လူတွေ ဝိုင်းအုံလာသည်။ စာမရီသည် နေရာမှာ မလှုပ်မယှက် ရပ်ကာ ... ရင်ထဲတွင် ဟာလာဟင်းလင်းကြီး ပွင့်နေသည်။

ဘာတွေဖြစ်ကုန်ပြီလဲ ...။ ငါ ဘာတွေလုပ်မိလိုက်သလဲ ...။ ထွင့်ညီ ဘာဖြစ်သွားပြီလဲ ...။ သူမ ဘာမှစဉ်းစားလို့ မရတော့လောက်အောင် အာရုံသိမှုတွေအားလုံး ထုံကျဉ်နေ





သည်။ ဘာကိုမှ မသိတော့သလို ဖြစ်နေသည်။ နားထဲတွင် လေတိုးသံတွေ တဝေါဝေါဆူညံနေသလို လူက လွင့်စင်ပေါက်ကွဲနေသည်။

"ဆေးရုံ ပို့ရအောင်၊ ဆေးရုံပို့မယ် ... လူတွေ ဘေးဖယ်ပေးကြပါ ... အဲ့ဒါ ကျွန်မရဲ့ သူငယ်ချင်းပါ ... ကျွန်မတို့ကားနဲ့ပဲ သူ့ကို ဆေးရုံပို့မယ် ..."

သီဂီ့အသံကို အနီးကပ်ကြားရသည်။ လူတ သူ့ကို ပွေ့ချီကာ ... ကားပေါ်သို့ တက်လာကြသည်။ သူ သည် တစ္ဆေသရဲတစ်ကောင်ကို လှမ်းကြည့်မိသလို ထိတ်လ ချောက်ချားခြင်းများဖြင့် သူ့ကို လှမ်းကြည့်မိသည်။ အို သ တစ်ကိုယ်လုံး သွေးရောင်ချင်းချင်းနီလျက် ရှိသည်။

ပိုဆိုးသည်မှာ သူက ဂျာကင်အဖြူဝတ်ထား သည်မို့ ထိုအင်္ကျီအဖြူပေါ်မှာ သွေးနီနီတွေ စီးကျပေကျံနေသည်က ပို၍ ထင်ရှားလာသည်။

"စာမရီ ... စာမရီ ..."

ဟု သူ အော်ဟစ်နေသံကို ကြားရသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



မင်သက်ကြောင်ငေးနေချိန်မှ သတိပြန်ဝင်လာသည်။ သူ့ဘေး တွင် သူငယ်ချင်းတွေ ဝိုင်းအုံနေသည်မို့ သူမ ချက်ချင်း တိုးမပေါက် ...။

"ကားဆရာရေ ... ရန်ကုန်ကိုပဲ အမြန်မောင်းပေးပါ၊ ဆေးရုံကြီးပို့မယ် ..."

"ထွန်းညီ၊ ထွန်းညီ ... နင် သတိထားစမ်း ... စိတ်တင်း ထားစမ်း ... နင် ဘာမှ မဖြစ်စေရဘူး ..."

သီဂီက ထွန်းညီကို ပွေ့ပိုက်ထားလျက် တတွတ် အားပေးနေသည် ...။

"ထွန်းညီ ... ထွန်းညီ ..."

သူ ငြိမ်သက်သွားသည်။

"အသက်တော့ ရှူသေးတယ်၊ သတိလစ်သွားတာ ခေါင်းနောက်က သွေးတွေ တအား ထွက်တာပဲဟယ် ဒုက္ခပါပဲ၊ ဦးလေး မြန်မြန်မောင်းပါ ..."

"ထွန်းညီ"

သူမ ဝုန်းခနဲ ခုန်လွှားတွန်းတိုက်၍ လှအ





ဖြိုခွဲကာ ထွန်းညီကို ဝင်ပွေ့လိုက်သည်။

ထိမထင် မာန်မာနရိပ်များ၊ မထိတရိ ပမာမခန့် သရော်မော်ကားရိပ်များ ကင်းစင်ပျောက်ကွယ်လျက် ငြိမ်သက် နေသော ထွန်းညီရဲ့ မျက်နှာကလေးပေါ်မှာ သူမ ပါးကလေးကို အပ်ချလိုက်သည်။

"ထွန်းညီ"

သူက သတိလစ်မေ့မြောနေသည်။ အသက်ရှူ ငွေ့ကလေးကို ခံစားရ၍သာ သူ မသေသေးဘူးဆိုတာ သူမ ယုံမှတ်ရတာဖြစ်သည်။ သူမ ရင်ပွင့်ကွဲထွက်သွားခဲ့ကာ ...

"ထွန်း ... ထွန်း ... နင့်ကိုငါ ခွင့်လွှတ်ပါတယ်၊ ခွင့် လွှတ်ပါတော့မယ်၊ နင် ဒီလိုဖြစ်စေလိုတဲ့ စေတနာမျိုး ငါ့မှာ စိုးစဉ်းမှ မရှိပါဘူးကွယ် ...

နင် သတိရလိုက်ပါတော့ ... ငါ မမုန်းနိုင်ပါဘူး၊ နင့်ကိုငါ ဘယ်လောက်နာကြည်းကြည်း ... နင်သာ အသက်ပြန်ရှင်မယ်ဆိုရင် နင့်ကို ငါ ခွင့်လွှတ်ကျေ အေးလိုက်တော့မယ် ... နင် မသေရဘူးနော်၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်မသွားပါနဲ့ ထွင့်ရယ် ... ထွင့်ရယ် ... နင့်ကိုငါ မုန်းလို့မရပါဘူး ... နင့်ကို ငါ ချစ်တယ် ... ထွင့် ... ကြားလားဟင် ...

ငါ့ကို မျက်လုံး ဖွင့်ကြည့်ပါကွယ် ... ငါ တစ်သက်လုံး တစိမ့်စိမ့် နောင်တတွေနဲ့ နှောင်ဖွဲ့ပြီး ကျန်ခဲ့အောင် မထားခဲ့ပါနဲ့ ...

အာဃာတတွေ သွားပါတော့ ... အငြိုးတွေ ... ကလဲ့စားတွေလဲ သွားကြပါတော့ ... နင် သတိရလာပါတော့ ထွင့်ရယ် ...”

ရေကာတာကြီး ကျိုးကျလာသလို ... သူမ ရင်တွင်းနက်ရှိုင်းသော နေရာမှာ ထိမ်ချန်သိမ်းမြုပ်ကွယ်ဝှက်ထားသော ခံစားချက်အစစ်အမှန်တွေ ပွင့်အန်သွန်ကျလာသည်။

သူကတော့ ငြိမ်သက်လျက် ... သတိကင်းမဲ့လျက် ...။

သူမ ငိုကြွေးမိသည်။ ဆောက်တည်ရာမဲ့စွာ သည်းထန်လှိုက်လှဲစွာ ငိုကြွေးလေသည်။





သူသာ သေသွားခဲ့ရင် ... ဟူသော ပူပန်ချောက်ချားစိတ်သည် သူမ နှလုံးသားအံ့လိုက်ကို ဆွဲဖြုတ်ယူငင်လိုက်သလို နှလုံးသားသည် လည်ချောင်းဝသို့ ဆောင့်တက်လာခဲ့သည်။

“ထွင့်ရေ ... ငါတို့နှစ်ယောက်လုံး မှားခဲ့ကြတာပါ• ... ချစ်သူချင်း အရှုံ့တိုက်ခဲ့မိတာ အမှားဆုံးပဲ ... ခုတော့ အားလုံး အမှားတွေနဲ့ ပြည့်နှက်နေပြီ ...

ငါ အမုန်းတွေ၊ နာကြည်းတာတွေ၊ ခွင့်မလွှတ်နိုင်တာတွေ မခံစားနိုင်တော့ဘူး ... နင် သတိပြန်ရပါတော့ ထွင့်ရယ် ... ငါ ခွင့်လွှတ်တာကို နင် သိပ်လိုချင်တာဆို ... ငါ ပြောပါမယ် ... ငါ ... ငါ ...”

သူမ ရင်ထဲ ပြင်းထန်သော လှိုင်းလိပ်ကြီးတစ်လိပ် ဆို့တက်လာကာ ... သူမ မျက်လုံးတွေ ပြာနှမ်းဝေဝါးလာသည်။ ချာချာလည် မူးနောက်လာသည်။ ဝေဒနာတစ်ခုသည် သူမ နှလုံးသားကို ပြင်းထန်စွာ ဆွဲဆုတ်ခြေမွလိုက်သလို အသက်မရှုနိုင်လောက်အောင် နင့်သွားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... သူမ အသိစိတ်များ လွင့်စင်ကာ မှောင်မိုက်မည်းနက်သွားတော့သည်။ ဘာကိုမှ သူမ မသိတော့။





"စာမရီ၊ စာမရီ ... ဟဲ့ ... လုပ်ကြဦး ... စာမရီ သတိလစ်သွားပြီ ... ဒုက္ခပါပဲ ... စာမရီ့ကို ဝိုင်းမ,ပေးကြပါဟဲ့ ... ခုတန်းပေါ်တင် ... တံခါးတွေ ဖွင့်ပေးထား၊ ဒုက္ခပဲ ... နှစ်ယောက်စလုံး သတိတွေလစ်ကုန်ပြီ ... ငါတို့လဲ ဘာမှမလုပ်တတ်ဘူး ...

ဦးလေးရေ ...ကားကို အမြန်သာမောင်းပါ ..."

သိင်္ဂီတို့သည် ယောက်ယက်ခတ်နေဆဲ ထွန်းညီသည် လှုပ်ရှားလာသည် ...။

"စာမရီ ... စာမရီရော ... ငါ တွေ့ချင်တယ် ... သူ ခွင့်လွှတ်တာ ငါ ကြားပါရစေ ..."

ဟု လေသံခပ်သဲ့သဲ့ ပြောလေသည်။

"ထွန်းညီ ... စာမရီက နင့်ကို ခွင့်လွှတ်တယ် ... သူ ...



www.burmeseclassic.com

www.burmeseclassic.com



သူ သတိလစ်သွားလို့ ...”

“ငါ မယုံဘူး ... ငါ သူ့အသံနဲ့ သူ့မျက်နှာလေးကို မြင်ချင်တာ ...”

သူ့ပါးစပ်မှ သွေးတွေ ပွက်ခနဲအန်ထုတ်လာတာကို သိဂ်ိဳတို့တွေ မမြင်ရက်ကြ ...။

“စာမရီ ... စာမရီ့ကို သွားကြည့်ကြပါဦး ... သူ သတိမရသေးဘူး ...”

“ငါ ... နောက်ဆုံး ... ကြားချင် ... ငါ ... စောင့် ... စောင့်မယ် ...”

ထွန်းညီသည် ... အသက်ကို ပြင်းစွာရှူနေရသည်။ အတင်းကြုံးရုန်း၍ ထပို့ကြိုးစားလေသည်။

“ထွန်းညီ ... မထနဲ့ ... မထနဲ့ ... အားတင်းထားပါ သူငယ်ချင်းရယ်၊ ရန်ကုန်ထဲ ပြန်ရောက်လာပြီ ... ဆေးရုံကြီးကို သွားနေပြီ ...”

“သူ ခွင့်လွှတ်တာ ... ငါ ... ကြားချင် ... ငါ ... အသေမဖြောင့် ...”





ပါးစပ်ထဲမှ သွေးတွေ အန်ပြန်သည်။ ခေါင်းက ဒဏ်ရာကို အဝတ်သန့်သန့်ဖြင့် စည်းနှောင်ထားသည့်ကြားမှ သွေးတွေ စိမ့်ရွဲနစ်နေပြီ ...။

သူငယ်ချင်းတွေ အားလုံး မျက်ရည်ကျကြရသည် ...။

“ခွင့်လွှတ်ပါကွာ ...”

သူ တစ်လုံးချင်း ကြိုးစား၍ ပြောရင်း ရင်ဘတ်သည် မို့မောက်တက်လာသည်။ ထို့နောက် သူ တစ်ချက်ရှိုက်ကာ ... ငြိမ်သက်သွားလေသည်။ မျှော်လင့်နေသော သူ၏ ဇက်သည် စောင်းကျသွား၏ ...။

“ထွန်းညီ ... ဘုရားရေ ... နင် မသေရဘူးနော်၊ မသေရဘူး ...”

သိဂ်ိဳသည် အလန့်တကြား ထွန်းညီ၏ ရင်ဘတ်ပေါ်သို့ နားကပ်၍ နားထောင်သည်။ ဘာသံမှမကြားရ၊ တိတ်ဆိတ်ငြိမ်သက်စွာ။

နှာခေါင်းထိပ်မှာ လက်ညှိုးခံလျက် အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ကို ခံယူကြည့်သည်။ အသက်မရှူတော့ ...။ လည်ပင်းရှိ သွေးကြောကို စမ်းကြည့်သည်။ သွေးခုန်တိုးသော လှုပ်ရှားမှု မရှိ ...။

"ထွင့်ညီ ... နင် ... နင် ..."

သီဂီတို့အားလုံး ထိတ်လန့်တုန်လှုပ်စွာ ငိုကြွေးမိကြသည်။

"ထွင့်ညီရယ်၊ မဖြစ်သင့်ဘူး၊ ဒါ မဖြစ်သင့်ဘူး၊ ချစ်သူနှစ်ယောက်ဟာ အဲ့ဒီလို တော့လွဲကလေး လွဲဖို့မ ကောင်းဘူး ... နင် မသေပါနဲ့ဦးဟယ် ... စာမရီက ခွင့်လွှတ်တယ်တဲ့ ... နင် နားထောင်သွားမှဖြစ်မယ်၊ ဒါမှ နင် အသေဖြောင့်မှာလေ ...

နင် စာမရီ့ဆီက ဘာမှ မရဘဲနဲ့ မထွက်သွားပါနဲ့ဦး ..."

သူမတို့အားလုံး ယူကျုံးမရ ကြေကွဲဝမ်းနည်းနေကြဆဲ ... စာမရီသည် ငေါက်ခနဲ ထ,ရပ်သည်။

"ထွင့် ... ထွင့် သတိရပြီလားဟင် ... ထွင့် ..."





ဟု သွေးရူးသွေးတန်း အော်လျက် ထွင့်ညီဆီသို့ ဒယီးဒယိုင် လျှောက်လာသည်။

ကားက အရှိန်ဖြင့် မောင်းနေဆဲ ...။

စာမရီသည် ... အသက်ကင်းမဲ့ငြိမ်သက်နေသော ထွင့်ညီကို ရင်ခွင်တွင်းသို့ ဆွဲသွင်းပွေ့ယူလိုက်ကာ ... ထွင့်ညီ မျက်နှာကလေးကို ... မြတ်နိုးကြင်နာခြင်း များစွာဖြင့် ငုံ့ကြည့်ကာ စောင့်ဆိုင်းလေသည်။

ထွင့်ရယ်။ တကယ်တော့ နောင်တဆိုတဲ့အရာဟာ ချင်သူတွေရဲ့ကြားကို ဘယ်တော့မှ မလာသင့်တဲ့ ဧည့်သည်ပါ။ တို့နှစ်ယောက်ဟာ ... ဒီနေ့ကစလို့ တစ်ယောက်ကိုတစ်ယောက် အမွဲ့မတိုက်ကြေး ...။ မာန်မာန မထားကြေး ...။ ခွင့်လွှတ်နားလည်ကြေးနော် ...။

အို ... ငြိမ်သက်လှချည်လား ထွင့်ရယ် ... ထွင့်ဆိုတာ ငြိမ်သက်ခြင်းရဲ့သင်္ကေတ မဟုတ်ဘူးလေ။

အမြန်နိုးထလာခဲ့ပါ ထွင့်ရယ်။

ကိုယ့်ချစ်သူရဲ့ မျက်နှာကလေးကို စေ့စေ့ငုံ့စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ခွင့်လွှတ်ပါတယ်၊ ကျေအေးပါတယ် ... လို့ ပြောရတဲ့ အရသာဟာ ဘယ်လိုအရသာလဲဆိုတာ ငါ ခံစားကြည့်ဖူးပါရစေ ...

နိုးထ,လာပါတော့ကွယ် ...

စာမရီ့ ပါးပြင်ပေါ်က မျက်ရည်ကြောင်းကလေးသည် ခုန်ပေါက်လိမ့်ဆင်းကာ ... ထွင့် ပါးပြင်ပေါ်သို့ စီးကျသွားလေသည်။

စာမရီသည် ... ထွင့်ရဲ့ လက်နှစ်ဖက်လုံးကို မြဲမြံတင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားလျက် ... သူမ၏ နှလုံးသားတည်ရှိရာ နေရာမှာ ဖိကပ်ထားမိသည်။

နှလုံးသားဆီမှ ပူနွေးခုန်လှုပ်သော ဓာတ်တစ်မျိုးသည် ထွင့်ဆီသို့ ကူးစက်သွားမလားဟု ... သွေးရူးသွေးတန်း ထင်ယောင်မှတ်မှားဆဲ ...။





စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ ...

မေတ္တာအားဖြင့် ...



လွန်းထားထား

(ဆေးတက္ကသိုလ်)

• ၁၈၊ ၁၊ ၂၀၀၁။



www.burmeseclassic.com